# ရောင်းမှ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ စနေနေ့၊ (20-9-2014) (၇၉၆၉)


သူတော်ကောင်းတရားကို ကောင်းစွာ ကျင့်ရာ၏။ မကောင်းသဖြင့် မကျင့်ရာ၊ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)

## မိုးရွာသွန်းမှု

၁၉-၉-၂၀၁၄

| | |
|---|---|
| ပုသိမ် | ၄ ဒသမ ၂၁ လက်မ |
| မာန်အောင် | ၄ ဒသမ ၀၂ လက်မ၊ |
| ဝ | ၃ ဒသမ ၉၄ လက်မ |
| ဘီးလင်း | ၃ ဒသမ ၀၂ လက်မ |
| ငါးသိုင်းချောင်း | ၃ ဒသမ ၆၂ လက်မ |
| ကျောက်ဖြူ | ၃ ဒသမ ၄၇ လက်မ |
| သံတောင်ကြီး | ၃ ဒသမ ၃၁ လက်မ |
| ဘားအံ | ၃ ဒသမ ၁၉ လက်မ |

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# တိုင်းရင်းသားလူမျိုးများနှင့် ကျေးလက်ဒေသများ အမှန်တကယ်တိုးတက်ရန် လိုအပ်

**နေပြည်တော် စက်တင်ဘာ ၁၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက်(၁၀)နာရီတွင် အစီအစဉ်(၁၁)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ သဝဏ်လွှာဖြင့် ပေးပို့ထားသော ပို့ဆောင်ရေးဝန်ကြီးဌာနအတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း(၁၀၀)ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့်က ယခုနှစ်နှစ်၊ သုံးနှစ်အတွင်း ဧရာဝတီမြစ် ဖြတ်သန်းစီးဆင်းသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ရေစီးကမ်းပြိုမှုများ ခံစားရလျက်ရှိပါကြောင်း၊ အထူးသဖြင့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရေစီးကမ်းပြိုမှုများကြောင့် စိုက်ပျိုးယာမြေများဆုံးရှုံးရသကဲ့သို့ လူနေအိမ်ခြေများလည်း ဆုံးရှုံးခဲ့ပါကြောင်း၊ မိုးတွင်းရေစီးနှုန်းနှင့် ရေအနက်၏ဒဏ်ကို ဧရာဝတီမြစ်၏ မြေသားကမ်းပါးများသည် တောင့်ခံနိုင်ခြင်းမရှိပါကြောင်း၊ ရေထုထည်စီးဆင်းနှုန်းကို ထိန်းချုပ်နိုင်သည့်စနစ်ဖြင့် ဧရာဝတီမြစ်ကို ထိန်းချုပ်ရမည်ဖြစ်ပါကြောင်း၊ ရေစီးကမ်းပြိုမှုနှင့် ရေကြီးရေလျှံမှုများကို သိပ္ပံနည်းကျကျ ခေတ်မီအင်ဂျင်နီယာနည်းပညာများဖြင့် ဧရာဝတီမြစ်ကြီးကို ပြုပြင်ထိန်းသိမ်းပေးရန် အရေးတကြီး လိုအပ်လျက်ရှိပါကြောင်း ဆွေးနွေးသည်။

သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းက ပြည်သူများ၏ အသက်သွေးကြောအဖြစ် စိုက်ပျိုးရေရရှိရေး၊ ဒေသတစ်ခုနှင့်တစ်ခု ခရီးသွားလာရာတွင် အရေးပါသည့် ရေလမ်းကြောင်းအဖြစ်

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆**

# ဖြူးချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ ဓာတ်အားများ စတင်ထုတ်လုပ် ဓာတ်အားစနစ်အတွင်းသို့ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်လျက်ရှိ

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများအနက် စစ်တောင်းမြစ်ဝှမ်းဒေသရှိ ဖြူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း ဓာတ်အားပေးစက်ရုံ ၂၀ မဂ္ဂါဝပ်ဓာတ်အားပေးစက်နှစ်လုံးအနက် စက်အမှတ်(၁) သည် ဩဂုတ် ၈ ရက်တွင်လည်းကောင်း၊ စက်အမှတ်(၂) သည် ဩဂုတ် ၂၉ ရက်တွင်လည်းကောင်း လျှပ်စစ်ဓာတ်အားများ စတင်ထုတ်လုပ်လျက်ရှိပြီး ဓာတ်အားစနစ်အတွင်းသို့ ပို့လွှတ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် စစ်တောင်းမြစ်ဝှမ်းဒေသတွင် ရေအားလျှပ်စစ်အရင်းအမြစ်(၁၃)ခုဖြစ်သည့် ပေါင်းလောင်း(၂၈၀ မဂ္ဂါဝပ်)၊ ခပေါင်း(၃၀ မဂ္ဂါဝပ်)၊ ဖြူးချောင်း( ၄၀ မဂ္ဂါဝပ်)၊ကွန်းချောင်း (၆၀ မဂ္ဂါဝပ်)၊ ရဲနွယ်(၂၅ မဂ္ဂါဝပ်)၊ ဇောင်းတူ (၂၀ မဂ္ဂါဝပ်)၊ နန်ချို(၄၀ မဂ္ဂါဝပ်)၊ အလယ်ပေါင်းလောင်း (၁၀၀ မဂ္ဂါဝပ်)၊ အထက်ပေါင်းလောင်း (၁၄၀ မဂ္ဂါဝပ်)၊ သောက်ရေခပ်(၁) (၁၅၀ မဂ္ဂါဝပ်)၊ သောက်ရေခပ်(၂)(၁၂၀ မဂ္ဂါဝပ်)၊ဘောဂထ(၁၆၀ မဂ္ဂါဝပ်)၊ ရွှေကျင်(၇၅ မဂ္ဂါဝပ်) စီမံကိန်းများကို လျှာထားဆောင်ရွက်ခဲ့သည်။

အဆိုပါ စီမံကိန်းများအနက် ပေါင်းလောင်း၊ ခပေါင်း၊ ဖြူးချောင်း၊ ကွန်းချောင်း၊ ရဲနွယ်၊ ဇောင်းတူ၊ နန်ချို၊ သောက်ရေခပ်(၂)၊ ရွှေကျင်စသည့် စီမံကိန်းကိုးခု တည်ဆောက်ပြီးစီးခဲ့ပြီး တည်ဆောက်ဆဲ အထက်ပေါင်းလောင်းစီမံကိန်း(၁၄၀ မဂ္ဂါဝပ်)နှင့်တည်ဆောက်ရန် အလယ်ပေါင်းလောင်း၊ သောက်ရေခပ်(၁)နှင့်ဘောဂထ စီမံကိန်းသုံးခု လျှာထားကျန်ရှိသည်။

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၏အနောက်ဘက် ခုနှစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးရေးစီမံကိန်းများတွင်ပါဝင်သော ဘက်စုံစီမံကိန်းတစ်ခုဖြစ်ပြီး ၂၀၀၁ ခုနှစ်မှစ၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနတို့ကဏ္ဍအလိုက်ခွဲဝေတာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

ဒေဝယက္ခမန်းဆေးနဲ့တွေ့ရင် အဖုအကျိတ်ဆို ပေါင်ဒါပူးထဲ ထည့်လို့ရအောင်မှုန့်သွားမယ်

ဒေဝယက္ခ အကျိတ်ကြေ အဏုမြူမန်းဆေး

အဖုအကျိတ်အမျိုးမျိုးကို မခွဲမစိတ်ရဘဲ၊ နုကြေရင့်ပေါက် အမြစ်ပါမကျန်ပျောက်။ မန်းဝင် မန်းဌတ်မှအစ သုံးစွဲပါ။

Design - Myint Soe (Lin)

အမှတ်-၃၇၃၊ သနပ်ပင်လမ်း၊ (အုန်းပင်တန်း)၊ ပဲခူးမြို့။ ဖုန်း-၀၉-၅၃၀၀၁၄၁၊ ၀၉-၈၆၅၀၈၆၇၊ ၀၉-၅၃၀၁၄၄၂၊ ၀၉-၄၂၈၁၃၃ဇ၁၊ ၀၅၂-၂၁၄၂၂

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၁၂၁၃YR ၄၀၆၈
ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၁/၂၀၁၂၊ တာဆထလ/တိုး(၄၇၅)

## ကြေးမုံ စာတည်းရုံးထောင့် ၂၀-၉-၂၀၁၄၊ စနေနေ့

# သဘာဝဘေးအန္တရာယ် ပြင်ဆင်ကာကွယ်

မိမိတို့နိုင်ငံတွင် မုတ်သုံမိုးနှင့်အတူ မုန်တိုင်းများ ဝင်မွှေတတ်ကြသည်။ မိုးဦးလေဦးနှင့်အတူ မုန်တိုင်းများ ပူးတွဲဝင်ပါလာတတ်သလို မိုးလယ်၊ မိုးနှောင်းကာလများတွင်လည်း ဝင်လာတတ်သည်။ ယခုမိုးနှောင်းရာသီ မုတ်သုံလေပင်လျှင် မြန်မာနိုင်ငံမြောက်ဖျားဒေသမှ ဆုတ်ခွာစပြုလာနေချိန်၊ မုန်တိုင်းဖြစ်စေမည့် လေဖိအားနည်းရပ်ဝန်းက ဘင်္ဂလားပင်လယ်အော်နှင့် ကပွလီပင်လယ်ပြင်တွင် မွေးဖွားရှင်သန်လျက်ရှိသည်။

ယခုလည်း ဘင်္ဂလားပင်လယ်အော်အနောက်ပိုင်း၊ အလယ်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်နေသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ကြေညာထားသည်။ မိမိတို့နိုင်ငံအတွင်းသို့ မဝင်ရောက်နိုင်ဟုလည်း သုံးသပ်ချက်ပြုထားသည်။ မုန်တိုင်းအဖြစ်နှင့်သာ ရောက်နိုင်လည်း မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းကြီးမည်။ ကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ် ဒေသများတွင် မိုးသက်လေပြင်းကျရောက်မည်။ မိုးသည်းထန်မည်။ မိမိတို့နိုင်ငံ၏ မုန်တိုင်းနှင့်ပတ်သက်၍ အနည်းဆုံးပုံမှန် သက်ရောက်မှု။

မုန်တိုင်းနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသားများ မစိမ်းကြပါ။ မြန်မာ့ရေပြင်ပေါ်မှာ သန္ဓေတည်ပေါက်ဖွားနေကျ၊ လေပြင်းမုန်တိုင်းများစွာနဲ့ ထိတွေ့နေကျ။ မိမိတို့နိုင်ငံသားတို့အတွက် မုန်တိုင်းသည် ဖွားဖက်တော်ဟုပင် ဆိုရလောက်ပါသည်။ မုန်တိုင်းဟုဆိုသည်နှင့် မိမိတို့အားလုံး ဘင်္ဂလားပင်လယ်အော်နှင့် ကပွလီပင်လယ်ဘက် မျက်နှာမူလိုက်ကြသည်။ သူလာနေကျ၊ ဝင်မွှေကျလမ်းကြောင်းက ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသနှင့် ရခိုင်ကမ်းရိုးတန်း၊ မကြာမကြာ ရခိုင်ရိုးမကို ခြေကန်ရင်း ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယကမ်းခြေဘက် ဝင်ရောက်သွားလေ့ရှိသည်။

ယခုဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းသည်လည်း မိမိတို့နိုင်ငံဘက်သို့ မရောက်လာနိုင်။ အိန္ဒိယသြရိသပြည်နယ်ဘက် ဦးတည်ရွှေ့လျားနေကြောင်း သိရသည်။ မုန်တိုင်းနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ ပုံမှန်ဖြစ်စဉ်များ။

သို့သော် ယခုအခါ ပုံမှန်သတ်မှတ် မုန်တိုင်းမျိုးမဟုတ်တော့ဘဲ မူမမှန်မုန်တိုင်းများ ကုန်းတွင်းပိုင်းမှ ဝင်လာနေသည်။ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော ခယ်(လ)မ့ေဂီတိုင်းဖွန်းမုန်တိုင်းသည် တစ်နာရီမိုင် ၈၀ နှုန်းနှင့် စတင်ကာ ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းကို ဝင်ရောက်သည်။ ထိုမှတစ်ဆင့် ဟိုင်နန်ကျွန်းနှင့် တရုတ်နိုင်ငံတောင်ပိုင်းကျွန်း ရေလက်ကြားမှ ဖြတ်သန်းကာ ဗီယက်နမ်နိုင်ငံမြောက်ဘက်ကမ်းခြေ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာခဲ့သည်။ ကုန်းတွင်းမှာတစ်နာရီ မိုင် ၄၀-၅၀ ခန့်သာရှိပြီး မိမိတို့နိုင်ငံအလယ်ပိုင်းသို့ ဝင်ရောက်လာမည့် အခြေအနေဖြစ်ပေါ်နေသည်။

'တစ်ခါသေဖူး ပျဉ်ဖိုးနားလည်' ဆိုသလို ခယ်(လ)မ့ေဂီတိုင်ဖွန်းမုန်တိုင်းဝင်ရောက်နိုင်သည့် စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းဒေသကြီးတို့နှင့် ကချင်၊ ကယား၊ ကရင်၊ ရှမ်းပြည်နယ် စုစုပေါင်း တိုင်းဒေသကြီးနှင့်ပြည်နယ် ခုနစ်ခုတွင် မုန်တိုင်းကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပွားနိုင်ပါသည်။ ကယ်ဆယ်ရေးလုပ်ငန်းများလည်း အသင့်ပြင်ဆင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

မည်သို့ဆိုစေ အစစအရာရာ ကြိုတင်တွက်ချက်ထားရှိမှ အမှားနည်းကာ သက်သာရာရမည်။ မိမိတို့နိုင်ငံအနေဖြင့်လည်း အသက်ပေါင်းများစွာနှင့် ရင်းနှီးပြီး အတွေ့အကြုံများရရှိပြီး ဖြစ်သည်။ ပုံမှန်လာနေကျ မုန်တိုင်းများလို ပင်လယ်ရေ ဆူနှာမီမပါလာနိုင်သော်လည်း မူမမှန်သောလမ်းကြောင်းမှ ဝင်ရောက်လာနိုင်မှုကြောင့် ရေကြီး၊ ရေလွှမ်း၊ အထူးသဖြင့် မြေပြိုမှုဒဏ်ကို အများဆုံးကြုံတွေ့ရနိုင်သည်။ ဤမုန်တိုင်းဖြစ်စဉ်သည် ကမောက်ကမ ရာသီဥတု၏ သက်ရောက်မှု တစ်ခုဟုဆိုနိုင်သည်။

မည်သို့ဆိုစေ သဘာဝကြောင့်ဖြစ်တည်လာမှု အခြေအနေကို တားဆီး၍ မရနိုင်သော်လည်း ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်ကိုကား ကြိုတင်ပြင်ဆင်မှုဖြင့် ဆိုးကျိုးသက်ရောက်မှုနည်းအောင်လုပ်ဆောင်နိုင်ပါသည်။ ယခုလက်ရှိ ကြိုတင်ပြင်ဆင်ထားရှိမှုများသည် မိမိတို့နိုင်ငံသားများအတွက် အဆိုးဆုံးအခြေအနေ မဖြစ်ပွားရလေအောင် သဘာဝဘေးဒဏ်ကာကွယ်ရေးလုပ်ငန်းစဉ်များပင် ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်မုန်တိုင်းများကို ရင်ဆိုင်အန်တုဖြတ်သန်းခဲ့ကြရသည်မှာ မိမိတို့နိုင်ငံသားများအတွက် အဆန်းမဟုတ်တော့ပါပြီ။ မုန်တိုင်းဟေ့ဆိုလျှင် လူတိုင်းအသိ၊ သတိနှင့် အစဉ်အသင့်ရှိနေတတ်ကြပါပြီ။ ။

# ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များနှင့်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၉**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၀န်ကြီးဌာန၊ ပြည်ထောင်စု၀န်ကြီး ဦးဌေးအောင်သည် စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် ပုဂံမြို့နန်းမြင့်မျှော်စင် အနော်ရထာခန်းမ၌ ဟိုတယ်များနှင့် ခရီးသွားလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ပုဂံဒေသသို့ပြည်ပဧည့်သည်ဝင်ရောက်မှုမှာ နှစ်စဉ်တိုးတက်လျက်ရှိပါကြောင်း၊ ခရီးသည် ဝင်ရောက်မှု တိုးတက်လာသည်နှင့်အမျှ ဟိုတယ်လုပ်ငန်းများလည်း တိုးတက်လျက်ရှိပါကြောင်း၊ ဟိုတယ် လုပ်ငန်းများလုပ်ကိုင်ရာတွင် ရေးဟောင်းယဉ်ကျေးမှု နယ်မြေဖြစ်သည့်အလျောက် ညွှန်ကြားချက်များ၊ ဥပဒေ၊ နည်းဥပဒေများကို သိရှိနားလည်ရန်နှင့် လိုက်နာဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ရေးဟောင်းအမွေအနှစ်များ ထိခိုက်ဆုံးရှုံးနိုင်သကဲ့သို့ စီးပွားရေးလုပ်ငန်းများလည်း ထိခိုက်ဆုံးရှုံးနိုင်ပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဖွဲ့အစည်းအားလုံးမှ ပိုင်း၀နှိုးပူးပေါင်းဆောင်ရွက်ပေးသွားကြပါရန် မှာကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူက ပုဂံဒေသ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ဟိုတယ်လုပ်ငန်းရှင်များက လုပ်ငန်းဆိုင်ရာများကို တင်ပြကြသည်။

ပြည်ထောင်စု၀န်ကြီးသည် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး၌ အမှာစကားပြောကြားသည်။

ထို့နောက် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အစည်းအဝေးတွင် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၁၉**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၂၃၀၀ | - | ၆၅၃၃၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၂၀၀၀ | - | ၆၅၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၈၀. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၆၄. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၉. ၆၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၄၀၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၂. ၇၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၁၃၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၀၀. ၆၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာ၀မ် | = ၉၄. ၀၃၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၈၀. ၁၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၃. ၉၁ |

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**သတ်မှတ်ရည်ညွှန်းနှုန်း**

# လူကုန်ကူးမှုတားဆီးရေးနှင့်မှုခင်းကျဆင်းရေး ဟောပြော

**မော်လမြိုင် စက်တင်ဘာ ၁၉**

မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှကြီးမှူး ကျင်းပသော လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း/လမ်းစည်းကမ်းအန္တရာယ် အသိပေး၊ မှုခင်းကျဆင်းရေးနှင့်မူးယစ်ဆေး၀ါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ရွှေပြည်အေးလမ်းရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ရွှေပြည်အေး(၁)ရှိ ကျောင်းအစည်းအဝေးခန်းမဆောင်၌ စက်တင်ဘာ ၁၆ ရက် ညနေ ၃ နာရီတွင် ကျင်းပခဲ့ သည်။

ဟောပြောပွဲတွင် မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင်က မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောခြင်း၊ အမှတ်(၉) ယာဉ်ထိန်းဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဌေးရွှေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ် အသိပညာပေးဟောပြောခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၉)မော်လမြိုင်မှ ရဲအုပ်သန်းဌေးဝင်းက လူကုန်ကူးမှု အန္တရာယ်တားဆီးကာကွယ်အသိပညာပေးဟောပြောခြင်း၊ ကညန ယာဉ်စစ်မှူးဦးမျိုးအောင်လင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်အသိပညာပေးဟောပြောခြင်း၊ ဒိုင်းဝန်းကွင်းနယ်မြေရဲစခန်းမှူး ရဲအုပ်နေယုဆန်းက မူးယစ်ဆေး၀ါးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရသည်။

အလားတူ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးကျင်းပသော မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၇ ရက်က ချောင်းဆုံမြို့အထက်တန်းကျောင်း အစည်းအဝေးခန်းမတွင်ကျင်းပရာ မြို့နယ်ဆရာ၀န်ကြီး ဒေါက်တာမျိုးအောင်အောင်၊ မြို့နယ် ဥပဒေအရာရှိ ဦးမျိုးမင်းဇော်နှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများတက်ရောက်ကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဝင်းက မှုခင်းကျဆင်းရေးနှင့်မှုခင်းများဖော်ထုတ်နိုင်ရေးအတွက် အသိပညာပေး ဟောပြောခဲ့ကြောင်းသိရသည်။

**(၃၀၇)**




SK
ဒီတင်ကြိုက်
"စိတ်ကြိုက် ကြက်ဆီထမင်း စားသုံးခြင်းဖြင့်ဂုဏ်ယူပါ"
ကြက်ဆီထမင်း နှင့် နှင်းပုလဲရေခဲမုန့်
ဆိုင်မှတ်ပွဲ အထိမ်းအမှတ် အပြစ်
ကြက်ဆီထမင်း ပွဲ(၁၀၀) အော်ဒါမှာယူသူများအတွက်.....
ကြက်ဆီထမင်း(၁၀)ပွဲ နှင့် ရေခဲမုန့်ခွက်(၁၀၀) လက်ဆောင်အဖြစ်ချီးမြှင့်သွားပါမည်။
အမှတ်(၃၉၀ / ၈)၊ သန္တာမှတ်တိုင်အနီး၊ သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁ရ၀၃၁, ၀၉-၄၉၂ရ၀ရ၅, ၀၉-၄၃၀ရ၄၆၆

ပြည်တွင်းရေးရာ

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် ဘုရားရှင်ဖွားတော်မူရာ လုမ္မိနီဌာန ဆောက်လုပ်ပြီးစီးမှုအခြေအနေများအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

# ဆောက်လုပ်လျက်ရှိသည့် သံဝေဇနီယဌာနများအား ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် လှည့်လည်ဖူးမြော်

**နေပြည်တော် စက်တင်ဘာ ၁၉**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်သည် ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥဒယရံသီ ကုန်းတော်ပြင်ရှိ ဘုရားဖြစ်ရာ မဟာဗောဓိပင်(ဗုဒ္ဓဂယာ) ဌာနသို့ သွားရောက်၍ သတ္တသတ္တာဟမဟာဗောဓိစေတီမြတ်အား ဖူးမြော်ကြည်ညိုပြီး ဆောက်လုပ်လျက်ရှိသည့် သံဝေဇနီယသုံးဌာနဖြစ်သော ဘုရားရှင်ဖွားတော်မူရာ လုမ္မိနီဌာန၊ ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်ဌာနနှင့် ပရိနိဗ္ဗာန်စံယူသည့် ကုသိနာရုံတို့ ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်သည် ဆောက်လုပ်လျက်ရှိသည့် သံဝေဇနီယဌာနဖြစ်သော ဘုရားရှင်ဖွားတော်မူရာ လုမ္မိနီဌာနရှိ မယ်တော်မာယာအုတ်ကျောင်းတော်(ဘုရားအလောင်းဖွားမြင်တော်မူရာနေရာ)မယ်တော်မာယာ ဘုရားအလောင်းအား ဖွားမြင်တော်မူပုံ၊ မယ်တော် မာယာရေသန့်စင်ရာ ရေကန်တော်နှင့် အာသောကကျောက်တိုင် တည်ဆောက်ပြီးမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု ဖူးမြော်ကြည်ညိုပြီး ဘုရားဖြစ်ရာ မဟာဗောဓိပင်(ဗုဒ္ဓဂယာ)ဌာနသို့ သွားရောက်၍ သတ္တသတ္တာဟမဟာဗောဓိစေတီမြတ်အား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်ဌာနရှိ ဓမ္မရာဇိက(ပဋ္ဌဝဂ္ဂါးဦးအား တရားဟောရာနေရာ)၊ ဓမ္မေခစေတီတော်၊ မြတ်စွာဘုရား တရားဟောရာ ပလ္လင်၊ နန္ဒိယကျောင်းဆောင်နှင့် အာသောကကျောက်တိုင်တို့ တည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ပရိနိဗ္ဗာန်စံယူသည့် ကုသိနာရုံ၌ တည်ထားကိုးကွယ်မည့် လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား MORE C.N.C ကုမ္ပဏီမှ Computer Neumatic Control စက်အသုံးပြု၍ သုံးဖက်မြင်စနစ်ဖြင့် ထုဆစ်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ ပရိနိဗ္ဗာန်စံယူသည့် ကုသိနာရုံရှိ ကျောင်းဆောင်တော်နှင့်စေတီတော် တည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှု ဖူးမြော်ကြည်ညိုရာ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့် တာဝန်ရှိသူများက သံဝေဇနီယဌာနအလိုက် လုပ်ငန်းပြီးစီးမှုနှင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းများ အပြီးသတ် ဆောင်ရွက်မည့် အစီအစဉ်များအား လိုက်လံရှင်းလင်းပြသကြသည်။

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥဒယရံသီကုန်းတော်ပြင်ရှိ ဘုရားဖြစ်ရာ မဟာ ဗောဓိပင်(ဗုဒ္ဓဂယာ)ဌာနသည် လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်၍ အလုပ်ပိတ်ရက်၊ ရုံးပိတ်ရက်များနှင့် အခါကြီးရက်ကြီးများတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် အထူးစည်ကားလျက်ရှိသည်။

ဆောက်လုပ်လျက်ရှိသည့် သံဝေဇနီယသုံးဌာနဖြစ်သော ဘုရားရှင်ဖွားတော်မူရာ လုမ္မိနီဌာနသည် လုပ်ငန်းတစ်ခုလုံးပြီးစီးမှု ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်းနှင့် ပရိနိဗ္ဗာန်စံယူသည့် ကုသိနာရုံ၌ လုမ္မိနီဌာနနှင့် ပုံစံတူ တည်ဆောက်ထားခြင်းဖြစ်သည်။

ထို့အတူ ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်ဌာနသည် လုပ်ငန်းပြီးစီးမှု ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကုသိနာရုံ၌ တည်ထားကိုးကွယ်မည့် လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အလေးချိန် ၄၂ တန်၊ အရွယ်အစား ၂၃ ပေနှင့် ၅ ပေ ပတ်လည်ရှိ စကျင်ကျောက်တုံးတော်အား အသုံးပြု၍ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ ရုပ်ပွားတော်မြတ် အတိုင်းအတာကို ပုံစံယူကာ တစ်ပုံစံတည်းထုဆစ်လျက်ရှိကြောင်း၊ လုပ်ငန်းပြီးစီးမှု ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး အောက်တိုဘာလတွင် လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့ရှိ သံဝေဇနီယလေးဌာနသို့ မသွားရောက်နိုင်သေးသူများအနေဖြင့် ကိုယ်တိုင်ရောက်ရှိနေသည့်အလား စိတ်ဝယ်မျှော်မှန်း သဒ္ဓါဆန်းဖြင့် နေပြည်တော်၌ တည်ထားကိုးကွယ်လျက်ရှိသည့် သံဝေဇနီယဌာနများသို့ လာရောက်ဖူးမြော်နိုင်ပါကြောင်းနှင့် အလျှဝေများ တတ်စွမ်းသမျှ ပါဝင်လျှာဒါန်းလိုပါက ဦးသန်းကျော်ထူး(ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဖုန်း-၀၆၇-၄၁၄၅၅၇၊ ဦးဝင်းဌေး(အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဖုန်း-၀၆၇-၄၃၂၁၁၇၊ ဒေါ်ခင်မြတ်လေး(ဌာနမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဖုန်း ၀၆၇-၄၁၄၂၉၀ တို့သို့ ဆက်သွယ်လျှာဒါန်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

❑❑❑

## ❖ ရှေ့ဖုံးမှ

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းကို ရေအားလျှပ်စစ်စက်ရုံမှ ထွက်ရှိမည့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်(၄၀)ကို နိုင်ငံတော်ဓာတ်အားကွန်ရက်စနစ်မှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ဓာတ်အားဖြန့်ဖြူးပေးရန်၊ စစ်တောင်းမြစ်ဝှမ်းလွင်ပြင်၏ ဒေသအလိုက် ရေလွှမ်းမိုးမှုမှ ကာကွယ်ရန်၊ စစ်တောင်းမြစ်ဝှမ်း ဖြူး၊ ဇေယျဝတီဒေသများရှိ လယ်ယာမြေများသို့ သီးထပ်စိုက်ပျိုးနိုင်ရန်အတွက် ဆည်ရေပေးဝေရန်စသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဖြူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းသည် စက်တစ်လုံးလျှင်(၂၀)မဂ္ဂါဝပ်ရှိ ဓာတ်အားပေး စက်နှစ်လုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား(၄၀)မဂ္ဂါဝပ်ရှိပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၂၀ ထုတ်လုပ်နိုင်သည်။ ထို့ပြင် စီမံကိန်းပတ်ဝန်းကျင်ဒေသရှိ လယ်မြေ ဧက ၁၀၀၀၀၀ ခန့်ကို ဆည်ရေ ပေးဝေနိုင်မည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းဖြစ်သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့ နံနက်ပိုင်းတွင် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိခဲ့ပြီး ဓာတ်အားပေးစက်ခန်းတွင် ဓာတ်အားပေးစက်များ ဓာတ်အားထိန်းချုပ်မောင်းနှင်နေမှု၊ ထုတ်လွှတ်သော ဓာတ်အားများကို မဟာဓာတ်အားလိုင်းအတွင်းသို့ ကွန်ပျူတာစနစ်ဖြင့် ဓာတ်အားထိန်းချုပ်မောင်းနှင်ပို့လွှတ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် Switch Yard နှင့် ပင်မတမံသို့ ရေဝင်ရောက်မှု၊ ရေသိုလှောင်မှု၊ ရေပိုလွှဲလုပ်ငန်းများဆောင်ရွက်မှုတို့ကို စစ်ဆေးကြည့်ရှုသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း၏ ရေယူအဆောက်အအုံ တည်ဆောက်ခြင်း၊ ရေထိန်းတံခါးပြွန်တည်ဆောက်ခြင်း၊ ရေသွယ်ဥမင်လိုဏ်ဖောက်လုပ်ခြင်း၊ ဖိအားမြင့် သံမဏိပိုက်လိုင်း တည်ဆောက်ခြင်း၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်း၊ စက်ရုံရေထုတ်မြောင်း တည်ဆောက်ခြင်း၊ Switch Yard တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရေလှောင်တမံ တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ရေလွှဲဆည်တည်ဆောက်ခြင်း၊ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခု လျှပ်စစ်ဓာတ်အားများ စတင်ထုတ်လုပ်နေသော ဖြူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းသည် တမံအတွင်း ရေကို စနစ်တကျထိန်းသိမ်းသိုလှောင်ထားပြီး မြန်မာနိုင်ငံတွင် နှစ်စဉ် နွေရာသီကာလ ဓာတ်အားမလုံလောက်မှု ပြဿနာကြုံတွေ့ချိန်တွင် အဆိုပါ စီမံကိန်းမှ လျှပ်စစ်ဓာတ်အား မောင်းနှင်ထုတ်လုပ် ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်သော စီမံကိန်းဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

## ပြည်တွင်းရေးရာ

### ☆ ပြည်ထောင်စုလွှတ်တော်မှ

အသုံးပြုခြင်း၊ မြန်မာနိုင်ငံ အလယ်ပိုင်း သောက်သုံးရေရှားပါးသည့် ဒေသများတွင် သောက်သုံးရန် ရေချို အဖြစ် ဖြည့်ဆည်းပေးနိုင်ခြင်းတို့ကြောင့် မြစ်ဝှမ်းတစ်လျှောက် ပြည်သူများအတွက် တန်ဖိုးမဖြတ်နိုင်သည့် မြစ်ကြီးအဖြစ် မှီခိုအားထားနေရပါကြောင်း၊ ဧရာဝတီမြစ်၏ ရေချို အရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်မှသာ ပင်လယ်ထဲသို့ စီးဝင်ခြင်းကြောင့် ဆုံးရှုံးနေသည့် ရေချိုများကို ထိန်းသိမ်းထားနိုင်မည် ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဧရာဝတီမြစ်ရေကို ထိရောက်စွာ အသုံးချနိုင်မည်ဖြစ်ပါကြောင်း၊ ပူပြင်းခြောက်သွေ့သည့် ဒေသများတွင် စိမ်းလန်းစိုပြည်လာစေပြီး သောက်သုံးရန် ရေချိုများ ပေါများလာမည် ဖြစ်ပါကြောင်း။

ယခုစီမံကိန်းသည် ဧရာဝတီမြစ်သာမကဘဲ မြန်မာနိုင်ငံတွင်ရှိသည့် အခြားမြစ်ဝှမ်းများဖြစ်သည့် ချင်းတွင်း မြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ကုလားတန်မြစ်ဝှမ်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ရန် အထောက်အကူပြုနိုင်မည့် အခြေခံကျသည့် လုပ်ငန်းဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဘဏ်ထွန်းအောင်က မြန်မာနိုင်ငံသည် တစ်နှစ်လျှင် မိုးရေချိန် (၉၈) လက်မ ရရှိပါကြောင်း၊ တစ်နှစ်လုံးရွာသည့် မိုးရေချိန် (၉၈) လက်မ ရေထုရှိသည့် ရေထုကြီးကို သေချာအသုံးမချနိုင်ဘဲ ရှိနေပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံနှင်ကမ္ဘာ့ဘဏ်တို့မှ ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးပြီး ယခုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနအတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း (၁၀၀) ချေးယူရန်ကိစ္စကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

နိုင်ငံတော်သမ္မတထံမှ သဝဏ်လွှာဖြင့် ပေးပို့ထားသော **ရထားပို့ဆောင်ရေးဝန်ကြီးဌာနအတွက်**

**ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစောထွန်းမြအောင်။**

**ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) မှ အမေရိကန်ဒေါ်လာ ၄၅ သန်း ချေးယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က မြန်မာ့မီးရထားတွင် လက်ရှိ (၃၀ ဒသမ ၃) ရာခိုင်နှုန်းရှိသော တွဲများသည် သက်တမ်းလွန် လူစီးတွဲများ ဖြစ်ပါကြောင်း၊ ပြည်သူလူထုမှ တောင်းဆိုနေသည့် ခေတ်မီပြီး လုံခြုံမှုပိုမိုကောင်းမွန်သည့် တွဲသစ်များဖြင့် ဝန်ဆောင်မှုတိုးမြှင့်ပေးလိုခြင်းကြောင့် သက်တမ်းလွန်လူစီးတွဲ (၄၀၄) တွဲအနက်မှ တွဲသစ် (၁၀၀) ကို ဝယ်ယူဖြည့်ဆည်းပေးမည့် ခရီးသည်ဝန်ဆောင်မှုမြှင့်တင်ရေးစီမံကိန်းဖြစ်သည့်အတွက် ကြိုဆိုပါကြောင်း။

ချေးငွေရယူမည့် သဘောတူညီချက်မှာ ဆိုင်းငံ့ကာလ (၁၅) နှစ်၊ ပြန်ဆပ်ကာလ (၂၅) နှစ်ဖြင့် သက်တမ်း (၄၀) နှစ်ဖြစ်ပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် သုည ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်သဖြင့် အလွန်သက်သာသည့် ဖွံ့ဖြိုးရေးအကူအညီဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတကာချေးငွေများဖြင့် ကောင်းမွန်သည့် ရထားတွဲများ ဝယ်ယူဖြည့်တင်းပြီးလျှင် အားကောင်းသည့် ရထားသံလမ်းပိုင်းပေါ်တွင် မောင်းနှင်မှ သင့်တော်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မီးရထားလမ်းပိုင်းများ အဆင့်မြှင့်တင်နိုင်ရန်လိုအပ်ပါကြောင်း၊ မီးရထားလမ်းကောင်းပေါ်တွင် တွဲကောင်းကောင်းဖြင့် ပြေးဆွဲနိုင်မှသာ ပိုမိုပြီး စိတ်ချလုံခြုံနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက မြန်မာ့မီးရထားကဏ္ဍကို ဘက်စုံအဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိပါကြောင်း၊ မြို့တွင်းနှင့်ပြည်တွင်း ခရီးစဉ်များအတွက် ရထားလမ်း၊ ဘူတာ၊ စက်ခေါင်း၊ လူစီးတွဲအဆင့်အတန်းတိုးမြှင့်ရန် အထူးလိုအပ်လျက်ရှိပါကြောင်း၊ ကုန်ကျစရိတ်များသည့် ရထားလမ်းများ ဖောက်လုပ်ခြင်းကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ လက်ရှိလမ်းပိုင်းများနှင့် တွဲများကိုလည်း ထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ မီးရထားသည် အခြေခံလူတန်းစားအတွက် အထူးအရေးကြီးသော ပို့ဆောင်ရေးလုပ်ငန်းဖြစ်ပါကြောင်း၊ ရထားပို့ဆောင်ရေးကဏ္ဍကို ပဂ္ဂလိကလုပ်ငန်းအဖြစ် ပြောင်းလဲရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက စီမံကိန်းကာလကို နှစ် (၃၀) သတ်မှတ်ပြီး အရင်းကျေကာလ တွက်ချက်မှုများကို ဆောင်ရွက်ထားပါကြောင်း၊ အမေရိကန်ဒေါ်လာ (၄၅) သန်းဖြင့် အထက်တန်းလူစီးတွဲ (၄၀)နှင့် ရိုးရိုးတန်းလူစီးတွဲ (၆၀)ဝယ်ယူရေးအတွက် ခန့်မှန်းငွေသားစီးဆင်းမှုစာရင်းအရ

**ပေါက်တောမဲဆန္ဒနယ်မှ ဦးထွန်းအောင်ခိုင်။**

ကုန်ကျစရိတ် ရင်းနှီးမြှုပ်နှံမှု(၅၂ ဒသမ ၉၂၀)ဘီလီယံ ရှိမည်ဖြစ်ပါကြောင်း၊ နှစ်စဉ်ပြင်ဆင်ထိန်းသိမ်းစရိတ်အနေဖြင့် (၂၀၃ ဒသမ ၃၅၈) ဘီလီယံရှိမည်ဖြစ်ပါကြောင်း၊ ကုန်ကျစရိတ်စုစုပေါင်း(၂၅၆ ဒသမ ၂၃၈) ဘီလီယံရှိမည်ဖြစ်ပါကြောင်း၊ ဝင်ငွေအနေဖြင့် ပထမနှစ်နှစ်တွင် ဝင်ငွေများ အနုတ်ပြနေမည်ဖြစ်ပါကြောင်း၊ ပထမနှစ်နှစ်၏ နောက်ပိုင်းတွင် ဝင်ငွေများစတင်ပြီး ဝင်ရောက်လာမည်ဖြစ်ပြီး နှစ်(၃၀)အကြာတွင် (၃၃၃ ဒသမ ၆၇၀) ဘီလီယံ ရရှိနိုင်မည်ဟု တွက်ချက်ထားပါကြောင်း၊ ရထားတွဲများကို ၂၀၁၆ ခုနှစ်တွင် ရရှိမည်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်ကာလများတွင် အသုံးစရိတ်များရှိပြီး ဝင်ငွေများရှိမည် မဟုတ်ပါကြောင်း၊ (၁၂)နှစ်ကာလပြည့်မြောက်ပြီးသည့် နောက်ပိုင်းတွင် အပိုဝင်ငွေများ စီးဆင်းလာမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအတွက် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) မှ အမေရိကန်ဒေါ်လာ(၄၅) သန်း ချေးယူရန်ကိစ္စကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော **မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအတွက် အီတလီနိုင်ငံအစိုးရ Italy Development Cooperation ထံမှ ယူရိုသန်း(၂၀)ချေးယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစောထွန်းမြအောင်က ယခုချေးငွေဖြင့် ကျေးလက်မီးလင်းရေး၊ ရေပေးဝေရေး၊ ကျန်းမာရေး ဆိုင်ရာအဆောက်အအုံ၊ လမ်းတံတား၊ ပန်းခြံ၊ စာသင်ကျောင်း၊ ဆည်မြောင်း ငယ်များ တည်ဆောက်ရေးအတွက် ချေးယူခြင်းဖြစ်သည့်အတွက် များစွာ အကျိုးရှိပါကြောင်း၊ ပြည်တွင်း စစ်ဒဏ်ကို ခံခဲ့ရသည့် မြို့နယ်များတွင် ငြိမ်းချမ်းရေးနှင့်အတူ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးမည် ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက ကချင်၊ ကယား၊ မွန်၊ ရှမ်းနှင့် ပဲခူးတိုင်းဒေသကြီး (၅) မြို့နယ်မှ ကျေးရွာအုပ်စု (၂၁၅) အုပ်စုအတွက် မီးလင်းရေး၊ ရေပေးဝေရေး၊ ကျန်းမာရေးစသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်သည့်အတွက် ရည်ရွယ်ချက်ကောင်းမွန်ပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဆောင်ရွက်သည့်အခါ ငွေကြေးကိစ္စများ စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် မြို့နယ်များ ရွေးချယ်ရာတွင် ဖွံ့ဖြိုးမှုနည်းပါးသည့် နေရာဒေသများတွင် ဦးစားပေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများနှင့် ကျေးလက်ဒေသများအတွက် အမှန်တကယ် တိုးတက်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ပေါက်တောမဲဆန္ဒနယ်မှ ဦးထွန်းအောင်ခိုင်က နိုင်ငံတကာမှ ချေးငွေများကို နိုင်ငံအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ထိထိရောက်ရောက် မှန်မှန်ကန်ကန်ဖြင့် လေလွင့်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ချမှတ်ဆောင်ရွက်ထားသည့် လုပ်ငန်းများကို ပြည်သူများ သဘောပေါက်နားလည်ရန် လိုအပ်ပြီး ဘက်စုံပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်သည့်လုပ်ငန်းများ အောင်မြင်မှု ရှိ/မရှိ၊ ပြည်သူများ လက်တွေ့အကျိုးခံစားခွင့် ရှိ/မရှိ၊ လုပ်ငန်းများ၏ စံချိန်စံညွှန်း အရည်အသွေးမီ၊ မမီ လေ့လာစိစစ်ရန် အထူးအရေးကြီးပါကြောင်း ဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက ယခုချေးငွေဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြို့နယ်ပေါင်း (၅)မြို့နယ်၌ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တစ်မြို့နယ်စီ၌ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်မည့် မြို့နယ်များကို ရွေးချယ်ရာတွင် လူထုလူတန်းစားအားလုံးပါသည့် အဖွဲ့ (၁၀) ဖွဲ့ ဖွဲ့စည်း၍ ၎င်းအဖွဲ့ (၁၀) ဖွဲ့မှ ပေးသည့် အမှတ်အများဆုံးရရှိသည့် မြို့နယ်ကို ရွေးချယ်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနအတွက် အီတလီနိုင်ငံအစိုးရ Italy Development Cooperation ထံမှ ယူရိုသန်း (၂၀) ချေးယူရန်ကိစ္စကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။ **(သတင်းစဉ်)**

---

## ဟသ်ာတ စက်တင်ဘာ ၁၉

ဟသ်ာတခရိုင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စွာထွန်း ဦးဆောင်၍ ဟသ်ာတခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်၊ ခရိုင်အာမခံအဖွဲ့တို့ ပူးပေါင်း၍ စက်တင်ဘာ ၁၈ ရက်က အဝေးပြေးခရီးသည်တင်ယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရန်နှင့် ယာဉ်မတော်တဆမှုများမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဟသ်ာတမြို့သို့ ဝင်/ထွက် ပြေးဆွဲလျက်ရှိသော မှန်လုံခရီးသည်တင်ယာဉ်များအား လုပ်ငန်းလိုင်စင်ပြည့်စုံမှု ရှိ/မရှိ၊ မော်တော်ယာဉ်ကြံ့ခိုင်မှု ရှိ/မရှိ၊ မီးသတ်ဆေးဘူးတပ်ဆင်ထားခြင်း ရှိ/မရှိ၊

# အဝေးပြေးခရီးသည်တင်ယာဉ်များအား စစ်ဆေး

ယာဉ်၊ ယာဉ်မောင်းများနှင့် ပတ်သက်သည့် စာရွက်စာတမ်းအထောက်အထားများပြည့်စုံမှု ရှိ/မရှိ အန္တရာယ်ကြုံတွေ့လာပါက အရေးပေါ်ထွက်ပေါက်ပါရှိခြင်း ရှိ/မရှိတို့ကို စစ်ဆေးဆောင်ရွက်ကြကြောင်း သိရသည်။**(အပေါ်ပုံ)**

**(ကြေးမုံ)**

---

# သဲသောင်ပြင်ဘောလုံးလူရွေးပွဲတွင် လင်းစဒေါင်းနှင့် Joker တို့ ကွာတားတက်

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာ့လက်ရွေးစင် သဲသောင်ပြင်ဘောလုံးအသင်းဖွဲ့စည်းရန် ကျင်းပသည့် လူရွေးပွဲအုပ်စုဒုတိယနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက ကျင်းပရာ လင်းစဒေါင်းအသင်းနှင့် Joker အသင်းတို့ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

**ဒုတိယနေ့ပွဲစဉ်များတွင် မောရဝတီ**အသင်းက တောင်ဒဂုံအသင်းကို ခြောက်ဂိုး-လေးဂိုး၊ လင်းစဒေါင်းအသင်းက Actor star အသင်းကို ခုနစ်ဂိုး-လေးဂိုး၊ Joker အသင်းက White Colour အသင်းကို ခုနစ်ဂိုး-ခြောက်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့ပြီး 41 Extention အသင်းနှင့် မျိုးချစ်လူငယ်အသင်းတို့ လေးဂိုးစီ သရေကျသွားသည်။ ယနေ့ပွဲအပြီးတွင် နှစ်ပွဲဆက်အနိုင်ရရှိခဲ့သည့် လင်းစဒေါင်းအသင်းနှင့် Joker အသင်းတို့မှာ ကွာတားတက်သွားပြီဖြစ်သည်။ အုပ်စုနောက်ဆုံးပွဲစဉ်များကို စက်တင်ဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(စိုးညွန့်)**

## ပြည်တွင်းရေးရာ

***ကျောဖုံးမှ**

နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာတည်ရှိမှုကို ကာကွယ်ရန်၊ ပိုင်နက်နယ်မြေနှင့် နိုင်ငံ၏ ရှင်သန်ရပ်တည်မှုခိုင်မြဲစေရန်၊ တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ထိခိုက်မှုကို ကာကွယ်ရန်လိုကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (**ယာပုံ**)က ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းပြည်၏ စီးပွားရေး၊ အုပ်ချုပ်ရေးဆိုင်ရာများ တိုးတက်အောင်မြင်မှုအတွက် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန်လိုကြောင်း၊ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် လူစွမ်းအားအရင်းအမြစ်များနှင့် နိုင်ငံ၏သဘာဝသယံဇာတအရင်းအမြစ်များ ပေါင်းစပ်၍ တိုင်းပြည်အား အကျိုးပြုမည်၊ ဝင်ငွေရရှိစေမည့် ကုန်ထုတ်လုပ်ငန်းများ၊ SME လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရင်းအနှီးရှိသူများအနေဖြင့်လည်း ပေါ်ပင်ဝင်ငွေရသည့် လုပ်ငန်းများ၊ ကျန်းမာရေး၊ လူမှုရေးအရ ထိခိုက်စေပြီး နိုင်ငံအတွက် ဘာမှမကျန်ရှိသည့် စားသောက်ကုန်လုပ်ငန်းများ ထုတ်လုပ်ခြင်းအစား လူအများအလုပ်အကိုင်ရရှိစေပြီး ပြည်ပဝင်ငွေရရှိနိုင်မည့် လုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့်လုပ်ငန်းများဆောင်ရွက်စေရန် တိုက်တွန်းအားပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း တိုင်းပြည်၏စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန် အကြောင်းအမျိုးမျိုးကြောင့် လက်ဝယ်ထားရှိသည့် မြေများအား စိစစ်၍ နိုင်ငံတော်သို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိကြောင်း။

သင်တန်းသားအရာရှိကြီးများအနေဖြင့် အုပ်ချုပ်ရေးကဏ္ဍတွင် တာဝန်ယူထားသူများဖြစ်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းဥပဒေ၊ ပြဋ္ဌာန်းချက်၊ လုပ်ထုံးလုပ်နည်းများကို သိရှိပြီး ကိုယ်တိုင်မှန်ကန်စွာလိုက်နာရန်လိုကြောင်း၊ မိမိလက်အောက်ကိုလည်း လိုက်နာစေရန် ထိန်းသိမ်းကြပ်မတ်ရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်မှုညီညွတ်မှုတခြင်းသည် စည်းလုံးညီညွတ်မှုအားကို ဖြစ်စေခြင်းကြောင့် မျှတစွာ စီမံခန့်ခွဲခြင်း၊ တာဝန်ပေးအပ်ခြင်း၊ အကျိုးခံစားခွင့်ပေးခြင်းများကို စေတနာထားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စစ်ဆင်ရေးအပါအဝင် လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် တပ်မှူးစိတ်၊ ဖခင်စိတ်ဓာတ်ဖြင့် လည်းကောင်း၊ လုပ်ငန်းတာဝန်အောင်မြင်ရေးအတွက် အထောက်အကူပြုသည့် အုပ်ချုပ်ရေးကိစ္စရပ်များတွင် ဖခင်စိတ်ဖြင့်လည်း ပေးအပ်သည့် တာဝန်များအပေါ် အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မလိုအပ်သည့်ပြိုင်ဆိုင်မှုများကို ရှောင်ရှား၍ မိမိကိုယ်တိုင် သာမက လက်အောက်ကိုပါ ထိန်းသိမ်း၍ ပြုမူနေထိုင်လုပ်ကိုင်သွားရန်လိုကြောင်း။

အမြင် ၄ မြင်ဖြင့် ရည်ရွယ်ချက်ကြီးမားစွာဖွင့်လှစ်သည့် သင်တန်းဖြစ်၍ မိမိတိုင်းပြည်၏ အခြေအနေမှန်ကို မှန်ကန်စွာ သုံးသပ်သိရှိရန်လိုကြောင်း၊ တိုင်းပြည်အတွက် ဒုက္ခဖြစ်စေနိုင်သည့် အန္တရာယ်ဖြစ်စေမည့် အကြောင်းကိစ္စများကိုလည်း မှန်ကန်စွာ သိရှိရန်လိုကြောင်း၊ မိမိကိုယ်ကို စနစ်တကျ ထိန်းကျောင်း၍ ရည်မှန်းချက်ပန်းတိုင်ကို မယိမ်းမယိုင် ရောက်ရှိအောင် ကြိုးစားလျှောက်လှမ်းပြီး တပ်မတော်နှင့် နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော အားကိုးအားထားပြုရသော သူများဖြစ်ရေး ကြိုးစားဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ယခု ဖွင့်လှစ်လျက်ရှိသော နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းတွင် တပ်မတော်အရာရှိကြီးများအပြင် ပြည်ထဲရေးဝန်ကြီးဌာနမှ အရည်အချင်းကိုက်ညီသော အရာရှိကြီးများပါ တက်ရောက်လျက်ရှိပြီး နောင်တွင် နယ်ဘက်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြဝတီ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ရေဆင်းဆည်အတွင်း ငါးမျိုးစိုက်ထည့်

နေပြည်တော် စက်တင်ဘာ ၁၉

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေဆင်းဆည်ပေါင်၌ ကျင်းပသည်။ ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က သတ်မှတ်နေရာ၌ ငါးမျိုးများအား ဦးဆောင်စိုက်ထည့်ပေးသည်။**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိရေဆင်းဆည်အတွင်းသို့ငါးမျိုးများစိုက်ထည့်ပေးစဉ်။** **(မြဝတီ)**

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများသည် သတ်မှတ်နေရာအသီးသီးတွင် ငါးမျိုးများအား စိုက်ထည့်ပေးကြသည်။

ယနေ့ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားတွင် ငါးမြစ်ချင်းနှင့်မြက်စားငါးကြင်း အကောင်ရေ တစ်သိန်းအား ရေဆင်းဆည်အတွင်းသို့ စိုက်ထည့်ခဲ့သည်။

ငါးသယံဇာတပျောက်ကွယ်ပြန်တီးခြင်းမရှိရန်၊ ငါးမျိုးထိန်းသိမ်းခြင်းများနှင့် တစ်ဖက်တစ်လမ်းမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အထောက်အကူပြုရန်အတွက် ၂၀၁၁ ခုနှစ်မှစတင်၍ ရေဆင်းဆည်အတွင်း ငါးမျိုးများစိုက်ထည့်ခဲ့ကြရာ ယနေ့အထိ ငွေရောင်ငါးကြင်း၊ ငါးမြစ်ချင်းနှင့် မြက်စားငါးကြင်းအပါအဝင် ငါးမျိုးစုံကောင်ရေ ၂၈၃၀၀၀ အား စိုက်ထည့်ပေးခဲ့ပြီးဖြစ်သည်။

ရေဆင်းဆည်သည် ကန်ရေပြည့်ရေလှောင်ပမာဏ ခုနှစ်သောင်း ၈ကပေကျော် ထိန်းသိမ်းနိုင်ပြီး ရေဆင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ၏ စိုက်ပျိုး၈က သုံးသောင်းခန့်အား ရေပေးဝေနိုင်ခြင်း၊ ဒေသခံပြည်သူများအတွက် သောက်သုံးရေများဖြန့်ဝေပေးနိုင်ခြင်းများ ဆောင်ရွက်ပေးနိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟာစနစ်ထိန်းသိမ်းရေးတို့အတွက် အထောက်အကူပြုပေးနိုင်သည့် ရေလှောင်တမံတစ်ခုဖြစ်ကြောင်း သိရှိရသည်။

**(မြဝတီ)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၉**

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

---

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။






*** ဒုတိယပိုင်းမှ**

ရလဒ်ကောင်းတစ်ခု ဖြစ်ခဲ့သည်။ Southern အသင်းအတွက် ဂိုးများကို ၅၆ မိနစ်တွင် စိုးကျော်သူ၊ ၈၃ မိနစ်တွင် ကျော်ဇင်ဝင်းတို့က သွင်းယူခဲ့ပြီး မနောမြေအတွက် ဂိုးကို ၂၂ မိနစ်တွင် အက်စလေက ပင်နယ်တီမှ သွင်းယူခဲ့သည်။

**ယနေ့ပွဲ**

[YUSC (ကွင်း)]

**ရန်ကုန်- ကမ္ဘောဇ**

(သုဝဏ္ဏကွင်း)

**ချင်း - GFA**

(အောင်ဆန်းကွင်း)

**ဇေယျာရွှေမြေ -မကွေး**

# တောင်ကြီး၊ ပဲခူးနှင့် ဖားကန့်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၉**

စက်တင်ဘာ ၁၇ ရက်က အမှတ်(၂၅)မူးယစ်တပ်ဖွဲ့စု တောင်ကြီးမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် အဝေရာမီးပုံးပျံကွင်းအတွင်း မင်းသိန်း(ခ)ဖြူတုံး မောင်းနှင်ပြီး မဇင်ဇင်ဦး လိုက်ပါလာသော ဆိုင်ကယ်အား ရှာဖွေရာ မင်းသိန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀ သိမ်းဆည်းရမိသဖြင့် မင်းသိန်း(ခ)ဖြူတုံး(၂၄)နှစ်နှင့် မဇင်ဇင်ဦး(၂၇)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူစက်တင်ဘာ ၁၇ ရက်က အမှတ်(၃၆) မူးယစ်တပ်ဖွဲ့စု ပဲခူးမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပဲခူးမြို့ ရုံးကြီးရပ်ကွက် တပင်ရွှေထီးလမ်းထိပ်တွင် ဆိုင်ကယ်မောင်းနှင်လာသူ အောင်မျိုးသူအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ငါးပြားနှင့် ပဲခူးမြို့ ရှင်စောပုရပ်ကွက်ရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၂၅ ပြား သိမ်းဆည်းရမိခဲ့သဖြင့် အောင်မျိုးသူ(၃၃)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူ စက်တင်ဘာ ၁၇ ရက်က အမှတ်(၂) မူးယစ်တပ်ဖွဲ့စု မြစ်ကြီးနား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ဝှေခါကျေးရွာ ရပ်ကွက်(၉၅)နေ မလော်ကျင်းကိုက်၏နေအိမ်အား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၈ ပြားသိမ်းဆည်းရမိသဖြင့် မလော်ကျင်းကိုက်(၄၄)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ၁ ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲမြန်ကြား)**


RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ဈေးစည်ကျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၃၊ ၂၀၊ ၁၄) ခန်းကားနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လေဈေးကားမျိုးစုံငှားရန်ရှိပါသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

မြေကွက်များဝယ်လိုသည်
ရန်ကုန်မြို့ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ဆိပ်ကမ်း
တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ
ဝယ်လိုသည်။
-၀၉-၄၄စ်၀၂၅ဂ
၀၉-၄၂၀၁၀၃၀
၀၉-၃၃၂၄ဂ

# အကြမ်းဖက်ဝါဒသည် နိုင်ငံတော်၏ ရန်သူဖြစ်သည်

မောင်သန္ဓာ

ဒီကနေ့ ကမ္ဘာမှာ လတ်တလောနာမည်ကြီးနေတဲ့ ISIL အဖွဲ့နဲ့ပတ်သက်ပြီး ပြောဆိုဝေဖန်ချက်အမျိုးမျိုးကို မြင်တွေ့ရတဲ့အချိန်မှာ အယ်လ်ခိုင်ဒါဆိုတဲ့ အကြမ်းဖက်အဖွဲ့က မြန်မာနိုင်ငံအပါအဝင် အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေကို တိုက်ခိုက်ဖို့ကြေညာလာခဲ့ပါတယ်။ အယ်လ်ခိုင်ဒါခေါင်းဆောင်လို့ပြောတဲ့ အယ်လ်ဇာဝါဟီရီက ပြောကြားခဲ့တဲ့ကြေညာချက်မှာ ပါရှိလာခဲ့တာပါ။ ဒီအချိန်မှာ ကျွန်တော့်အနေနဲ့ ရင်ထဲအသည်းထဲမှာ ခံစားမိတဲ့ အတိုင်းပဲ ရေးသားဖော်ပြလိုက်ရတာပဲ ဖြစ်ပါ တယ်။ ကျွန်တော် မူဆလင်တစ်ယောက်ပါ။ အတိအကျ ပြောရရင် မြန်မာနိုင်ငံသား မူဆလင်တစ်ယောက်ပါ။

ပထမဆုံးအချက်အနေနဲ့ **ISIL ပဲဖြစ်ဖြစ်၊ အယ်လ်ခိုင်ဒါပဲဖြစ်ဖြစ် ကျွန်တော်တို့ လက်မခံပါဘူး။ ဘယ်ဘာသာတရားကမှ အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်ဖို့ အားပေးအားမြှောက်ခြင်းမရှိပါဘူး။ ISIL အဖွဲ့၊ အယ်လ်ခိုင်ဒါအဖွဲ့တွေဟာ လူသားမဆန်တဲ့ အကြမ်းဖက်မှုတွေကို လုပ်ဆောင်နေကြတာပါ။ ဘာသာတရားရဲ့ အမည်နာမကို ခုတုံးလုပ်ပြီး စိတ်လှုပ်ရှားလွယ်၊ ဆွဲဆောင်ရလွယ်တဲ့ လူငယ်တွေကို လမ်းမှားကို ခေါ်ဆောင်နေကြသူတွေပါ။** ဒါကို ကျွန်တော်တို့ လက်မခံပါဘူး။ ပဋ္ဌိပက္ခတွေ၊ စစ်ပွဲတွေနဲ့ ဖွံ့ဖြိုးမှုနောက်ကျနေကြတဲ့ နိုင်ငံတွေမှာရှိတဲ့ မူဆလင်ဘာသာဝင် လူငယ်တွေကို အမြတ်ထုတ်ပြီး အစွန်လာမ်ဘာသာတရားကို သိက္ခာချနေကြတဲ့ သူတွေပဲ ဖြစ်ပါတယ်။ ဒီနိုင်ငံဟာ ကျွန်တော်တို့နိုင်ငံ၊ ဒီရေမြေဟာ ကျွန်တော်တို့ ရေမြေပါပဲ။ ထိုနည်းတူစွာပင် ဒီနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ ကျွန်တော်တို့နိုင်ငံသားတွေကို ထိခိုက်လာမယ်၊ စော်ကားလာမယ်ဆိုရင်တော့ ကျွန်တော်တို့ကိုယ်တိုင် ရှေ့ဆုံးကနေပြီး တွန်းလှန်တိုက်ခိုက်ရမှာပါပဲ။ ဒါဟာ ကျွန်တော်တို့ရဲ့ အမျိုးသားရေးစိတ်ဓာတ်ပဲဖြစ်ပါတယ်။ **အမျိုးသားရေးစိတ်ဓာတ်ဟာ လူမျိုး၊ ဘာသာမခွဲခြားဘဲ တစ်သားတည်းရှိနေတာဖြစ်ပါတယ်။** ကျွန်တော်တို့ကျောင်းသားဘဝတစ်လျှောက်လုံးမှာလည်း နိုင်ငံတော်အလံကို အလေးအမြတ်ပြုခဲ့သလို နိုင်ငံတော်သီချင်းကိုလည်း ကြက်သီးမွေးညင်းထအောင် လှိုက်လှိုက်လှဲလှဲ ဆိုခဲ့ပါတယ်။ "ဘယ်မှာပဲနေနေ တိုင်းပြည်နဲ့လူမျိုးအပေါ် သစ္စာရှိခြင်းဟာ အီမာန်ယုံကြည်မှုရဲ့ အစိတ်အပိုင်းဖြစ်တယ်" လို့ဆိုတဲ့ အဆိုတစ်ရပ်ရှိပါတယ်။ **ကျွန်တော်တို့ဟာ မြန်မာနိုင်ငံမှာမွေးတဲ့ မြန်မာနိုင်ငံသားတွေပဲဖြစ်ပါတယ်။ ဘယ်နိုင်ငံကိုပဲရောက်ရောက်၊ ဘယ်လိုပဲနေရနေရ မြန်မာဆိုတဲ့ စိတ်ဓာတ်ဟာ ကျွန်တော်တို့နှလုံးသားထဲမှာ အစဉ်အမြဲကိန်းအောင်း ရှင်သန်နေမှာပဲ ဖြစ်ပါတယ်။**

ဒုတိယအချက်အနေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဘာသာရေးကိုအခြေခံတဲ့ အကြမ်းဖက်ဝါဒခြေမချနိုင်ပါဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံသား မူဆလင်တွေဟာ ရှေးအစဉ်အဆက်ကတည်းက ဒီနိုင်ငံ၊ ဒီနိုင်ငံသားတွေနဲ့ တစ်သားတည်း တည်ရှိခဲ့တာပါ။ မြန်မာနိုင်ငံရဲ့ သန္ဓေဗီဇအရ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ မတူကွဲပြားမှုတွေကို ပေပြစ်မျှတစွာ ပေါင်းစည်းနိုင်ခဲ့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အစွန်းရောက်အယူဝါဒတွေ အမြစ်တွယ်နိုင်ဖို့ မလွယ်ကူပါဘူး။ တောင်အာရှနဲ့ အရှေ့အလယ်ပိုင်းနိုင်ငံအချို့လို အစွန်းရောက်ဝါဒီတွေ ကြီးစိုးနိုင်တဲ့ အခြေအနေမျိုးမရှိပါဘူး။ **မြန်မာနိုင်ငံသားတွေရဲ့ သည်းခံခြင်း၊ စိတ်ရှည်ခြင်း၊ ရိုင်းပင်းကူညီခြင်း၊ အပြန်အလှန်လေးစားခြင်း အစရှိတဲ့ လူမှုယဉ်ကျေးမှု သင်္ကေတတွေဟာ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ စရိုက်လက္ခဏာတွေ ဖြစ်နေပါတယ်။ ဒီလိုမျိုး လူ့အဖွဲ့အစည်းမှာ ဘာသာရေးကို အခြေခံတဲ့ အစွန်းရောက် အယူဝါဒတွေ နေရာမယူနိုင်ပါဘူး။ အယ်လ်ခိုင်ဒါ အဖွဲ့အစည်းအနေနဲ့ သဘောထားပြင်းထန်သူအချို့ကို စည်းရုံးနိုင်ခဲ့တယ်ဆိုဦးတော့၊ သူတို့ဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်နိုင်ငံသားတွေအပေါ် ဘယ်လိုနည်းနဲ့မှ ပြန်လည်ဒုက္ခပေးနိုင်လိမ့်မယ်ဆိုတာကို ကျွန်တော်မယုံကြည်ပါဘူး။**

တတိယအချက်အနေနဲ့ အယ်လ်ခိုင်ဒါဟာ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ လူမှုရေးပဋ္ဌိပက္ခတွေကို အမြတ်ထုတ်ပြီး အင်အားတိုးချဲ့တဲ့သဘောလို့ ယူဆပါတယ်။ တကယ်တမ်းလေ့လာကြည့်ရင်လည်း ကျွန်တော်တို့ နိုင်ငံမှာ အယ်လ်ခိုင်ဒါအကြမ်းဖက်ဝါဒတွေ ဘယ်တုန်းကမျှမရှိခဲ့သလို ဒီနိုင်ငံထဲကို ခြေကုပ်ယူပြီး လှုပ်ရှားခဲ့တာမျိုးတွေလည်း မရှိခဲ့ပါဘူး။ ဒီလိုမျိုးလှုပ်ရှားမှုတွေ ပြည်တွင်းမှာ လုပ်ကိုင်နိုင်ဖို့ဆိုတာကလည်း ပြည်တွင်းက ထောက်ခံမှု၊ ပံ့ပိုးမှု၊ အားပေးကူညီမှုရှိမှသာ ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံသား မူဆလင်တွေကတော့ လုံးဝလက်ခံမှာမဟုတ်ပါဘူး။ ဒီကြေညာချက်ထွက်ပေါ်လာပြီးတဲ့နောက်မှာ ကျွန်တော်တို့အချင်းချင်းလည်းဆွေးနွေးဖြစ်ကြပါတယ်။ ကျွန်တော်တို့ကို သွေးထိုးပေးနေတာ၊ ပြည်တွင်းမှာ ပဋ္ဌိပက္ခတွေ ပြန်လည်ဖြစ်ပေါ်လာအောင် လှုံ့ဆော်ပေးနေတာလို့ပဲ ကျွန်တော်တို့ယုံကြည်ပါတယ်။ ကျွန်တော့်အနေနဲ့ အခွင့်သာတိုင်းပြောပါတယ်။ လူငယ်တွေကိုလည်း ရှင်းပြပါတယ်။ **ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းကို မတည်မငြိမ်ဖြစ်အောင် ပြည်ပကနေ လှုံ့ဆော်နေတာ၊ အစွန်းရောက်အယူအဆတွေ အားကောင်းလာအောင် စည်းရုံးနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့ သတိကြီးကြီးထားရမှာတော့အမှန်ပါ။**

> **ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းကို မတည်မငြိမ်ဖြစ်အောင် ပြည်ပကနေလှုံ့ဆော်နေတာ၊ အစွန်းရောက်အယူအဆတွေ အားကောင်းလာအောင် စည်းရုံးနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့ သတိကြီးကြီးထားရမှာတော့အမှန်ပါ။**

လတ်တလောကာလမှာ ကျွန်တော်တို့အနေနဲ့ အဖြစ်မှန်ကို ရင်ဆိုင်ကြဖို့၊ အမှန်ကိုအမှန်အတိုင်း သုံးသပ်ကြဖို့ အချိန်ကျရောက်လာပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အထူးသဖြင့် ကျွန်တော်တို့ နိုင်ငံသားအချင်းချင်းအကြားမှာ သံသယတွေ၊ မယုံကြည်မှုတွေ တိုးမြင့်ဖြစ်ပေါ်လာခဲ့တာတွေရဲ့ အရင်းအမြစ်က ရခိုင်ပြည်နယ် ကျောက်နီမော်က စတင်ခဲ့တဲ့ ဇာတ်လမ်းပဲဖြစ်ပါတယ်။ ဒါဟာ မထင်မှတ်ဘဲဖြစ်ခဲ့တဲ့ ရာဇဝတ်မှုတစ်ခုသက်သက်ပါ။ ဒီဖြစ်ရပ်အပေါ်မှာ ရန်ငြိုးရန်စတွေပုံအောပြီး လူမျိုးရေး၊ ဘာသာရေးတွေ ရောစွက်လိုက်တဲ့အခါမှာ ကျွန်တော်တို့ တစ်နိုင်ငံလုံး အရှက်ကွဲသိက္ခာကျစေခဲ့တဲ့ ဝမ်းနည်းဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်တွေ ပေါ်ပေါက်လာခဲ့ကြပါတယ်။ ဘာသာရေးဆိုတာ ထိလွယ်ရှလွယ်တဲ့ အနေအထားရှိတဲ့အတွက် ဒီလိုမျိုးဘာသာရေးကိုမှ ထိခိုက်နှိုးဆွလာတဲ့အခါ နှစ်ဖက်သော အသိုက်အဝန်းမှာ ရန်လိုမှုတွေ တိုးမြင့်ဖြစ်ပေါ်လာစေခဲ့ပါတယ်။ အရင်တုန်းကအချိန်တွေ ပြန်မြင်ယောင်တွေးတောကြည့်ရင် ကျွန်တော်တို့ တက္ကသိုလ်မှာ သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ ပျော်ပျော်ပါးပါး တစ်သားတည်း အချိန်တွေကုန်ဆုံးခဲ့တာတွေကို သတိရမိပါတယ်။ ရန်ကုန်မြို့ သမိုင်းနယ်မြေက တက္ကသိုလ်ကျောင်းသားအဆောင်တွေမှာ လူမျိုးစုံ၊ ဘာသာစုံရောထားခဲ့တာပါ။ ကျွန်တော့်ကို "ကုလား" လို့ခေါ်၊ အညာသားကို "အညာသားကျောကုန်း" လို့ခေါ်၊ ကရင်ကို "ပတ်ကညော"လို့ ခေါ်နဲ့ နာမည်အရင်းတောင် မသိကြတော့ပါဘူး။ ခုနေရတဲ့ အနေအထားကြောင့် ဒီကျောင်းသားဘဝကို တမ်းတမိသလို ဝမ်းလည်းနည်းမိပါတယ်။

ဒါပေမယ့် အခုအချိန်မှာတော့ စိတ်မချမ်းမြေ့စရာ ပဋ္ဌိပက္ခတွေ ကြုံတွေ့ခဲ့ရပြီးတဲ့နောက်မှာ အမုန်းတရားတွေဖြစ်ပေါ်လာပါတယ်။ ဒီအမုန်းတရားတွေ ရှေ့လျှောက် တိုးမြင့်ဖြစ်ပေါ်လာမှာကို အထူးပဲ စိုးရိမ်မိပါတယ်။ **ပဋ္ဌိပက္ခကို အခွင့်ကောင်းယူပြီး တလွဲအသုံးချလိုသူတွေရဲ့ လှုံ့ဆော်မှုကြောင့်လည်း အသိုင်းအဝိုင်းနှစ်ဖက်စလုံးမှာ အစွဲပြင်းထန်သူတွေ၊ အမုန်းတရားတွေ ဖြန့်ဖြူးနေသူတွေ ထွက်ပေါ်လာနိုင်ပါတယ်။ ဒီလိုသဘောထား တင်းမာသူတွေကို ကျွန်တော်တို့အားလုံး ဆန့်ကျင်ကြရမှာဖြစ်ပါတယ်။ မကြာသေးတဲ့အချိန် တက္ကသိုလ်တုန်းက ကျွန်တော်တို့ သူငယ်ချင်းဟောင်း ခရစ်ယာန်တွေ၊ ဟိန္ဒူဘာသာဝင်တွေ၊ ဗုဒ္ဓဘာသာဝင်တွေနဲ့ ပြန်တွေ့ဆုံကြ၊ ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်ပြောင်းပြောကြတဲ့အခါ ကျွန်တော်မျက်ရည်ကျခဲ့မိပါတယ်။ ကျွန်တော်တို့ဟာ အရမ်းကို ချစ်ခင်ခဲ့ကြတဲ့သူငယ်ချင်းတွေပါ။ ကျွန်တော့်အပေါ်မှာ သူငယ်ချင်းတွေ သဘောထားမပြောင်းလဲသလို ကျွန်တော့်အနေနဲ့လည်း ကျွန်တော့်သူငယ်ချင်းတွေအပေါ်မှာ သဘောထားပြောင်းလဲမသွားခဲ့ပါဘူး။** နောက်ဆုံးမှာ ထိလွယ်ရှလွယ်တဲ့ ပဋ္ဌိပက္ခတွေ အကြောင်း စကားစမြည်ရောက်ရှိသွားတဲ့အခါမှာ ကျွန်တော့်ရင်ထဲက ခံစားချက်တွေကို အိတ်သွန်ဖာမှောက်ပြောခဲ့မိပါတယ်။ ကျွန်တော်တို့သူငယ်ချင်းတွေ အားလုံး ကျွန်တော့်ခံစားချက်ကို နားလည်ကြပါတယ်။ သူတို့တစ်တွေနဲ့ ရင်ဖွင့်ခံစားရာကနေ ကျွန်တော် ဒီဆောင်းပါးကို ရေးဖြစ်တာပါ။

ကျွန်တော်တို့ မြန်မာနိုင်ငံသား မူဆလင်တွေဟာ ဒီနိုင်ငံမှာ ရှေးပဝေသဏီကတည်းက အေးအတူပူအမျှ အတူတကွ နေထိုင်လာခဲ့ကြတာပါ။ ဒီသမိုင်းကြောင်းကို မသိကြသေးတဲ့ လူငယ်အတော်များများလည်း ရှိနေကြပါတယ်။ ဒါကြောင့်လည်း အသေးစိတ် ရှင်းလင်းတင်ပြချင်ပါတယ်။ ကုရ်အာန် (၄၀း၁၀)မှာ "အတိတ်ကဖြစ်ရပ်တွေကို ကြည့်ကြ။ ဘာကြောင့် မကြည့်ကြသနည်း"ဆိုပြီး ဟောကြားထားပါတယ်။ ကုရ်အာန်ရဲ့ မုက္ခပါဠိတော်အရ မူဆလင်တွေဟာ ဒီနိုင်ငံမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ဗြိတိန်ချမ်းစွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ သယံဇာတပေါကြွယ်ဝတဲ့နိုင်ငံဖြစ်လို့ အိမ်နီးချင်းဖြစ်တဲ့ မဂိုတွေ၊ ပါရှင်းတွေနဲ့ တခြားအိန္ဒိယလူမျိုးနွယ်စုတွေ ဝင်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံထဲကို ဝင်ရောက်ခဲ့ကြတဲ့ အိန္ဒိယအနွယ်ဝင်တွေထဲမှာ အစွလာမ်ဘာသာ သက်ဝင်ယုံကြည်သူတွေ အများအပြားပါရှိခဲ့ကြပါတယ်။

ပုဂံခေတ်ရဲ့ နောက်ဆုံးဘုရင်ဖြစ်တဲ့ နရသီဟပတေ့ (တရုတ်ပြေးမင်း)လက်ထက်မှာ တရုတ်တို့နဲ့ စစ်ဖြစ်ကြတော့ မြန်မာနိုင်ငံမြောက်ပိုင်းက တာရ်တာရ်လို့ခေါ်တဲ့ တူရကီနွယ်ဝင်တွေဝင်လာကြပြီး အခုဗန်းမော် (ယခင်ကောင်းစင်)ကို သိမ်းပြီး အခြေတကျနေထိုင်ခဲ့ကြတယ်ဆိုတဲ့ သမိုင်းရှိခဲ့ပါတယ်။ ပုဂံခေတ်လွန်ပြီး တောင်ငူဘုရင် တပင်ရွှေထီးလက်ထက်မှာ မင်းခေါင်နော်ရထာနှင့်အတူ တိုင်းပြည်အရေးကိစ္စဆောင်ရွက်တယ်ဆိုတဲ့ သမိုင်းတစ်ရပ်ကိုပါတွေ့ရပါတယ်။ တောင်ငူခေတ်လွန်ပြီး ညောင်ရမ်းခေတ်ရောက်လာတော့ နိုင်ငံအတွင်းမှာ ရှိနေကြတဲ့ အစွလာမ်ဘာသာဝင်တွေကို အနောက်ဘက်လွန်မင်းက လုပ်ကိုင်စားရေးအတွက်နဲ့ တိုင်းပြည်တာဝန်ထမ်းဆောင်ကြဖို့ ပထမအကြိမ်နေရာချထားပေးခဲ့ပါတယ်။ ညောင်ရမ်းခေတ်အတွင်းမှာပဲ အနောက်ဘက်လွန်မင်း နတ်ရွာစံပြီး ဒုတိယမြောက်ဘုရင်ဖြစ်လာတဲ့ သာလွန်မင်းလက်ထက်မှာ အစွလာမ်ဘာသာဝင်အစုကို လုပ်မြေ၊ နေမြေပေးပြီး ဒုတိယအကြိမ်နေရာချထားပေးခဲ့ပါတယ်။

ညောင်ရမ်းခေတ်လွန် အင်းဝခေတ်အစ စနေမင်း လက်ထက်မှာ အစွလာမ်ဘာသာဝင်အစုတို့ကို မြို့(၁၂)မြို့ခွဲပြီး အတည်တကျ နေရာချပေးနေစေခဲ့ပါတယ်။ ကုန်းဘောင်ခေတ်အစ အလောင်းဘုရားဦးအောင်ဇေယျ မင်းဖြစ်တဲ့အခါ သူ့တပ်မတော်မှာ မင်းမှုထမ်းများအဖြစ် ပါဝင်စေခဲ့ပါတယ်။ ကုန်းဘောင်ခေတ်အတွင်း အလောင်းဘုရားဦးအောင်ဇေယျ ကသည်းပြည်ကို ချီတက်တိုက်ခိုက်ရာ ဖမ်းဆီးရမိပြီး သစ္စာတော်ခံကြတဲ့အထဲမှာ အစွလာမ်ဘာသာဝင် ကသည်းမူဆလင်တွေပါခဲ့ပြီး အတည်တကျနေထိုင်စေခဲ့ပါတယ်။ ကုန်းဘောင်ခေတ်အတွင်း ဘိုးတော်ဦးဝိုင်းခေတ်မှာ စာပေပညာရှင်ကြီး မုဟမ္မဒ်ကာစင်မ်လို့ခေါ်တဲ့ ဆရာကြီးဦးနုဆိုတာ ပေါ်ခဲ့ပါတယ်။ ဆရာကြီး ဦးနုနဲ့ တစ်ခေတ်တည်း တစ်ချိန်တည်းပေါ်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီး ကတော့ သူတော်စင် 'အာဗိရှားဟ် ဟိုစိုင်နီ'ဆိုတာပါပဲ။

ဘိုးတော်ဦးဝိုင်း လွန်တဲ့အခါ စစ်ကိုင်းမင်းလို့ လည်းခေါ်တဲ့ နောင်တော်ကြီးမင်းခေတ်မှာ အင်္ဂလိပ်နယ်ချဲ့တို့နဲ့ တိုက်ရတဲ့ ရာမူး-ပန်းဝါစစ်ပွဲမှာ စစ်သူကြီးအဖြစ် တာဝန်ယူရတဲ့ မဟာဗန္ဓုလနဲ့အတူ 'ခန်ဆပ်ဗိုလ်' ဦးဆောင်တဲ့ မြင်းတပ်လည်း ပါဝင်ခဲ့ရပါတယ်။ ဘိုးတော်ဦးဝိုင်း မင်းပြုအုပ်ချုပ်တဲ့ကာလမှာပဲ အမြောက်တပ်၊ သေနတ်ကိုင်တပ်၊ မြင်းတပ်တို့ ပေါ်လာခဲ့ပါတယ်။ အဲဒီနောက်မှာတော့ မင်းတုန်းမင်းတရားကြီး နန်းတက်ခဲ့ပါတယ်။ မင်းတုန်းမင်းတရားကြီးနဲ့ ကနောင်မင်းသားတို့ နောင်တော် ပုဂံမင်းနဲ့မသင့်မမြတ်ဖြစ်ပြီး ရွှေဘိုကိုထွက်သွားကြတဲ့အခါ ဦးရွက်နဲ့ ဦးဘိုးဆိုသူ အစွလာမ်ဘာသာဝင် ပသီများလိုက်ပါသွားခဲ့ကြပါတယ်။ နေပြည်တော် ပြန်ရောက်ပြီး ဘုရင်ဖြစ်လာတဲ့အခါ ဦးရွက်ဆိုသူဟာ ဘုရင့်စားတော်များကို စစ်ဆေးရတဲ့ စားတော်ခေါင်းဆောင် ဖြစ်လာခဲ့ပါတယ်။

စာမျက်နှာ ၇ သို့

❒ စာမျက်နှာ ၆ မှ

ဦးဘိုးကတော့ ဂျွန်းဗလီဆောက်လုပ်လျှက်ဒါန်းတဲ့ ဗလီဒကာကြီး ဖြစ်လာခဲ့ပြီး နာခံတော်များအဖြစ် ပါခဲ့ကြတာပါ။ မင်းတုန်းမင်းတရားကြီး ဘုရင်ဖြစ်ပြီး (၁၃)နှစ်အကြာမှာ မန္တလေးမြို့သစ်ကို တည်ခဲ့ပါတယ်။ မြို့တည်ပြီးတဲ့အခါ ရပ်ကွက်ကြီးပေါင်း (၁၇)ရပ်ကွက်ကို အစ္စလာမ်ဘာသာဝင်တွေအတွက် သီးသန့် သတ်မှတ်နေရာချထားပေးခဲ့ပါတယ်။ နိုင်ငံသား အစ္စလာမ်ဘာသာဝင်တွေ မပြုမနေရ တာဝန်ဖြစ်တဲ့ ဆွလာသ်ဝတ်ပြုနိုင်ကြဖို့ ဗလီနေရာ (၂၀) သတ်မှတ်ပေးခဲ့ပါတယ်။ ဘုရင့်ကိုယ်ရံတော်တပ်ကိုတော့ နန်းမြို့ရိုးအတွင်းမှာ နေရတဲ့အတွက် သူတို့ဆွလာသ်ဝတ်ပြုနိုင်ဖို့ နန်းမြို့ရိုးအတွင်း အရှေ့တောင်ထောင့်မှာ ဗလီတစ်လုံးဆောက်စေခဲ့ပါတယ်။ အဲဒီဗလီဆောက်ဖို့ ပန္နက်ရိုက်တဲ့အခါ မင်းတုန်းမင်းကိုယ်တိုင် ရွှေပန္နက်ရိုက်ပေးခဲ့လို့ ရွှေပန္နက်ဗလီဆိုပြီး အမည်တွင်ခဲ့တာပဲဖြစ်ပါတယ်။

အင်္ဂလိပ်တွေ မြန်မာနိုင်ငံကို အပြီးသိမ်းပြီးတော့ ရွှေပန္နက်ဗလီနေရာမှာ ပိုလိုကစားကွင်းလုပ်တော့ ပျက်ခဲ့ရပါတယ်။ အခုလွတ်လပ်ရေးကျော်တိုင် စိုက်ထားတဲ့ နေရာနဲ့အနီးမှာ ဖြစ်ပါတယ်။ မင်းတုန်းမင်းတရားကြီးဟာ သူ့တိုင်းသူပြည်သားတို့ အစ္စလာမ်သာသနာရဲ့ မဏ္ဍိုင်ကြီး(၅)ရပ်မှာ တစ်ရပ်ပါဝင်တဲ့ ဟက္ပါပြုလုပ်ဖို့သွားကြတဲ့အခါ မျက်နှာမငယ်ရလေအောင် မက္ကာဟ်မြို့မှာ ဒေါင်းတံဆိပ်ခပ်နှိပ်ပြီး ဇရပ်တော်ကြီးဆောက်ပေးခဲ့ပါတယ်။ မင်းတုန်းမင်းတရားကြီးလွန်ပြီး သားတော် သီပေါမင်းဘုရင်ဖြစ်လာတဲ့အခါ အမြောက်တပ်ကြီး (၄)တပ်နဲ့ ကင်းတားကုလားပျိုသေနတ်ကိုင်တပ်၊ ဝလီခန်ခေါင်းဆောင်တဲ့မြင်းတပ်တို့ ရှိနေကြပြီ။ သီပေါဘုရင်လက်ထက် အင်္ဂလိပ်-မြန်မာ ပထမစစ် (၁၈၂၄)၊ ဒုတိယစစ် (၁၈၅၂-၅၆)၊ တတိယစစ် (၁၈၈၅) ခုနှစ်တို့မှာ စစ်ပွဲသုံးပွဲဆင်ကြပြီး မြန်မာနိုင်ငံကို အပြီးအပိုင်သိမ်းကြဖို့ချီတက်လာတဲ့ နယ်ချဲ့တို့ကို ခုခံတိုက်ကြဖို့ သီပေါဘုရင်က စစ်ကြောင်းချီရတဲ့ တောင်ငူစစ်ကြောင်းကို ဦးခြုံ့ဆိုသူက တာဝန်ယူခဲ့ရပါတယ်။ အဲဒီဦးခြုံ့ဟာလည်း နိုင်ငံသားအစ္စလာမ်ဘာသာဝင်တစ်ဦးဖြစ်ပါတယ်။ ၁၈၈၅ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့မှာ သီပေါဘုရင်ပါတော်မူပြီး ၁၈၈၆ ခု ဇန်နဝါရီလ ၁ ရက်နေ့မှာ မြန်မာတစ်နိုင်ငံလုံးကို ဝိတိုရိယဘုရင်မကြီးပိုင်အဖြစ် ကြေညာခဲ့ပါတယ်။ ဒါပေမယ့် (၁၀)နှစ်တိုင် ဗိုလ်မင်းရောင် (အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏အဘိုး) တို့နဲ့ တိုင်းပြည်အနှံ့ လက်နက်ကိုင်တော်လှန်ရေးလုပ်ကြတဲ့အထဲမှာ ဗိုလ်ရာကွတ်ဆိုသူ နိုင်ငံသားအစ္စလာမ်ဘာသာဝင်ဟာ ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးသိမ်းပြီးတဲ့နောက် အင်္ဂလိပ်နယ်ချဲ့တို့ဟာ အိန္ဒိယနိုင်ငံသားတွေကို အတောမသတ် ဝင်ရောက်စေခဲ့တာကြောင့် မြန်မာနိုင်ငံသား အစ္စလာမ်ဘာသာဝင် အစုထဲမှာ ရှုပ်ထွေးမှုတွေ ပိုမိုဖြစ်ပေါ်ခဲ့ရပါတယ်။

မြန်မာနိုင်ငံကို အပြီးအပိုင်သိမ်းပိုက်ပြီး (၁၀) နှစ်တိုင် နယ်ချဲ့ခေတ်ဦးတော်လှန်ရေးသမားကြီးတို့ရဲ့ ပုန်ကန်တိုက်ခိုက်ခဲ့ကြတာကြောင့် တိုင်းပြည်အေးချမ်းအောင် မလုပ်နိုင်ခဲ့ကြပါဘူး။ ခေတ်ဦးတော်လှန်မှုကြီးကိုနှိမ်နင်းဖို့ အိန္ဒိယပြည်က ဒီဝီဇံတပ်ကြီး(၃)တပ် ခေါ်ယူနှိမ်နင်းခဲ့ကြလို့ (၁၀) နှစ်ကျော်မှာ အနယ်ထိုင်စပြုခဲ့တာပါ။ အဲဒီနောက်မှာ အင်္ဂလိပ်တွေဟာ အိန္ဒိယနိုင်ငံသား တရားသူကြီးချုပ်ကစပြီး အောက်ခြေအလုပ်သမားတွေအထိ ခေါ်ယူခဲ့ပြီး မြန်မာနိုင်ငံကို ခြယ်လှယ်စေခဲ့ပါတယ်။ အိန္ဒိယနိုင်ငံသားတွေ ဒီလိုမျိုးဝင်လာခဲ့ကြပြီး အလုပ်ဟူသမျှ ဝင်လုပ်ကြလို့ ဘိုးဘွားအမွေမြေယာတွေ ချစ်တီးတွေလက် အပိုင်စားဖြစ်ခဲ့ရတာတွေ ရှိခဲ့ပါတယ်။ **အင်္ဂလိပ်ကိုလိုနီအစိုးရရဲ့ ပညာရေးစနစ်ကို ဘုရင်ခံက အတည်ပြုကြေညာခဲ့ပြီးတဲ့နောက် ပထမဆုံးထွက်ပေါ်လာခဲ့တဲ့ သပိတ်မှောက်တက္ကသိုလ် ကျောင်းသား ၁၁ ဦးထဲမှာ နိုင်ငံသားမူဆလင် ကိုဘရှင်(သံတွဲ)လည်း အပါအဝင်ဖြစ်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်များတိုက်ပွဲကြောင့် အမျိုးသားကျောင်းတွေ မြန်မာနိုင်ငံမြို့ကြီးတွေမှာ ဖွင့်ခဲ့ကြတော့ မန္တလေးမြို့မှာ ဖွင့်လှစ်ခဲ့တဲ့ အမျိုးသားကျောင်းကို နိုင်ငံသားမူဆလင်တစ်ဦးဖြစ်တဲ့ ဆရာကြီး ဦးရာဇတ်က ကျောင်းအုပ်အဖြစ် တာဝန်ယူခဲ့ပါတယ်။** ၁၉၃၀ ခုနှစ်မှာ ဆိပ်ကမ်းအလုပ်သမား တေလဂူတွေနဲ့ မြန်မာအလုပ်သမားတွေ စိတ်ဝမ်းကွဲမှုဖြစ်ကြရတဲ့ ပထမကြိမ် ကုလား-ဗမာ အဓိကရုဏ်းဖြစ်ခဲ့တော့ နိုင်ငံခြားသားချင်းတူတဲ့ အိန္ဒိယသား မူဆလင်အချို့က တေလဂူတွေဘက်က ပါဝင်ခဲ့ကြပါတယ်။ ကျွန်တော်တို့ နိုင်ငံသားမူဆလင်တွေကတော့ မြန်မာအလုပ်သမားတွေဘက်က ရပ်တည်ခဲ့ကြပါတယ်။ ဒီပြဿနာမှာ တေလဂူတွေဘက်မှာ နိုင်ငံသား မူဆလင်အချို့ ရောနှောပါဝင်ခဲ့တယ်ဆိုတဲ့ ပြောကြားချက်တွေ ထွက်ပေါ်လာခဲ့ပြီးတော့ နိုင်ငံသားမူဆလင်တွေနဲ့ မြန်မာနိုင်ငံသားတွေအကြားမှာ အထင်အမြင်လွဲမှားစရာတွေ ဖြစ်ပေါ်ခဲ့ရပါတယ်။

> **ဘာသာ၊ လူမျိုးဘယ်လိုပဲ ကွဲပြားနေပါစေ အယ်လ်ခိုင်ဒါအကြမ်းဖက်ဝါဒီတွေနဲ့ အကြမ်းဖက်ဝါဒတွေကို ကျွန်တော်တို့ နိုင်ငံသားအားလုံးအနေနဲ့ နိုင်ငံတော်ရဲ့ ရန်သူ Enemy of the State၊ ပြည်သူလူထုရဲ့ ရန်သူ Enemy of the People၊ အားလုံးရဲ့ ဘုံရန်သူ Common Enemy အဖြစ် တညီတညွတ်တည်းသတ်မှတ်ပြီး ဆန့်ကျင်တိုက်ဖျက်သွားကြရမှာဖြစ်။**

၁၉၃၀ ခုနှစ်မှာ ဆရာစံခေါင်းဆောင်တဲ့ လယ်သမားအရေးတော်ပုံကြီး ပေါ်လာခဲ့ပါတယ်။ အဲဒီဆရာစံ လယ်သမားသူပုန်ကြီးမှာ "က" တပ်သားကြီးအဖြစ်နဲ့ ဦးဒုးဒုးဆိုတဲ့ နိုင်ငံသားမူဆလင်တစ်ဦး ပါဝင်ခဲ့ပြီး ဆရာစံသူပုန်ဌာနချုပ်တည်ရာနဲ့ ၄-၅ မိုင်ကွာတဲ့ မူဆလင်ရွာကြီးက လယ်သမားတို့ သူပုန်အဖွဲ့မှာ ပါခဲ့ကြတယ်။ ၁၉၃၀ ခုနှစ် ဆရာစံလယ်သမား အရေးတော်ပုံ ပြီးပြီးချင်းဆိုသလို သခင်လူငယ်တွေ ခေါင်းဆောင်တဲ့ တို့ဗမာ အစည်းအရုံးပေါ်လာတယ်။ **တို့ဗမာအစည်းအရုံးကြီးက ဗမာပြည် တို့ပြည်၊ ဗမာစကားတို့စကား၊ ဗမာစာတို့စာဆိုတဲ့ ကြွေးကြော်သံထုတ်ပြီး တိုင်းပြည်တစ်ဝန်းလုံး နယ်ချဲ့ဆန့်ကျင်ရေး လုပ်ခဲ့ကြတာဖြစ်ပါတယ်။ အဲဒီအဖွဲ့ဝင်တွေကို "သခင်ပေါက်စ ထောင်ခြောက်လ" လို့ သတ်မှတ်ခဲ့ကြပြီး အဲဒီအဖွဲ့ထဲပါရင် ထောင်ခြောက်လကျရမယ်ဆိုတဲ့အထဲမှာ သခင်အဖွဲ့ဝင်အဖြစ် နိုင်ငံသား မူဆလင်လူငယ်တွေပါခဲ့ကြပါတယ်။** နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲတွေ တိုးလာလို့ နယ်ချဲ့အင်္ဂလိပ်အစိုးရက မြန်မာပြည်အုပ်ချုပ်ရေးအဆင့် တိုးပေးဖို့ အင်္ဂလန်နိုင်ငံမှာ ၁၉၃၀ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်ကနေ ၁၉၃၁ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်အထိ ကျင်းပခဲ့တဲ့ "ရောင်းတေဘဲလ် ကွန်ဖရင့်" (စားပွဲဝိုင်းကွန်ဖရင့်) တက်ဖို့သွားကြတဲ့ အုပ်စုထဲမှာ ဦးအောင်သင်း (နိုင်ငံသားမူဆလင်) လိုက်ပါခဲ့ရပါတယ်။

ဒီနောက်ပိုင်း ၁၉၃၈ ခုနှစ် (၁၃၀၀-ပြည့် အရေးတော်ပုံကြီး) လို့ သမိုင်းတွင်ခဲ့တဲ့ ရေနံမြေအလုပ်သမားသပိတ်ကြီးပေါ်လာလို့ ရန်ကုန်သို့ ချီတက်ရာမှာ ဘာသာယုံကြည်မှု မခွဲခြားဘဲ ဘဝတူအလုပ်သမားများနဲ့အတူ တိုက်ပွဲဝင်ကြရာမှာလည်း နိုင်ငံသားမူဆလင်အလုပ်သမားတွေပါခဲ့ကြပါတယ်။ ၁၉၄၃-၄၅ ခုနှစ်ကတော့ ဂျပန်ဖက်ဆစ်တို့ အုပ်စိုးတဲ့ကာလပါ။ ဂျပန်ကိုတော်လှန်ရေးအတွက် ဘီဒီအေအဖွဲ့ ဗမာ့ကာကွယ်ရေးတပ်မတော်ထဲမှာ တပ်သားတွေအဖြစ် နိုင်ငံသားမူဆလင်တွေလည်း ပါဝင်ထမ်းဆောင်ခဲ့ကြပါတယ်။ ဂျပန်ခေတ် ဗိုလ်သင်တန်းတက်ခဲ့ရသူတို့လည်းရှိခဲ့ကြပါတယ်။ ဂျပန်ခေတ်အတွင်းက ဖွဲ့စည်းတဲ့ ဗလင်းတန်အခြေခံမယ်ဆိုတဲ့ အာရှလူငယ်အဖွဲ့ပေါ်ခဲ့တော့ တစ်ပြည်လုံးအတိုင်းအတာနဲ့ အမျိုးသား၊ အမျိုးသမီးတို့ ပါဝင်လှုပ်ရှားခဲ့ကြရာမှာ နိုင်ငံသားမူဆလင်တွေလည်း ပါဝင်ခဲ့ကြပါတယ်။ ၁၉၄၅ ခုနှစ် အစောပိုင်းမှာ ဂျပန်တို့ လက်နက်ချလိုက်ကြပြီးတဲ့ နောက် မဟာမိတ်တပ်ပေါင်းစုကလည်း မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်လိုက်ကြပြီး ၁၉၃၉ ခုနှစ်က ကျင့်သုံးခဲ့တဲ့ ဒိုမီနီယံအုပ်ချုပ်ရေးစနစ်နဲ့ သုံးနှစ်အုပ်ချုပ်မယ်၊ သုံးနှစ်ကြာတဲ့အခါ (၉၁)ဌာနအုပ်ချုပ်ရေးစနစ် ပြန်ပေးမယ်ဆိုတဲ့ စက္ကူဖြူစာတမ်းဆိုတာ ကိုင်လာခဲ့ပါတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ဖတပလ (ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေး) အဖွဲ့တပ်ပေါင်းစုက လက်မခံဘူး။ လုံးဝလွတ်လပ်ရေးပေးရမယ်ဆိုတဲ့ ကြွေးကြော်သံနှင့် တပ်ပေါင်းစုကြီးကို ကျယ်ပြန့်လာအောင်စည်းရုံးခဲ့ပါတယ်။ အလုပ်သမား၊ လယ်သမားတို့နဲ့ လူမျိုးစုတို့ တပ်ပေါင်းစုမှာ ပါလာအောင် ကြိုးပမ်းတယ်။ ဗမာ-မူဆလင်ဆိုတဲ့ အစုအဝေးကလည်း အဖွဲ့ဖွဲ့ပြီး တပ်ပေါင်းစုမှာပါကြဖို့ ဗိုလ်ချုပ်အောင်ဆန်းက တိုက်တွန်းခဲ့ပါတယ်။

**၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်မှ ၂၁ရက်အထိ ရွှေတိဂုံအလယ်ပစ္စယံမှာ ညီလာခံကြီး ကျင်းပတော့ ဖတပလ (ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး)အဖြစ်မှ ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး) လို့ နာမည်ပြောင်းခဲ့ပါတယ်။ ဖဆပလ တပ်ပေါင်းစုမှာ ဦးစီးကိုယ်စားလှယ်များထဲမှာ နိုင်ငံသား မူဆလင်တွေဖြစ်ကြတဲ့ ဆရာကြီးဦးရာဇတ်၊ ဦးဖေခင် (သံအမတ်ကြီး-ငြိမ်း) နှင့် ကိုကြွယ်ဝတို့ ပါဝင်ခဲ့ကြပြီး တိုးချဲ့ဦးစီးအဖွဲ့ဝင်များထဲမှာ ပါဝင်ခဲ့တဲ့ နိုင်ငံသား မူဆလင်တွေကတော့ ဦးညီညီ-မန္တလေး၊ ဟာဂျီဦးအောင်စိန်-ရန်ကုန်၊ မစ္စတာရာမန်း၊ ရန်ကုန်ဦးဘတင်(ခ) မစ္စတာ ရာရှစ်တို့ပဲ ဖြစ်ကြပါတယ်။** အလယ်ပစ္စယံညီလာခံကြီးမှာ အဆိုများအဖြစ် တင်သွင်းဆုံးဖြတ်ကြတော့ အဆိုအမှတ်(၁) လုံးဝလွတ်လပ်ရေးအဆိုကို သခင်မြက တင်သွင်းပြီး ထောက်ခံကြသူတို့ကတော့ သခင်စိုး၊ ဦးအောင်စိန် (နိုင်ငံသားမူဆလင်)နဲ့ မြင်းခြံကိုယ်စားလှယ်ဦးကြည်လွင်တို့ ဖြစ်ကြပါတယ်။ ဘိလပ်သွားကိုယ်စားလှယ် ရွေးချယ်ရေးအဆိုကို ဦးဘသီ(မန္တလေး)က တင်သွင်းပြီး ဦးညီညီ (နိုင်ငံသားမူဆလင်) မန္တလေးနဲ့ ဦးကြည်လွင်(မြင်းခြံကိုယ်စားလှယ်)တို့က ထောက်ခံခဲ့ကြပါတယ်။ တိုင်းရင်းသားလူနည်းစုများ အရေးအဆိုကို ဒီးဒုတ်ဦးဘချိုက တင်သွင်းပြီး ကိုဘဆွေ(ဖျာပုံ)၊ မွန်ဘိုချိုနဲ့ ကိုဘသိန်း(ပြည်)တို့က ထောက်ခံခဲ့ကြပါတယ်။ ပြည်နယ်-ပြည်မ မခွဲခြားဘဲ ပူးပေါင်းလွတ်လပ်ရေး တိုက်ပွဲဝင်ကြရန်အဆိုကို ဦးဖေခင် (နိုင်ငံသား မူဆလင်)က တင်သွင်းခဲ့ပါတယ်။ နိုင်ငံတကာရေးရာ အဆိုကို ဦးသိန်းဖေက တင်သွင်းပြီး ဆိုရှယ်လစ်တပ်ဦး အယ်ဒီတာ ဦးကိုကိုကြီးနှင့် ကိုကြွယ်ဝ (နိုင်ငံသား မူဆလင်) ကိုယ်စားလှယ်က ထောက်ခံခဲ့ပါတယ်။ ဒီးဒုတ် ဦးဘချိုတင်သွင်းခဲ့တဲ့ အဆိုအမှတ်(၆)မှာ ဗမာ-မူဆလင်လူထုသည် အိန္ဒိယသားများနဲ့ လမ်းခွဲကြပြီး မြန်မာများအဖြစ် ခံယူလာကြသည်ကို ကြိုဆိုကြောင်း၊ ၎င်းတို့ကို နိုင်ငံသားများ ရသင့်ရထိုက်သည့် အခွင့်အရေးများတန်းတူပေးရန် ဖဆပလမှ တာဝန်ယူကြောင်းလို့ ပါရှိခဲ့ပါတယ်။

နယ်ချဲ့ခေတ် (၉၁)ဌာန အုပ်ချုပ်ရေးနဲ့ တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲနဲ့ ဒုတိယအကြိမ်ရွေးကောက်ပွဲတို့မှာ မင်းတိုင်ပင်အမတ်၊ ပြည်သူ့လွှတ်တော်အမတ်၊ လူမျိုးစုလွှတ်တော်အမတ်များ အဖြစ် ရွေးချယ်ခံကြရပြီး တိုင်းပြည်တာဝန်ထမ်းဆောင်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ အဖြစ် တာဝန်ယူခဲ့ကြတာတွေလည်း ရှိခဲ့ပါတယ်။ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ဖဆပလနှင့် သန့်ရှင်းအဖွဲ့ ပါလီမန်အမတ်များအဖြစ် အရွေးခံခဲ့ရပြီး တိုင်းပြည်တာဝန်ထမ်းဆောင်ခဲ့ကြသူ နိုင်ငံသားမူဆလင်တွေကတော့ (၁) ဆရာကြီးဦးရာဇတ်၊ (၂) ဦးဖေခင်၊ (၃) ဦးသန်းမြင့်၊ (၄) ဦးခင်မောင်လတ် (မြောင်းမြ)၊ (၅) ဦးသန်းညွန့် (နောင်ဟာဂျီဦးသန်းညွန့် - မေမြို့)၊ (၆) ဝဏ္ဏကျော်ထင်ဆရာမကြီး ဒေါ်စောရွှေ၊ (၇) ဦးဂျမား (ပုသိမ် - သထုံ)၊ (၈) ဦးမြင့်သိန်း (သထုံ)၊ (၉) ဆရာချယ် (တပ်ကုန်း)၊ (၁၀) ဦးဘကြွယ် (မန္တလေး)၊ (၁၁) ဒေါ်အေး ညွန့် (ရခိုင်)၊ (၁၂) ဦးသိန်းမောင် (ကျောက်ဖြူ)၊ (၁၃) စူလ်တာန်အဟ်မဒ်(ရခိုင်)၊ (၁၄) စူလ်တာန်မာမွတ်၊ (၁၅) ဒေါ်ခင်ခင် (ဆရာကြီး ဦးရာဇတ်၏ ဇနီး)၊ (၁၆) ဦးကျော်ခင် (ရမည်းသင်း)တို့ပဲ ဖြစ်ကြပါတယ်။ အလားတူ (၉၁)ဌာန အုပ်ချုပ်ရေးခေတ်မှာ မင်းတိုင်ပင်များအဖြစ် (၁) ဦးဘိုးခိုင် (ရခိုင်)၊ (၂) ဟာဂျီဦးပို (မန္တလေး)၊ (၃) ဦးအောင်သင်း (ရန်ကုန်)တို့ ဆောင်ရွက်ခဲ့ကြပါတယ်။ မြို့ပြရေးရာ၊ မြေနီစီပယ်လူကြီးများအဖြစ် မြို့စုံမှလူကြီးမြေရေးရာကော်မတီတို့မှာ ဥက္ကဋ္ဌများအဖြစ် တာဝန်ယူခဲ့ကြသူများလည်းရှိခဲ့ကြပါတယ်။ ဖော်ပြပါစာရင်းမှာ မပါရှိဘဲ ကျန်နေခဲ့သူများလည်း ရှိနိုင်မှာဖြစ်ပါတယ်။

ကျွန်တော် ဒီသမိုင်းဖြစ်စဉ်တွေကို ဘာဖြစ်လို့ အသေးစိတ် ပြန်လည်တင်ပြနေရသလဲဆိုရင်တော့ ကျွန်တော်တို့ နိုင်ငံသားမူဆလင်တွေဟာ မြန်မာနိုင်ငံရဲ့ သမိုင်းဖြစ်စဉ် ဖြစ်ရပ်တွေနဲ့အတူ တစ်သားတည်း တည်ရှိခဲ့တဲ့အချက်ကို ထင်ရှားစေလိုခြင်းကြောင့်ပဲဖြစ်ပါတယ်။ **ဘင်္ဂလားပြည်-မြန်မာ နယ်စပ်မှာ ဖြစ်ပွားနေတဲ့ နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသူတွေရဲ့ပြဿနာနဲ့ ကျွန်တော်တို့ နိုင်ငံသားမူဆလင်တွေကို ရောထွေးရှုမြင်ခြင်းမပြုကြဖို့ ရှင်းလင်းနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံရဲ့ အမျိုးသားရေးလှုပ်ရှားမှုတိုင်းမှာ တစ်မျိုးသားလုံးနဲ့ အတူ ထပ်တူထပ်မျှ လက်တွဲဆောင်ရွက်ခဲ့ကြတာပါ။ ကျွန်တော်တို့ နိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်နေမယ်ဆိုရင် ဘယ်လိုအကြမ်းဖက်သမားမှ ဝင်ရောက်လာနိုင်မှာ မဟုတ်ပါဘူး။ ဒီလိုမျိုးဘာသာရေးကို ဗန်းပြပြီး စည်းရုံးသိမ်းသွင်းလာခဲ့ပေမယ့်လည်း ကျွန်တော်တို့ လက်မခံပါဘူး။** 'ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် မည်သည့်လူမျိုးကိုမှ မိမိတို့ကိုယ်တိုင် မိမိတို့ဘဝအခြေအနေများကို မပြုပြင်မပြောင်းလဲသမျှ အလ္လာဟ်အရှင်မြတ်သည် ပြုပြင်ပြောင်းလဲပေးမည်မဟုတ်" ဆိုပြီး (ကုရ်အာန် - ၁၃း၁၁) မှာ ဆိုထားပါတယ်။

အချုပ်အနေနဲ့ တင်ပြရရင် ကျွန်တော်တို့ နိုင်ငံသား မူဆလင်တွေအနေနဲ့ တစ်နိုင်ငံလုံး တစ်မျိုးသားလုံးနဲ့ လက်ချင်းတွဲ ကျောချင်းကပ်ပြီး အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်ဝါဒီတွေကို ဆန့်ကျင်သွားမှာဖြစ်ပါတယ်။ **ISIL၊ အယ်လ်ခိုင်ဒါနဲ့ အခြားသော အကြမ်းဖက်အဖွဲ့ အစည်းတွေဟာ ကျွန်တော်တို့ရဲ့ ဘာသာတရားကို ကိုယ်စားပြုခြင်းမရှိပါဘူး။ ဒီအဖွဲ့ အစည်းတွေရဲ့ စည်းရုံးသွေးထိုးလှုံ့ဆော်မှု ထောင်ချောက်ကို ကျွန်တော်တို့နိုင်ငံ မကျရောက်ဖို့လိုပါတယ်။ ဘာသာ၊ လူမျိုးဘယ်လိုပဲ ကွဲပြားနေပါစေ အယ်လ်ခိုင်ဒါအကြမ်းဖက်ဝါဒီတွေနဲ့ အကြမ်းဖက်ဝါဒတွေကို ကျွန်တော်တို့ နိုင်ငံသားအားလုံး အနေနဲ့ နိုင်ငံတော်ရဲ့ရန်သူ Enemy of the State၊ ပြည်သူလူထုရဲ့ ရန်သူ Enemy of the People၊ အားလုံးရဲ့ ဘုံရန်သူ Common Enemy အဖြစ် တညီတညွတ်တည်း သတ်မှတ်ပြီး ဆန့်ကျင်တိုက်ဖျက်သွားကြရမှာ ဖြစ်ကြောင်း တိုက်တွန်းချင်ပါတယ်။**

မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားအပေါင်း အကြမ်းဖက်အန္တရာယ်မှ ကင်းဝေးပြီး အေးချမ်းပါစေ၊ အားလုံးအပေါ် ချမ်းမြေ့သာယာမှုအပေါင်း သက်ရောက်ပါစေ။ ။

ပြည်တွင်းရေးရာ

# ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်တွင် ထားရှိပူဇော်မည့် ဗုဒ္ဓစွယ်တော်ပွားအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၅ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ ဝတ်အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**(ယာပုံ)**

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ၊ နေပြည်တော် ပျဉ်မနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓစွယ်တော်ပွားအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ဆက်လက်၍ စျေးကုန်းကျောင်းတိုက်ဆရာတော်ထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွှတ်ပွားသရဏာယ်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက လျှုဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လျှုဒါန်းပြီး စျေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လျှုဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား အရှုဏ်ဆွမ်း ဆက်ကပ်လျှုဒါန်းသည်။

စွယ်တော်ပွားပင့်ဆောင်မှုနှင့် ပတ်သက်၍ စွယ်တော်ပွားပင့်ဆောင်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက "ဒီစွယ်တော်ပွားဟာ တရုတ်နိုင်ငံကနေ မြန်မာနိုင်ငံကို ပင့်ဆောင်လာတဲ့ စတုတ္ထမြောက် စွယ်တော်ပွားပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရလက်ထက် တရုတ်နိုင်ငံက ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံကို ကြွလာတဲ့ အချိန်တုန်းက မြန်မာနိုင်ငံသားတွေဟာ တကယ့်ကို ယုံယုံကြည်ကြည် မြတ်မြတ်နိုးနိုး ဖူးမြော်ကြတာကို တရုတ်နိုင်ငံက စွယ်တော်တိုက်ဆရာတော်နဲ့ သံဃာတော်တွေမြင်တွေ့ခဲ့ကြပါတယ်။ အင်မတန် ကြည်နူးဝမ်းမြောက်ခဲ့ရတဲ့အတွက် ဒီဗုဒ္ဓမြတ်စွယ်တော်ကို မဖူးမြော်လိုက်ရတဲ့ ပြည်သူတွေအတွက် တရုတ်နိုင်ငံကိုလာစရာမလိုဘဲ ဖူးမြော်နိုင်အောင်ဆိုပြီး စွယ်တော်ပွားတွေကို မြန်မာနိုင်ငံကို လျှုဒါန်းခဲ့တာ ဖြစ်ပါတယ်။ ဒီဥပ္ပါတသန္တိစေတီတော်မြတ်ကြီးမှာ စွယ်တော်ပွား တစ်ဆူ၊ မန္တလေးမဟာမြတ်မုနိဘုရားကြီးမှာ စွယ်တော်ပွားတစ်ဆူနဲ့ ရန်ကုန်ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ တစ်ဆူလျှုဒါန်းခဲ့၊ ပင့်ဆောင်ပူဇော်ခဲ့ပြီးလည်း ဖြစ်ပါတယ်။

ဒီစတုတ္ထစွယ်တော်ပွားကိုတော့ ပြီးခဲ့တဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ တရုတ်နိုင်ငံခရီးစဉ်မှာ စွယ်တော်တိုက်ဆရာတော်နဲ့ တရုတ်နိုင်ငံသာသနာရေးဗျူရိုကနေ မြန်မာနိုင်ငံကို လျှုဒါန်းခဲ့တာဖြစ်ပြီး နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် လက်ခံပူဇော်ခဲ့တာလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန် ၁၆ ရက်က တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့ကနေ စတင်ပင့်ဆောင်ခဲ့ပြီး မူဆယ်၊ လားရှိုး၊ မန္တလေးမြို့တွေမှာ လှည့်လည်ပင့်ဆောင် အပူဇော်ခံခဲ့ပါတယ်။ အခု ဒီနေပြည်တော် ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်ကြီးမှာ ကိန်းဝပ်ခြင်းဖြစ်ပါတယ်။ အခု ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီးရင် ရန်ကုန်မြို့ကို ပင့်ဆောင်ပြီး နောက်တစ်နေ့မှာ ပုသိမ်မြို့ကို ဆက်လက်ပင့်ဆောင်ပူဇော်မှာဖြစ်ပါတယ်" ဟု ပြောကြားသည်။ **(သတင်းစဉ်)**

# ရခိုင်ဒေသနေပြည်သူများ လူနေမှုအဆင့်အတန်းများ မြင့်မားလာစေရန် ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား United Nations Development Programme (UNDP)မှ Country Director ဖြစ်သူ Mr.Tolly Kurbanov နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။**(ဝဝပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ရခိုင်ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်လိုအပ်သည့် အကူအညီများ ထောက်ပံ့ပေးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရန် စက်မှုကဏ္ဍနှင့် ခရီးသွားလုပ်ငန်းများတွင် အတူပူးပေါင်းလုပ်ကိုင်နိုင်ရေး၊ ရခိုင်ဒေသနေပြည်သူများ၏ Capacity Building မြှင့်တင်ရေး၊ လူနေမှုအဆင့်အတန်းများ မြင့်မားလာစေရန် လျှပ်စစ်မီး အလုံအလောက်ရရှိစေရေးနှင့် ငွေကြေးဆိုင်ရာ အထောက်အပံ့များ ရရှိစေရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❒ **ပျောက်ဆုံးနေသောမှ**

တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် တာဝန်ရှိသူများ၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ခြေလျင်တောင်တက်အဖွဲ့ဝင်များ၊ ဒေသခံများက ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းနှင့် တရုတ်နိုင်ငံသံရုံးတို့မှ ကမ်းလှမ်းမှုဖြင့် စက်တင်ဘာ ၁၃ ရက်က တရုတ်-မြန်မာချစ်ကြည်ရေးအသင်း တရုတ်နိုင်ငံမှ Blue Sky ကယ်ဆယ်ရေးအဖွဲ့မှ ကျွမ်းကျင်တောင်တက်သမား ကိုးဦး ရန်ကုန်မြို့သို့ ရောက်ရှိကာ ကယ်ဆယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရန် ပူတာအိုသို့ ဦးတေဇပိုင်လေယာဉ်ဖြင့် စက်တင်ဘာ ၁၄ ရက်က ရောက်ရှိခဲ့သည်။ ၎င်းအဖွဲ့ ပူတာအိုသို့ ရောက်ရှိချိန်တွင် စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ၊ ထူးဖောင်ဒေးရှင်း၊ သဘာဝခေါ်သံဖောင်ဒေးရှင်းတို့မှ တာဝန်ရှိသူများနှင့် ဆွေးနွေးပြီးနောက် ရာသီဥတုနှင့် အခြားအခက်အခဲများကြောင့် ပူတာအိုမှပြန်ပြီး တရုတ်နိုင်ငံ တိဘက်ဒေသဘက်မှ ခါကာဘိုရာဇီတောင်ကို တက်ရောက်ရှာဖွေကယ်ဆယ်မည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၁၆ ရက်တွင်မူ တရုတ်နိုင်ငံမှ အဖွဲ့ဝင်ရှစ်ဦးပါဝင်သော Blue Sky ကယ်ဆယ်ရေး ဒုတိယအဖွဲ့ (BSR's Second Rescue Team)သည် မြန်မာတောင်တက်သမားနှစ်ဦးကို ကူညီရှာဖွေရန် မြန်မာစံတော်ချိန် နံနက် ၁၁ နာရီတွင် တိဘက်ဒေသ Nan In Taung တောင်ခြေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း တရုတ်သံရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

စက်တင်ဘာ ၁၇ ရက်တွင် ထိုင်းနိုင်ငံ Advance Aviation ကယ်ဆယ်ရေးအဖွဲ့မှ ပေ ၂၀၀၀၀ ထိ ပျံသန်းနိုင်သော B4 ရဟတ်ယာဉ်တစ်စင်းနှင့် ထိုင်းနိုင်ငံသား ရဟတ်ယာဉ်မောင်း Captain Somkiat Kxatip နှင့် Captain Chatchawal Thanthong တို့ ပူတာအိုသို့ ယင်းနေ့နံနက် ၁၀ နာရီခွဲခန့်တွင် ရောက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်မည်ဟု သိရသည်။

စက်တင်ဘာ ၁၈ ရက်တွင် ရဟတ်ယာဉ်မောင်းကျွမ်းကျင်သည့် နီပေါနိုင်ငံသားနှစ်ဦး ပူတာအိုသို့ ရောက်ရှိခဲ့ပြီး ဂန်လန်ရာဇီတောင်တက်ခဲ့သော အမေရိကန်တောင်တက်အဖွဲ့မှ Andy Tyson အပါအဝင် အဖွဲ့ဝင်ငါးဦးတို့ ပူတာအိုသို့ ရောက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီရှာဖွေရန် ပူးပေါင်းဆောင်ရွက်မည်ဟု သိရသည်။

မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် ထူးဖောင်ဒေးရှင်း နာယက ဦးတေဇဦးဆောင်သော ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ခါကာဘိုရာဇီတောင် (ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၁၆၂၀၀) ရှိသော အခြေစိုက်စခန်းသို့ ရောက်ရှိခဲ့ပြီး တောင်တက် သမားနှစ်ဦး ပြန်အဆင်းတွင် အသုံးပြုရန် ထားရှိခဲ့သော ရိက္ခာခြောက်များ တွေ့ရှိခဲ့ကြောင်း ထူးဖောင်ဒေးရှင်းမှ ထုတ်ပြန်သော သတင်းများအရ သိရသည်။

ယင်းနေ့ နံနက် ၁၁ နာရီတွင် နီပေါနိုင်ငံမှ တောင်တက်ကယ်ဆယ်ခြင်းလုပ်ငန်းများကို ကျွမ်းကျင်သည့် ရဟတ်ယာဉ်မောင်း နှစ်ဦးနှင့် ဧဝရက်တောင်ထိပ်သို့ တက်ရောက်ခဲ့သူများကို လမ်းပြပေးခဲ့သည့် ကျွမ်းကျင်တောင်တက်သမားနှစ်ဦး ရန်ကုန်သို့ ရောက်ရှိခဲ့သည်။ ယင်းကယ်ဆယ်ရေးအဖွဲ့နှစ်ဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မှ ပူတာအိုသို့ ထူးဖောင်ဒေးရှင်းမှ စီစဉ်ပေးသည့် လေယာဉ်ဖြင့် ချက်ချင်းထွက်ခွာခဲ့ပြီး ထိုမှတစ်ဆင့် ခါကာဘိုရာဇီတောင်နှင့် အနီးဆုံးရွာဖြစ်သော တဟွန်ဒမ်းကျေးရွာသို့ ထူးဖောင်ဒေးရှင်းမှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု သတင်းရရှိသည်။ **သတင်းနှင့် ဓာတ်ပုံ - ခင်ဇာလီ(ကြေးမုံ)**

**ခါကာဘိုရာဇီတောင်ထိပ်အား အခြေစိုက်စခန်းမှ လှမ်းမြင်ရပုံ။**

# မြန်မာ့လက်ဝှေ့ချန်ပီယံနေရာလုပွဲ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာ့လက်ဝှေ့အားကစားကို အစဉ်အမြဲအားပေးလျက်ရှိသည့် ပရိသတ်များအတွက် ပွဲကြီးပွဲကောင်းကို စက်တင်ဘာ ၂၁ ရက် (တနင်္ဂနေ့)တွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းပွဲကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူး၍ H&S Group က စီစဉ်ခြင်းဖြစ်ပြီး အထူးခြားဆုံးပွဲစဉ်တစ်ခုမှာ လက်ရှိမြန်မာလက်ဝှေ့လောကဌ၌ နံပါတ်တစ်နေရာ ပိုင်ဆိုင်ထားသူ စောင်မန်း(ရွှေဖူး)ကို ထွန်းထွန်းမင်း (မုဒုံသား)က စိန်ခေါ်၍ ယှဉ်ပြိုင်ထိုးသတ်မည့်ပွဲပင်ဖြစ်သည်။ ယင်းပွဲယှဉ်ပြိုင်မှုကို ပြည်သူအများစောင့်ကြည့်သုံးသပ်ကြမည်ဖြစ်သလို ထိုးသတ်ကြမည့်သူနှစ်ဦးမှာလည်း ရေကုန်ရေခန်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ထိုပွဲစဉ်နှင့်အတူ အထူးစိန်ခေါ်ပွဲများကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။ ပွဲစဉ်များမှာ ဖိုးကေ(မန္တလေး)နှင့် စောရန်ပိုင်(မိဂသီ-ဘားအံ)၊ ထက်အောင်ဦး (တောင်ကလေး)နှင့် ကျားပေါက်(ရွှေသောင်ရင်း-မြဝတီ)၊စောအယ်လေး(T & T)နှင့် သားအသဲတစ်ပွင့်(စွမ်းကေကေ-မန္တလေး)၊ စောသဲဦး(T & T)နှင့် မိုးဟိန်း(မိဂသီ)၊ ဖြူလေး(မုဒုံသား)နှင့် ရှမ်းလေး(ဝါဆို)၊ ထွန်းနိုင်ဦး(ဖြူ/သွေး)နှင့် မြင့်အောင် (မုဒုံသား)၊ စောဖြိုးဝေ(ဖြူ/သွေး)နှင့်ရဲသွေးနီ(တောင်ကလေး)တို့ အနိုင်မခံအရှုံးမပေး ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်းသိရပြီး ဝင်ကြေးများမှာ ဌေကျပ် ၈၀၀၀၊ ၁၅၀၀၀၊ ၂၀၀၀၀၊ ၃၀၀၀၀ ဟု သတ်မှတ်ထားကြောင်း သိရသည်။

**(ဌေးအောင်)**

# သမိုင်းအထောက်အထား ရွှေပေလွှာ

တွေ့ဆုံမေးမြန်း ›› မင်းမင်းဇော်၊ ဟန်နီဝင်း

ဆရာကြီး ဒေါက်တာသန်းထွန်းက သမိုင်းကို မအအောင်သင်ကြားရမည်ဟု ဆိုသည်။ သမိုင်းဟူသည် ဖျောက်ဖျက်၍လည်းမရ၊ ပစ်ပယ်၍လည်းမရ။ ယနေ့ပြုလုပ်ခဲ့သမျှတို့သည် နောင်လာမည့်နေ့များစွာတို့၏ သမိုင်းမှတ်တမ်းများပင် ဖြစ်သည်။ ယနေ့မြန်မာ့သမိုင်းနှင့် မြန်မာ့ယဉ်ကျေးမှုတို့အတွက် တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအထောက်အထားတစ်ခုကို လက်တွေ့လေ့လာမြင်တွေ့နိုင်တော့မည်ဖြစ်သည်။ ယင်းမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀ ကျော်ခန့်က မြန်မာနိုင်ငံ၏ ကုန်းဘောင်ဧကရာဇ်နိုင်ငံ(သို့)ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်ခဲ့သူ အလောင်းမင်းတရားကြီးက အင်္ဂလန်နိုင်ငံ ဒုတိယမြောက် ဂျော့ဘုရင်ထံသို့ ပေးပို့ခဲ့သည့် ရွှေပေလွှာပင်ဖြစ်သည်။

ယခုမြန်မာနိုင်ငံတွင် အလောင်းမင်းတရားကြီး၏ ရွှေပေလွှာကို ဒစ်ဂျစ်တယ် 3D နည်းပညာဖြင့် ကူးယူရိုက်ကူးထားသည့် မိတ္တူကို အများပြည်သူလေ့လာနိုင်ရန် ပြင်ဆင်လျက်ရှိသည်ဟု သိရသည်။

ယင်းရွှေပေလွှာနှင့် ပတ်သက်၍ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းနှင့် တွေ့ဆုံမေးမြန်းနိုင်ခဲ့သမျှကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

**မေး။ ရွှေပေလွှာမိတ္တူရရှိဖို့ ဘယ်လိုကြိုးပမ်းဆောင်ရွက်ခဲ့ရပါသလဲ။**

ဖြေ။ ၂၀၁၃ ခုနှစ်ကတည်းက ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ဦးဆောင်တဲ့အဖွဲ့ကို ဂျာမနီနိုင်ငံခြားရေးဝန်ကြီးက ချစ်ကြည်ရေးခရီးစဉ် ဖိတ်ခေါ်ခဲ့ပါတယ်။ အဲဒီချစ်ကြည်ရေးခရီးစဉ်မှာ ဟန်နိုဗာမြို့ Gottfried Wilhelm စာကြည့်တိုက်မှာထိန်းသိမ်းထားတဲ့ အလောင်းမင်းတရားကြီးရဲ့ ရွှေပေလွှာမူရင်းကို ကြည့်ရှုလေ့လာခဲ့ရပါတယ်။ အဲဒီ ခရီးစဉ်မှာပဲ သူတို့ဆီမှာ နှစ် ၂၅၀ ကျော်သိမ်းဆည်းထားခဲ့တဲ့ အလောင်းမင်းတရားကြီးရဲ့ ရွှေပေလွှာမူရင်းကို နှစ်နိုင်ငံချစ်ကြည်ရေး အခွန့်ရှည်စေဖို့အတွက် 3D Format မိတ္တူအနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသားပြတိုက်တွေမှာ သိမ်းဆည်းထားဖို့ ပေးမယ်လို့ပြောပါတယ်။



အလောင်းမင်းတရားကြီးက အင်္ဂလန်နိုင်ငံ ဒုတိယမြောက် ဂျော့ဘုရင်ထံသို့ ပေးပို့ခဲ့သည့် ရွှေပေလွှာ။

**မေး။ အဲဒီရွှေပေလွှာမူရင်းကို ဘယ်သူတွေက ဘယ်လိုတွေ့ရှိဖော်ထုတ်ခဲ့တယ်ဆိုတာကိုလည်း သိချင်ပါတယ်။**

ဖြေ။ အဲဒီ ရွှေပေလွှာမူရင်းက အလောင်းမင်းတရားလက်ထက်ကဆိုတော့ နှစ်ပေါင်း ၂၅၀ ကျော်လောက်ရှိပြီပေါ့။ အလောင်းမင်းတရားကြီးက အင်္ဂလန် ဒုတိယမြောက် ဂျော့ဘုရင်ကို ပေးပို့ခဲ့တဲ့ ရွှေပေလွှာဖြစ်ပါတယ်။ ဒီ ကြားထဲမှာ ရွှေပေလွှာနှင့်ပတ်သက်လို့ သုတေသနပြုလုပ်တာမျိုးမရှိခဲ့ပေမယ့် ၂၀၀၇ ခုနှစ်မှာ ဟန်နိုဗာမှာရှိတဲ့ Gottfried Wilhelm စာကြည့်တိုက်မှာ တာဝန်ကျနေတဲ့ စာကြည့်တိုက်ပညာရှင် ဒေါက်တာ Friedrich Hulsmann က စာကြည့်တိုက်မှာသိမ်းဆည်းထားတဲ့ ပစ္စည်းတွေကိုကြည့်တဲ့အခါ ဒီရွှေပေလွှာလေးကိုတွေ့ပါတယ်။ ဘယ်ဘာသာနဲ့ ရေးသားထားမှန်းမသိပါဘူး။ ဘယ်နိုင်ငံကမှန်းလည်းမသိပါဘူး။ လူဇင်ဘတ်နိုင်ငံသား သမိုင်းပညာရှင် အကူအညီနဲ့ လေ့လာသုတေသနပြုခဲ့တာကနေ မြန်မာဘာသာနဲ့ရေးသားထားတယ်ဆိုတာ သိရှိခဲ့ကြတယ်။ နောက်ပြီး ကွန်ပျူတာအကူအညီနဲ့ ဘာသာပြန်ခြင်း၊ အက္ခရာဖလှယ်ခြင်းတွေကို အချိန်ကြာမြင့်စွာ သုတေသနပြုလုပ် ဖော်ထုတ်တဲ့အခါမှ မြန်မာစာလုံးတွေမှန်း အခိုင်အမာသူတို့သိသွားခဲ့ပါတယ်။ အချိန်နှစ်နှစ်ကြာမြင့်ခဲ့တယ်လို့လည်း သိရှိရပါတယ်။

**မေး။ ဟန်နိုဗာမြို့ကို ဘာကြောင့် ဘယ်လို ရောက်ရှိသွားတာပါလဲ။**

ဖြေ။ ဟန်နိုဗာမြို့ဟာ ဒုတိယမြောက် ဂျော့ဘုရင်ရဲ့ မွေးရပ်မြေဖြစ်တယ်လို့ သိရပါတယ်။ ရွှေပေလွှာရောက်ရှိတဲ့ အချိန်ကလည်း အလောင်းမင်းတရားကြီးက ပို့လိုက်တာ ၁၇၅၆ လို့ဖော်ထုတ်ရရှိပေမယ့် ဟိုဘက်ကို ရောက်တဲ့အချိန်မှာ နှစ်နှစ်ကျော်ကြာမြင့်နေပြီလို့လည်း သိရပါတယ်။ အဲဒီအချိန်မှာ ဂျော့ဘုရင် အနေနဲ့ ပြင်သစ်နဲ့ စစ်ပွဲတွေဖြစ်နေတဲ့အတွက် ရွှေပေလွှာပါအကြောင်းအရာတွေကို ဘာသာပြန်ဆိုမှု အားနည်းခဲ့တာလားဆိုတာကို ခုချိန်ထိမဖော်ထုတ်နိုင်သေးပါဘူး။ ဒါပေမယ့် သူ့မွေးရပ်မြေဖြစ်တဲ့ ဟန်နိုဗာမြို့က စာကြည့်တိုက်ကို ပေးပို့ခဲ့တယ်လို့ သိရပါတယ်။ အဲဒီစာကြည့်တိုက်ကြီးဟာ စာပေစုစည်း ၁ ဒသမ ၆ သန်းကျော်ရှိတဲ့ စာကြည့်တိုက်ကြီးလည်း ဖြစ်တယ်။

**မေး။ မြန်မာပြည်ကနေ ဘာကြောင့် ပေးပို့ခဲ့တာလဲဆိုတာကိုလည်း သိချင်ပါတယ်။**

ဖြေ။ အကြောင်းရင်းကတော့ အလောင်းမင်းတရားကြီးလက်ထက် မြန်မာ့ပိုင်နက်ဟိုင်းကြီးကျွန်းမှာ အရှေ့အိန္ဒိယကုမ္ပဏီနဲ့ဖြစ်နေတဲ့ ကိစ္စရပ်တွေနဲ့ပတ်သက်လို့ မြန်မာနိုင်ငံဘက်က စစ်မဖြစ်လိုတာရော၊ နှစ်နိုင်ငံ ရေရှည်ရင်းရင်းနှီးနှီးဆက်ဆံနိုင်အောင်ဆိုပြီး မြန်မာနဲ့ ဗြိတိန်ချစ်ကြည်ရေးတိုးမြှင့်ဆောင်ရွက်ဖို့အတွက် အင်္ဂလိပ်ကုမ္ပဏီတွေကို လွတ်လပ်စွာ နေထိုင်ခွင့်၊ ကုန်သွယ်ခွင့် ပြုထားတယ်ဆိုတဲ့ အကြောင်းအရာကို ဂျော့ဘုရင်ထံ ရေးသားပေးပို့ခဲ့တာဖြစ်တယ်။

အလောင်းမင်းတရားကြီးက အင်္ဂလန်နိုင်ငံ ဒုတိယမြောက် ဂျော့ဘုရင်ထံသို့ ပေးပို့ခဲ့သည့် ရွှေပေလွှာ။

**မေး။ ဟန်နိုဗာစာကြည့်တိုက်မှာ ရွှေပေလွှာမူရင်းကို ဘယ်လိုထိန်းသိမ်းထားတယ်ဆိုတာကို သိပါရစေ။**

ဖြေ။ အဲဒီရွှေပေလွှာ မူရင်းကို Gottfried Wilhelm Leibilz စာကြည့်တိုက်ထဲမှာ လူထုကိုဒီအတိုင်းပြထားတာမဟုတ်ပါဘူး။ အင်မတန်ရှားပါးပြီး သမိုင်းဝင်တဲ့ ပစ္စည်းမို့ စနစ်တကျထိန်းသိမ်းထားတာကို တွေ့ခဲ့ရပါတယ်။ ယဉ်ကျေးမှုတန်ဖိုးမြင့်မားတဲ့ ပစ္စည်းအဖြစ် နားလည်ယုံကြည်ပြီး သေသေချာချာထိန်းသိမ်းထားတာကိုလည်း မြင်တွေ့ခဲ့ရပါတယ်။

**မေး။ ဟန်နိုဗာမြို့ဟာ ဘယ်လို ရောက်ရှိသွားတာပါလဲ။**

ဖြေ။ ဟန်နိုဗာမြို့ဟာ ဒုတိယမြောက် ဂျော့ဘုရင်ရဲ့ မွေးရပ်မြေဖြစ်တယ်လို့ သိရပါတယ်။ ရွှေပေလွှာရောက်ရှိတဲ့ အချိန်ကလည်း အလောင်းမင်းတရားကြီးက ပို့လိုက်တာ ၁၇၅၆ လို့ဖော်ထုတ်ရရှိပေမယ့် ဟိုဘက်ကို ရောက်တဲ့အချိန်မှာ နှစ်နှစ်ကျော်ကြာမြင့်နေပြီလို့လည်း သိရပါတယ်။ အဲဒီအချိန်မှာ ဂျော့ဘုရင် အနေနဲ့ ပြင်သစ်နဲ့ စစ်ပွဲတွေဖြစ်နေတဲ့အတွက် ရွှေပေလွှာပါအကြောင်းအရာတွေကို ဘာသာပြန်ဆိုမှု အားနည်းခဲ့တာလားဆိုတာကို ခုချိန်ထိမဖော်ထုတ်နိုင်သေးပါဘူး။ ဒါပေမယ့် သူ့မွေးရပ်မြေဖြစ်တဲ့ ဟန်နိုဗာမြို့က စာကြည့်တိုက်ကို ပေးပို့ခဲ့တယ်လို့ သိရပါတယ်။ အဲဒီစာကြည့်တိုက်ကြီးဟာ စာပေစုစည်း ၁ ဒသမ ၆ သန်းကျော်ရှိတဲ့ စာကြည့်တိုက်ကြီးလည်း ဖြစ်တယ်။

**မေး။ မြန်မာပြည်ကနေ ဘာကြောင့် ပေးပို့ခဲ့တာလဲဆိုတာကိုလည်း သိချင်ပါတယ်။**

ဖြေ။ အကြောင်းရင်းကတော့ အလောင်းမင်းတရားကြီးလက်ထက် မြန်မာ့ပိုင်နက်ဟိုင်းကြီးကျွန်းမှာ အရှေ့အိန္ဒိယကုမ္ပဏီနဲ့ဖြစ်နေတဲ့ ကိစ္စရပ်တွေနဲ့ပတ်သက်လို့ မြန်မာနိုင်ငံဘက်က စစ်မဖြစ်လိုတာရော၊ နှစ်နိုင်ငံ ရေရှည်ရင်းရင်းနှီးနှီးဆက်ဆံနိုင်အောင်ဆိုပြီး မြန်မာနဲ့ ဗြိတိန်ချစ်ကြည်ရေးတိုးမြှင့်ဆောင်ရွက်ဖို့အတွက် အင်္ဂလိပ်ကုမ္ပဏီတွေကို လွတ်လပ်စွာ နေထိုင်ခွင့်၊ ကုန်သွယ်ခွင့် ပြုထားတယ်ဆိုတဲ့ စာပေပြုပြင်ရေးတိုးမြှင့်ခြင်း၊ ကုန်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးတိုးတက်ကောင်းမွန်ရေး ကဲ့သို့ ရည်ရွယ်ချက်ကောင်းများ ရှိခဲ့ကြပါတယ်။ ဒီလိုရည်ရွယ်ချက်ကောင်းတွေ ရှိခဲ့ကြတဲ့ အခြေခံအကြောင်းအရာ ကိုယ်တိုင်ကတော့ ကျွန်တော်ကတော့ ကိုယ်ကိုယ်တိုင် ကြားဖူးတာ ရှိပါတယ်။ ဒီ ကိုလိုနီခေတ်ကာလ ကုန်သွယ်ရေးတွေ ပြုလုပ်ကြတဲ့ ကုမ္ပဏီကြီးတွေ ဖြစ်ကြတယ်။ ဒီ ကုမ္ပဏီကြီးတွေ ကိုယ်ပိုင်ကုန်ကြမ်းတွေ ရှိကြတယ်။ ကုန်ကြမ်းတွေ ရှိကြတယ်။ ကုန်ကြမ်းတွေ ရှိကြတယ်ဆိုတော့

## နိုင်ငံတကာသတင်း

လူထုဆန္ဒခံယူပွဲအကြို မဲဆွယ်စည်းရုံးမှုပြုလုပ်ကြသည့် မှတ်တမ်းပုံ။

# စကော့တလန်လူထုဆန္ဒခံယူပွဲ ခွဲရေးကိုပယ်ချ၊ ဥမကွဲသိုက်မပျက် ဆက်လက်တည်ရှိမည်

**လန်ဒန် စက်တင်ဘာ ၁၉**

စကော့တလန်၌ ကျင်းပသော လူထုဆန္ဒခံယူပွဲတွင် ပြည်သူ ၅၅ဒသမ၃ရာခိုင်နှုန်းက လွတ်လပ်ရေးကို ရယူလိုခြင်းမရှိကြောင်း ဆန္ဒထုတ်ဖော်ခဲ့ကြသဖြင့် ယူနိုက်တက်ကမ်းဒမ်းမှာ ပြည်ထောင်စုအဖြစ် ဥမကွဲသိုက်မပျက် ဆက်လက်တည်ရှိမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

စကော့တလန်၏ အကြီးဆုံးမြို့ကြီးဖြစ်သော ဂလပ်စဂိုမြို့၌ ပြည်သူများက လွတ်လပ်ရေးကို လိုလားသည့်ဘက်မှ ထောက်ခံမဲပေးခဲ့ကြသည်။ သို့ရာတွင် လွတ်လပ်ရေး လိုလားသည့်ဘက်မှ ထောက်ခံမဲရရှိမှု အလုံအလောက်မရရှိသဖြင့် လွတ်လပ်ရေး လိုလားသူများ၏ မျှော်လင့်ချက်ပျက်သုဉ်းခဲ့ရသည်။

ယူနိုက်တက်ကင်းဒမ်းနိုင်ငံသမိုင်းတွင် အရေးပါသည့် သမိုင်းမှတ်တိုင်တစ်ရပ်အဖြစ် လူထုဆန္ဒခံယူပွဲကို ကျင်းပခဲ့သည်။ လူထုဆန္ဒခံယူပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ဦးရေ၏ ၈၄ ရာခိုင်နှုန်းက မဲရုံများသို့ သွားရောက်ကာ မဲပေးခဲ့ကြသည်။

လူထုဆန္ဒခံယူပွဲတွင် မဲဆန္ဒရှင်များအနက် ၅၅ဒသမ၃ရာခိုင်နှုန်းဖြစ်သည့် ၂၀၀၃၉၂၆ဦးက တွဲရေးဘက်မှ ထောက်ခံမဲပေးခဲ့ကြပြီး ၄၄ဒသမ၇ရာခိုင်နှုန်းဖြစ်သည့် ၁၆၁၆၉၈၉ ဦးတို့က ခွဲရေးဘက်မှ မဲပေးခဲ့ကြသည်။ **ရိုက်တာ**

# အီရတ်ရှိ အိုင်အက်စ်စစ်သွေးကြွများကို ပြင်သစ်လေတပ်က ပထမဆုံးအကြိမ်တိုက်ခိုက်

**ပါရီ စက်တင်ဘာ ၁၉**

အီရတ်နိုင်ငံအတွင်းမှ အိုင်အက်စ်စစ်သွေးကြွများကို ပြင်သစ်ဂျက်တိုက်လေယာဉ်များက ပထမဆုံးအကြိမ် လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း ပြင်သစ်သမ္မတရုံးက ပြောကြားသည်။

အီရတ်အစိုးရ၏တောင်းဆိုချက်အရ ကြေညာချက်တွင် ဖော်ပြမည်ဖြစ်သော အိုင်အက်စ်စစ်သွေးကြွတို့၏ ထောက်ပံ့ရေးဂိုဒေါင် တစ်လုံးကို ပြင်သစ်လေတပ်မှ ဂျက်တိုက်လေယာဉ်များက တိုက်ခိုက်ခဲ့ကြောင်း သမ္မတရုံး၏

ပြင်သစ်လေတပ်သည် အီရတ်နိုင်ငံတွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး ကာ့ဒ်လက်နက်ကိုင်တပ်ဖွဲ့များအား စစ်လက်နက်များ ထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်။

### ကင်းထောက်ပျံသန်း

ပြင်သစ်လေတပ်သည် မကြာမီမှစ၍ အီရတ်နိုင်ငံ၏ ဝေဟင်အတွင်း ကင်းထောက်ပျံသန်းမှုများကို ပြုလုပ်ခဲ့သည်။

အီရတ်နိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ရာတွင် လေကြောင်းပစ်ကူပေးမည်ဖြစ်ပြီး အိမ်နီးချင်း ဆီးရီးယားနိုင်ငံရှိ စစ်သွေးကြွများကို တိုက်ခိုက်မည်မဟုတ်ကြောင်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်ဒေးက စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

အီရတ်နိုင်ငံတွင်းသို့ ပြင်သစ်မြေပြင်တပ်ဖွဲ့များကို စေလွှတ်မည်မဟုတ်ဟုလည်း ပြင်သစ်သမ္မတက အခိုင်အမာပြောဆိုခဲ့သည်။

ပြင်သစ်လေတပ်မှ ရာဖေးလ်အမျိုးအစား တိုက်လေယာဉ်များသည် မြေပြင်ရှိပစ်မှတ်များအား အတိအကျ ဖျက်ဆီးနိုင်ခဲ့ကြောင်း ပြင်သစ်သမ္မတရုံး၏ ကြေညာချက်တွင် ဖော်ပြသည်။

တိုက်ခိုက်ဖျက်ဆီးခြင်းခံရသည့် သိုလှောင်ရုံများ၌ မည်သည့်ပစ္စည်းများ သိုလှောင်ထားသည်ကို မသိရပေ။ **ပီတီအိုင်**

အီရတ်၌ ကင်းထောက်ပျံသန်းရန် ပြင်သစ်တိုက်လေယာဉ်များ ယူအေအီးနိုင်ငံရှိ အယ်လ်-ဒါဖရာ လေတပ်စခန်းမှ စတင်ပျံသန်း ထွက်ခွာလာကြစဉ်။

# ယူဂန္ဒာတွင် သမ္မတက ဝန်ကြီးချုပ်ကို ထုတ်ပယ်

**ကမ်ပလာ စက်တင်ဘာ ၁၉**

ယူဂန္ဒာသမ္မတက ၎င်း၏ ရင်းနှီးသော မိတ်ဆွေဟောင်းဖြစ်သူ ဝန်ကြီးချုပ်ကို ၂၀၁၆ခုနှစ် ရွေးကောက်ပွဲတွင် ပြိုင်ဘက်ဖြစ်လာနိုင်သည်ဟု ရှုမြင်သဖြင့် ရာထူးမှ ထုတ်ပယ်လိုက်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အေမာမာအမ်ဘာဘာဇီကို မကြာသေးမီက အာဏာရနေရှင်နယ် ရီဆစ်တင့်မှမင့်ပါတီ၏ အထွေထွေအတွင်းရေးမှူးတာဝန်မှလည်း ဖယ်ရှားခဲ့သည်။

သမ္မတ ယိုဝီရီမူဆီဗီနီသည် ၁၉၈၆ခုနှစ်ကတည်းက သမ္မတတာဝန်ထမ်းခဲ့ပြီး လာမည့်ရွေးကောက်ပွဲတွင် ပြန်လည်အရွေးခံရန် ကြိုးစားမည်ဟု မျှော်လင့်ရသည်။

၂၀၁၂ခုနှစ်တွင် ဝန်ကြီးချုပ်ရုံးမှ ဒေါ်လာသန်းပေါင်းများစွာ ပျောက်ဆုံးခဲ့ရာ မစ္စတာအမ်ဘာဘာဇီက မည်သို့မျှ ပါဝင်ပတ်သက်မှု မရှိကြောင်း ငြင်းဆိုခဲ့သည်။

မစ္စတာအမ်ဘာဘာဇီသည် ၂၀၁၁ခုနှစ်ကတည်းက ဝန်ကြီးချုပ်တာဝန် စတင်ထမ်းဆောင်ခဲ့ပြီး ယင်းမတိုင်မီက လုံခြုံရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနများကို ကိုင်တွယ်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဂူဟာကာနာ ရှုဂန်ဒါကို ဝန်ကြီးချုပ်သစ်အဖြစ် ပြောင်းလဲ တာဝန်ပေးအပ်ခဲ့သည်။ **ဘီဘီစီ**

# ယခုရာစုနှစ်အတွင်း အဆိုးရွားဆုံး မိုးခေါင်မှု ကာလီफိုးနီးယားပြည်နယ် တွေ့ကြုံခံစားနေရ

**ဆာခရာမန်တို စက်တင်ဘာ ၁၉**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်သည် ရာစုနှစ်အတွင်း အဆိုးရွားဆုံးသော မိုးခေါင်မှု သဘာဝဘေးအန္တရာယ်နှင့် တွေ့ကြုံနေရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၁၉ရက်တွင် သတင်းထုတ်ပြန်သည်။

ကာလီဖိုးနီးယားပြည်နယ်၌ မိုးခေါင်မှုကာလကို သုံးနှစ်ဆက်တိုက် တွေ့ကြုံခဲ့ရသည်။ ဆိုးရွားပြင်းထန်သော မိုးခေါင်မှုကြောင့် တောမီးလောင်ခြင်း၊ ရေရှားပါးပြတ်လပ်ခြင်း၊ မွေးမြူရေးတိရစ္ဆာန်များ သေဆုံးရခြင်းတို့ ဖြစ်ပေါ်ရကြောင်း ကိုလံဘီယာတက္ကသိုလ်မှ သုတေသီများ၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

မိုးခေါင်မှုကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှာ အကြီးအကျယ် ထိခိုက်မှုများ ဖြစ်ပေါ်ရသည်။ ယခုနှစ်တွင် မိုးခေါင်မှုနှင့် ဆက်နွယ်နေသော အကြောင်းတရားများကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၂ဒသမ၂သန်းဖိုး ဆုံးရှုံးနိုင်ကြောင်း ယင်းလေ့လာချက်တွင် ဖော်ပြထားသည်။

မိုးခေါင်မှုအခြေအနေ ပိုမိုဆိုးရွားလာမည်ဆိုပါက မဟာမိုးခေါင်မှုဘေးအန္တရာယ် ဖြစ်ပေါ်လာနိုင်ကြောင်း၊ မဟာမိုးခေါင်မှု ဖြစ်ပေါ်လာမည်ဆိုပါက သာမန်မိုးခေါင်မှုထက် အချိန်ကာလ ပိုမိုကြာမြင့်စွာ ဥပဒေပေးနိုင်ကြောင်း၊ ဆယ်စုနှစ်နှင့်ချီ၍ ကြာမြင့်တတ်သည့် မဟာမိုးခေါင်မှု ပြဿနာနှင့် တွေ့ကြုံရပါက ကာလီဖိုးနီးယားပြည်နယ်၏ စီးပွားရေး အကြီးအကျယ် ထိခိုက်ရနိုင်ကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။

၁၈၀၀ ပြည့်လွန်နှစ်များက မဟာမိုးခေါင်မှုဖြစ်ပေါ်ခဲ့ရာ ကြီးမားသောထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း သုတေသီများက ပြောကြားသည်။ **ပီတီအိုင်**

# "ဟက်ပီး" ဗီဒီယို အီရန် ကချေသည်များကို ကြိမ်ဒဏ်၊ ထောင်ဒဏ် အပြစ်ပေး

**တီဟီရန် စက်တင်ဘာ ၁၉**

**ဖာရဲလ် ဝီလီယံ၏ "ဟက်ပီး"သီချင်း ဗီဒီယိုရိုက်ကူးရာတွင် ပါဝင်ကခဲ့ကြသော အီရန်နိုင်ငံသားခြောက်ဦးကို ကြိမ်ဒဏ် ၉၁ ချက်နှင့် ထောင်ဒဏ်တစ်နှစ်အထိအပြစ်ပေးလိုက်ကြောင်း ၎င်းတို့၏ ရှေ့နေက ယနေ့ပြောကြားသည်။**

အဆိုပါ အရေးယူမှုများမှာ သုံးနှစ်ဆိုင်းငံ့ ပြစ်ဒဏ်ဖြစ်ရာ ၎င်းတို့က ထပ်မံ၍ ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့လျှင် ထောင်ဒဏ်ကျခံရမည်မဟုတ်ဟု အဓိပ္ပာယ်သက်ရောက်ကြောင်း ၎င်းရှေ့နေက ဆိုသည်။

ယင်းဗီဒီယို ပြကွက်တွင် အမျိုးသားသုံးဦးနှင့်မျက်နှာဖော်ထားသော အမျိုးသမီး သုံးဦးတို့သည် တီဟီရန်မြို့ အဆောက်အအုံများ၏ ခေါင်မိုးများပေါ်နှင့် လမ်းများပေါ်တွင် ကခုန်နေကြသည်ကို ပြသထားသည်။ ခြောက်လအတွင်း ယူကျပေါ်၌ ၎င်းဗီဒီယိုကို လူတစ်သန်းကျော် ဝင်ရောက်ကြည့်ရှုခဲ့ကြသည်။

ဗီဒီယို၌ ပါဝင်သူအများစုကို ထောင်ဒဏ်ခြောက်လစီ ကျခံရန် အပြစ်ပေးပြီး တစ်ဦးကိုမူ ထောင်ဒဏ်တစ်နှစ်အထိ အပြစ်ပေးကြောင်း ရှေ့နေ ဖာရှစ်ရိုဖူဂါရန်၏ ပြောကြားချက်ကို အီရန်သတင်းဌာနက ကိုးကားဖော်ပြသည်။ ရှုထောင့်အမြင်ပေါင်း ၁၅၀၀၀၀ ကျော် လက်ခံရရှိပြီးနောက် အီရန်အာဏာပိုင်များက "ဟက်ပီးဝီအာဖရောင်တီဟီရန်" ဗီဒီယိုကို အာရုံရောက်ရှိလာခဲ့သည်။

နိုင်ငံကပြဌာန်းထားသော အမျိုးသမီးများ ခေါင်းစီးပဝါ မစည်းခြင်းနှင့် ဆန့်ကျင်ဘက် လိင်များနှင့်အတူ ရောနှောကခြင်းတို့ကို တားမြစ်သည့် အစ္စလာမ္မစ် ဥပဒေကို ချိုးဖောက်သည့် စွပ်စွဲချက်ဖြင့် ဗီဒီယိုရိုက်ကူးသောအုပ်စုမှ အဖွဲ့ဝင်များကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဝီလီယံသည် အမေရိကန်နိုင်ငံသားဖြစ်ပြီး ရက်ပ်ပါဟအဆိုတော်၊ သီချင်းရေးဆရာ၊ ဂီတမှူး၊ ဓာတ်ပြားထုတ်လုပ်သူ၊ ဒီဇိုင်နာ တစ်ဦးဖြစ်သည်။ **ဘီဘီစီ။**

မြို့တော် တီဟီရန်ရှိ လမ်းများနှင့် ခေါင်မိုးများပေါ်၌ ကခုန်နေကြသည့် အီရန်ကချေသည်များကို သီချင်းဗီဒီယိုခွေတွင် တွေ့ရစဉ်။

ပြည်တွင်းရေးရာ

# ၂၀၁၄ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဋ္ဌမပွဲစဉ်(ပုဂံ)၌ ကျင်းပမည်

**ပုဂံ စက်တင်ဘာ ၁၉**

၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဋ္ဌမပွဲစဉ်အား မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ပုဂံဂေါက်ကွင်း၌ အောက်တိုဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ မြန်မာပီဂျီအေတို့က ကြီးမှူးပြီး အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်(AGD)က အဓိက ကူညီပံ့ပိုးပေးမည်ဖြစ်သည့် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပဋ္ဌမပွဲစဉ်(ပုဂံ)တွင် ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအမျိုးသားအဆင့် H'Cap (0-12)၊ အမျိုးသမီးအဆင့် H'Cap (0-24) ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များသည် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ဖုန်း ၀၉-၂၀၃၇ ၆၇၁၊ ၀၉-၄၂၀၀၁၈၈၃၅၊ ၀၉-၇၃၁၃၀၄၇၄နှင့် ပြိုင်ပွဲကျင်းပမည့် (Bagan Golf Resort) တို့တွင် စာရင်းပေးသွင်းရမည် ဖြစ်သည်။ ပြိုင်ပွဲဝင်ကြေးနောက်ကျသော ကစားသမားများအား ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည် မဟုတ်ပါသဖြင့် ပြိုင်ပွဲဝင်ကြေးငွေကျပ် ၂၀၀၀၀ အားအောက်တိုဘာ ၁၄ ရက် နောက်ဆုံးထားကာ ပေးသွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များအား ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်နိုင်ရန်အတွက် Official Practice Round အားအောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်နေ့တစ်ဝက်အထိ ခွင့်ပြုထားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်များသွားလာမှုအဆင်ပြေစေရန်အတွက် ဗဒ္ဓလသယ်ယူပို့ဆောင်ရေးမှ (ရွှေမန်းသူ) ယာဉ်အား စီစဉ်ထားရှိပေးထားပါသဖြင့် ရန်ကုန်မြို့မှ ပုဂံညောင်ဦးမြို့သို့ အောက်တိုဘာ ၁၂ ရက်တွင် ကားထွက်ခွာမည် ဖြစ်ပါသည်။ စီးနင်းလိုက်ပါလိုသော ပြိုင်ပွဲဝင်များသည် ရန်ကုန်မြို့ ကျောက်ရေတွင်းရှိ(မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း) HAN Event Management သို့ ကြိုတင်စာရင်း ပေးရမည်ဖြစ်သည်။

မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဋ္ဌမပွဲစဉ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အာရှ စိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်(AGD)က အဓိက ကူညီပံ့ပိုးပေးပြီး မြန်နန္ဒာသောက်ရေသန့်၊ မြို့တော်သောက်ရေသန့်၊ မြဝတီသောက်ရေသန့်၊ Dagon Motor Fresh ဗဒ္ဓလသယ်ယူပို့ဆောင်ရေး၊ Official Golf Ball အဖြစ် Volvik၊ Bagan Golf Resort နှင့် HAN Event Management တို့က ထပ်မံပံ့ပိုး ပါဝင်ကူညီကြောင်း သတင်းရရှိသည်။

**(ဖိုးသော်ဇင်)**

# ပဲခူးမြို့ ယာဉ်ကြီး၊ ယာဉ်ငယ်လိုင်း ယာဉ်မောင်းများကို သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်းရှိ၊ မရှိ စစ်ဆေးရန်လို

**ပဲခူး စက်တင်ဘာ ၁၉**

ပဲခူးမြို့ တွင်းလုပ်ငန်းလိုင်စင်ဖြင့် ပြေးဆွဲလျက်ရှိကြသော ခွေးဘီးလူးမြို့တွင်းပြေးယာဉ်ငယ်၏ ယာဉ်ပိုင်ရှင်များက တစ်ရက်ကို ကျပ် စ၀၀၀နှင့် ၉၀၀၀ ကြား အငှားပေးပြေးဆွဲစေသည့်အတွက် ယာဉ်မောင်းများက သတ်မှတ်လိုင်စင်ဖြင့် မဟုတ်တော့ဘဲ စီးပွားရေးအရ ကိုယ်ပိုင်လိုင်စင်၊ အချို့ယာဉ်မောင်း လိုင်စင်ပင်မရှိဘဲ ယာဉ်ကိုသာအငှားယူ မောင်းနေကြပြီး မိမိတို့ တွက်ခြေကိုက်ရန်အတွက် ပေးရသည့်လုပ်အားခ သက်သာသည့် အရွယ်မရောက်သေးသည့် ကလေးငယ်များကိုပင် ယာဉ်နောက်လိုက်အဖြစ် ခိုင်းစေသူများရှိနေကြသည်။ တချို့ယာဉ်မောင်းများက ယာဉ်နောက်လိုက်ပင် မခေါ်တော့ဘဲ မိမိကိုယ်တိုင်မောင်း၊ မိမိကိုယ်တိုင် ယာဉ်နောက်လိုက်လုပ်နေကြ၍ယာဉ်နောက်ပိုင်းမလုံခြုံတော့ဘဲ မလိုလားအပ်သည့် အန္တရာယ်များ မကြာခဏဖြစ်နေကြကြောင်း ယာဉ်မောင်းတစ်ဦးက ပြောပြသည်။ ကျွန်းသာယာအဝေးပြေး ယာဉ်ဝင်း၏ သတ်မှတ်ယာဉ်လိုင်းများ ဂိတ်များမှ ပြေးဆွဲခြင်းမရှိကြဘဲ မဟာမြိုင် မီးပွိုင့်အနီး ပင်မဂိတ်သဖွယ်ရပ်တန့်ပြလုပ်နေဆဲဖြစ်ကြောင်း ၎င်းက ဆိုး၏။

ယာဉ်စည်းကမ်းရှိစေဖို့ ယာဉ်မောင်းများသည်သာ အဓိကဖြစ်ပေသည်။ သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးဌာနမှ ကိုယ်ပိုင်ယာဉ်များအား(ခ)လိုင်စင်ဖြင့် မောင်းနှင်ခြင်း၊ လုပ်ငန်းလိုင်စင်ဖြင့်ယာဉ်များအား (ဂ) လိုင်စင်ဖြင့်မောင်းနှင်ခြင်း အဆင့်ဆင့် သတ်မှတ်ထားပြီး ယင်းလိုင်စင်ကိုင်ဆောင်ယာဉ်မောင်းများမှာ သက်တမ်းနှင့် လုပ်ငန်းအတွေ့အကြုံအရ တဖြည်းဖြည်း ရင့်ကျက်လာကြသည့် ယာဉ်မောင်းများဖြစ်သည့်အတွက် ပဲခူးမြို့ ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းများမှ ယာဉ်ကြီး၊ ယာဉ်ငယ် မောင်းနှင်နေကြသည့် ယာဉ်မောင်းများ စည်းကမ်းရှိကာ ယာဉ်အန္တရာယ် လျော့နည်းလာစေရန် သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိ/မရှိ စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**မျိုးသိန်း(ပဲခူး)**

# မြန်မာအိုးပင်း စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၉**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပမည့် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် အောက်တိုဘာ ၅ ရက် နောက်ဆုံးထား၍ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးခန်းတွင် စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများသည် ရွှေ့ကွက်မှတ်တမ်းရေးမှတ်တတ်ရမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းမြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲတွင် အဆင့်(၁)မှ (၁၂)အထိ ရရှိသူများသည် ၂၀၁၄ ခုနှစ် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်ပြီး အဆင့်(၁)မှ (၂၄)အထိ ရရှိသူများသည် ပြည်ပ အားကစားသမားများ လာရောက်ယှဉ်ပြိုင်မည့် အင်တာနေရှင်နယ်အိုးပင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။

International Open Chess Tournament ပြိုင်ပွဲကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

**(ကြေးမုံ)**

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မှုးယစ်ဆေး









ပြည်တွင်းရေးရာ

# (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**အင်ချွမ် စက်တင်ဘာ ၁၉**

(၁၇) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို တောင်ကိုရီးယားနိုင်ငံ ဆိပ်ကမ်းမြို့တွင် ယနေ့ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

(၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို အောက်တိုဘာ ၄ ရက်အထိ ကျင်းပမည်ဖြစ်ကာ အားကစားနည်း ၃၆ မျိုးပါဝင်မည်ဖြစ်သည်။ ရွှေတံဆိပ်ဆုပေါင်း ၄၃၉ ခု ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ယခုအင်ချွမ်တွင် ကျင်းပသော (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသည် တောင်ကိုရီးယားက အိမ်ရှင်အဖြစ် ကျင်းပခဲ့သော ပြိုင်ပွဲများအနက် သုံးခုမြောက်ဖြစ်သည်။ တောင်ကိုရီးယားသည် ၁၉၈၆ ခုနှစ်တွင် ဆိုးလ်အားကစားပြိုင်ပွဲနှင့် ၂၀၀၂ ခုနှစ်တွင် ဘူဆန်အားကစားပြိုင်ပွဲတို့ကို လက်ခံကျင်းပခဲ့သည်။

အာရှအားကစားပြိုင်ပွဲကျင်းပခြင်းသည် ယှဉ်ပြိုင်ခြင်းထက် တစ်နိုင်ငံနှင့် တစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှု၊ အမြင်ချင်းဖလှယ်နိုင်မှုနှင့် နားလည်နိုင်စွမ်းရှိမှုတို့အတွက် ပေါင်းကူးတစ်ခု ဖြစ်သည်။

အာရှအားကစားပြိုင်ပွဲကို ၁၉၅၁ခုနှစ်တွင် ပထမအကြိမ်အဖြစ်ကျင်းပခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သောသစ်ပင်၊ သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တို့တွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ (၂၀-၉-၂၀၁၄) ရက်နေ့တွင် ရွှေပေါက်ကံ၊ ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ တာမွေ၊ မင်္ဂလာတောင်ညွှန့်၊ သယ်နန်းကျွန်း၊ ရန်ကင်း၊ တောင်ဥက္ကလာပ၊ ဗဟန်း၊ ကမာရွတ်၊ မရမ်းကုန်း၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဒဂုံ၊ ပန်းဘဲတန်း၊ အလုံ၊ လှိုင်၊ သန်လျင်၊ သုံးခွ၊ တံတား၊ ခရမ်း၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ တွံတေး၊ ဆိပ်ကြီးခနောင်တို့၊ ကျောက်တန်း၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ထန်းတပင်မြို့နယ်များ၏ရပ်ကွက်အချို့နှင့် CNG ဆိုင်အချို့၊ စက်မှုဇုန်အချို့တွင် (၀၉း၀၀) နာရီမှ (၁၂း၀၀) နာရီအတွင်းလည်းကောင်း၊ (၁၂း၀၀ )နာရီမှ (၁၆း၀၀)နာရီအတွင်းလည်းကောင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၃။ (၂၁-၉-၂၀၁၄)ရက်နေ့တွင် ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒဂုံ(တောင်)၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွှန့်၊ ရွှေပေါက်ကံ၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ လမ်းမတော်၊ ဒဂုံ၊ ဗဟန်း၊ အလုံ၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လှိုင်၊ ကမာရွတ်၊ သန်လျင်၊ ခရမ်း၊ အင်းစိန်၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ လှည်းကူး၊ ဒါးပိန်၊ အင်းတိုင်၊ ဖောင်ကြီး၊ မှော်ဘီ၊ ထောက်ကြန့်မြို့နယ်များ၏ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် (၀၉း၀၀)နာရီမှ (၁၂း၀၀)နာရီအတွင်းလည်းကောင်း၊ (၁၂း၀၀)နာရီမှ (၁၄း၀၀)နာရီအတွင်းလည်းကောင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

**(ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့)**

## လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။

## မိုးသတိပြု


ပါမောက္ခဆရာကြီး ဦးစိုးသိန်းဦးစီး၍
NASA ၏ High Tech နည်းပညာဖြင့်
သတ္တုသိုက် ရှာဖွေခြင်း လုပ်ငန်းကို တိကျမှန်ကန်၊
မြန်ဆန် ၊ထိထရောက် ပြီး ဈေးနှုန်း သက်သာစွာဖြင့်
လက်ခံဆောင်ရွက်ပေးနေပါသည်။
No-109၊ ကျွန်းတောလမ်း ၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Hp- 09-73217371, Ph- 01-539883



Wonderful Days Travels & Tours
✦ အင်းလေး-ဖောင်တော်ဦး အထူးခရီးစဉ် (၄ ညအိပ် ၅ ရက်)
(တောင်ကြီး-ထမ်းဆမ်း-အင်းလေး-ပင်းတယ-ကုံလုံ-ကလော) Oct - 4,7
(Scania 2+1 အထူးကားဖြင့်) 180,000 /-
✦ ပုဂံခရီးစဉ် (၄ ညအိပ် ၅ ရက်) Oct - 4, 7
( ပုဂံ-စွယ်တော်လေးဆူ-ပုဗ္ပါး-ပခုက္ကူ ) 175,000 /-
See Travelling, Feel Happy !
No.228, Ground Floor, Ngu War Street, Ahlone Township, Yangon.
Ph- (951) 220905, 09 731 93262, 09 731 78716.



ရွှေယုန်မင်း
ပျောက်ကင်းနိုင်သောအနာများ
အမှတ်တံဆိပ် အနာလိမ်းဆေး
ရွှေယုန်မင်း
အနာပဆုတ်ခွန်၊ နှိန်း၊ ကိန္နရာန်၊ ပါးပေါက်နာ၊ မွေးကျွတ်နာ၊ ဝေးစုနာ၊ အနာစာဥ၊ ဝက်ခြံများ၊ သက်တန့်နာ၊ သဲစူး၊ ငါးစူး၊ အနာဟောင်း၊ အနာဆွေးများ၊ လက်စွယ်ခြေစွယ်ငုတ်များ၊ အံဆုံးပေါက်နာ အနာဟောင်းအနာဆွေးများ ခွေးကြောင်ကိုက်နာများကိုသက်သာ ပျောက်ကင်းစေသည်။


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျင်ပြည်နယ်၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(ဆောက်လုပ်မှု)ဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများကို မြစ်ကြီးနားမြို့တွင် ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါ လျှောက်လွှာများကို ကျင်ပြည်နယ်၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာနတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (၁) | မော်တော်ယာဉ်(TOYOTA-4Wheel,Cap)ဝယ်ယူလိုခြင်း | ၁ စီး |
| (၂) | ဆိုင်ကယ် KENBO-125 ဝယ်ယူလိုခြင်း | ၃ စီး |
| (၃) | ရုံးသုံးပစ္စည်းများ ဝယ်ယူလိုခြင်း | |
| (က) | ကျွန်းဆက်တီ | ၁ စုံ |
| (ခ) | ရုံးသုံး သံဗီရိုဒ(၆×၃×၁.၅)ပေ | ၃ လုံး |
| (ဂ) | အရာရှိစားပွဲ (ကျွန်း) (၅×၃)ပေ | ၁ လုံး |
| (ဃ) | အရာရှိထိုင်ခုံ | ၁ လုံး |
| (င) | အမှုထမ်းစားပွဲ (ကျွန်း) (၄×၃)ပေ | ၄ လုံး |
| (စ) | အမှုထမ်းထိုင်ခုံ(ကျွန်း) | ၁၀ လုံး |
| (ဆ) | White Board (၆×၃)ပေ | ၁ ချပ် |
| (ဇ) | White Board (၅×၃)ပေ | ၂ ချပ် |
| (၄) | ကင်မရာ(NIKON D-5200)ဝယ်ယူလိုခြင်း | ၁ လုံး |
| (၅) | ဗီဒီယို ကင်မရာ(SONY HDR-PJ 240)ဝယ်ယူလိုခြင်း | ၁ လုံး |
| (၆) | GPS ဝယ်ယူလိုခြင်း | ၃ လုံး |
| (၇) | အဝေးကြည့်မှန်ပြောင်း ဝယ်ယူလိုခြင်း | ၂ လက် |

| | | | |
|---|---|---|---|
| (က) | အိတ်ဖွင့်တင်ဒါတင်သွင်းရန် | - | ၂၂-၉-၂၀၁၄ ရက် ရုံးဖွင့်ချိန်မှ ၂၁-၁၀-၂၀၁၄ ရက် ၁၄း၀၀ နာရီအတွင်း |
| (ခ) | အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နေရာ | - | ကျင်ပြည်နယ်၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာန |

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်ဒါတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိလိုပါက ကျင်ပြည်နယ်၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာန၊ ကျင်ပြည်နယ် အစိုးရအဖွဲ့ ဖုန်း ၀၇၄-၂၉၅၁၇၊ ၀၉-၄၇၀၃၅၅၂၂ ၊

ကျင်ပြည်နယ်၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၇၄-၂၀၄၈၆၊ ၀၇၄-၂၂၃၃၁၊ ၀၉-၄၅၈၀၂၃၆၂၀ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း


၁။ ကျင်ပြည်နယ်၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(ဆောက်လုပ်မှု)ဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများကို မြစ်ကြီးနားမြို့တွင် ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါ လျှောက်လွှာများကို ကျင်ပြည်နယ်၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာနတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။


| စဉ် | အဆောက်အအုံအမျိုးအစား | အရေအတွက် |
|---|---|---|
| (၁) | အဝင်ပုံခပ်ဦးဆိုင်းဘုတ် ပေ(၁၈×၁၆×၅) အာစီတိုင်၊ စလစ်ပြား | ၁ ခု |
| (၂) | နယ်နိမိတ်ဘုတ်တိုင်များ စိုက်ထူခြင်း<br>ကျောက်တိုင်(၉×၉)လက်မအရွယ် (၉)ပေအရှည် | ၃၀ လုံး |
| (၃) | တားမြစ်ချက်ကြော်ငြာပြား(၁၈×၆×၁)လက်မ | ၅၀၀ ချပ် |
| (၄) | ရုံးအဆောက်အအုံ(၄၅×၄၀)ပေနံကပ်၊ သွပ်မိုး၊ ကွန်ကရစ်ခင်း၊<br>အုတ်ညှပ်(၁)ထပ် | ၁ လုံး |
| (၅) | ထိန်းသိမ်းရေးစခန်း(၃၆×၂၄)ပေ သွပ်မိုး၊ ကွန်ကရစ်ခင်း၊<br>ဗျဉ်ကာ(၁)ထပ် | ၇ လုံး |
| (၆) | ပညာပေးပြခန်း ပေ(၃၆×၂၄)အာစီ၊ သွပ်မိုး၊ ကွန်ကရစ်ခင်း၊<br>အုတ်ညှပ်(၁)ထပ် | ၁ လုံး |
| (၇) | ပျိုးဥယျာဉ်(၉၀×၃၆)ပေ သစ်သားတိုင်၊ သစ်သားထုပ်/တန်း/<br>ပျိုးဘောင်၊ ပိုက်အမိုး | ၁ လုံး |
| (၈) | မျှော်စင်(၁၅×၁၅×၃၀)ပေ သံထည်အမျိုးအစား | ၂ လုံး |

| | | | |
|---|---|---|---|
| (က) | အိတ်ဖွင့်တင်ဒါတင်သွင်းရန် | - | ၂၂-၉-၂၀၁၄ ရက် ရုံးဖွင့်ချိန်မှ ၂၁-၁၀-၂၀၁၄ ရက် ၁၄း၀၀ နာရီအတွင်း |
| (ခ) | အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နေရာ | - | ကျင်ပြည်နယ်၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာန |


၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်ဒါတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိလိုပါက ကျင်ပြည်နယ်၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာန၊ ကျင်ပြည်နယ် အစိုးရအဖွဲ့ ဖုန်း ၀၇၄-၂၉၅၁၇၊ ၀၉-၄၇၀၃၅၅၂၂ ၊

ကျင်ပြည်နယ်၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၇၄-၂၀၄၈၆၊ ၀၇၄-၂၂၃၃၁၊ ၀၉-၄၅၈၀၂၃၆၂၀ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း


၁။ ကျင်ပြည်နယ်၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(ဆောက်လုပ်မှု)ဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများကို မြစ်ကြီးနားမြို့တွင် ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါ လျှောက်လွှာများကို ကျင်ပြည်နယ်၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာနတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။


| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (၁) | ကွန်ပျူတာ၊ Printer (Laser LBP-2900), Colour Printer (APSON L-110)၊ မိတ္တူကူးစက်(Cannon MF 4750)၊<br>ကွန်ပျူတာတင်စားပွဲ တပ်ဆင်ခြင်း | ၁ စုံ |
| (၂) | မီးစက်နှင့်မီးလိုင်းတပ်ဆင်ခြင်း (32 HP Starterအင်ဂျင်၊ မီးအားမြှင့်စက်အစုံ) | ၁ စုံ |
| (၃) | ICom စကားပြောစက်တပ်ဆင်ခြင်း(IC-V 8000၊ အထိုင်စက်၊ စကားပြောစက်(၁၀)လုံး၊ ဘက်ထရီ မီးစက်အစုံ) | ၁ စုံ |
| (၄) | ရေရရှိရေးလုပ်ငန်း<br>(က) ရေတွင်းတူးဖော်ခြင်း<br>(ခ) ရေမြှုပ်မော်တာနှင့် ppc ပိုက်များတပ်ဆင်ခြင်း<br>(ဂ) ရေတပ်နန့်တပ်ဆင်ခြင်း<br>(ဃ) ရေစင်ဆောက်လုပ်ခြင်း<br>(င) အုတ်ကန်ပြုလုပ်ခြင်း(၈×၄×၄)ပေ (၃)လုံးဆောက်လုပ်ခြင်း | ၁ ခု |

| | | | |
|---|---|---|---|
| (က) | အိတ်ဖွင့်တင်ဒါတင်သွင်းရန် | - | ၂၂-၉-၂၀၁၄ ရက် ရုံးဖွင့်ချိန်မှ ၂၁-၁၀-၂၀၁၄ ရက် ၁၄း၀၀ နာရီအတွင်း |
| (ခ) | အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နေရာ | - | ကျင်ပြည်နယ်၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာန |


၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်ဒါတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိလိုပါက ကျင်ပြည်နယ်၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာန၊ ကျင်ပြည်နယ် အစိုးရအဖွဲ့ ဖုန်း ၀၇၄-၂၉၅၁၇၊ ၀၉-၄၇၀၃၅၅၂၂ ၊

ကျင်ပြည်နယ်၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၇၄-၂၀၄၈၆၊ ၀၇၄-၂၂၃၃၁၊ ၀၉-၄၅၈၀၂၃၆၂၀ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ကြားမှ

အားကစား

# ပရီမီယာလီဂ်ရင်ခုန်သံ – ၅

ပရီမီယာလီဂ်ပွဲစဉ်(၄)မှာ မန်ယူဂိုးပြတ်နိုင်တယ်။ ရလဒ်ရော ခြေပါကောင်းတယ်။ ဒီတော့ မန်ယူတကယ်ပြန်လာပြီလား။ အဲဒါကို ပွဲစဉ်(၅)မှာ စောင့်ကြည့်ရမယ့်အပြင် မန်စီးတီးနဲ့ ချယ်လ်ဆီးဆုံတွေ့မှုကလည်း စိတ်ဝင်စားဖို့ကောင်းတယ်။

**ကျူပီအာ - စတုတ် ည ၆း၁၅ (၂၀-၉-၁၄)**

ရလဒ်တွေဆိုးနေတဲ့ ကျူပီအာအနေနဲ့ ရလဒ်ကောင်းဖို့ ကြိုးစားမှာက သေချာတယ်။ အထူးသဖြင့် အိမ်ကွင်းဖြစ်တယ်။ ဒါကြောင့် အမှတ်ရဖို့ အားစိုက်လာရင် စတုတ်အခက်တွေ့နိုင်တယ်။ သတိပြုရမှာက စတုတ်ရဲ့တိုက်စစ်အားပဲ။ စတုတ်ဟာ လေးပွဲမှာ နှစ်ဂိုးပဲရတယ်။ တစ်ဂိုးထက်ပိုသွင်းနိုင်တဲ့ပွဲလည်းမရှိသေးဘူး။ အဲဒါနဲ့ချင့်ချိန်ဖို့လိုတယ်။

**ဗီလာ - အာဆင်နယ် ည ၈း၃၀ (၂၀-၉-၁၄)**

ဒီပွဲမှာ အဓိကတွက်ရမှာက အာဆင်နယ်ဟာ ချန်ပီယံလီဂ်ကြောင့် ပွဲပန်းလာမှုရှိနိုင်ခြင်းနဲ့ ဝဲလ်ဘတ်အထိုင်မကျမှုနဲ့အတူ အားနည်းနေတဲ့တိုက်စစ်ပိုင်းပဲ။ ထပ်ပြောရမယ်ဆိုရင် ဗီလာရဲ့လက်ရှိအနေအထားက တည်ငြိမ်မှုအပြည့်ရှိတယ်။ ပြီးတော့ အိမ်ကွင်းဖြစ်တယ်။ ဒါကြောင့် အာဆင်နယ်အနိုင်ပြတ်သားပါ့မလား တွေးဖို့လိုတယ်။

**ဘန်လေ - ဆန်းဒါးလန်း ည ၈း၃၀ (၂၀-၉-၁၄)**

လက်ရှိဆန်းဒါးလန်းရဲ့အနေအထားက စိတ်ဝင်စားဖို့ကောင်းတယ်။ မနိုင်ဘူးဆိုပေမယ့် လေးပွဲမှာ သုံးပွဲတိတိမရှုံးဘူး။ အထူးသဖြင့် တိုက်စစ်က ဂိုးသွင်းခြေမှန်တယ်။ ခံစစ်အားနည်းမှုကြောင့်သာ မနိုင်တာဆိုတော့ ဘန်လေမလွယ်တာသေချာတယ်။ အဓိကက ဘန်လေရဲ့တိုက်စစ်ပဲ။ လေးပွဲမှ တစ်ဂိုးပဲရတယ်။ အဲဒါနဲ့ ချင့်ချိန်ရမယ်။

**နယူးကာဆယ် - ဟားလ် ည ၈း၃၀ (၂၀-၉-၁၄)**

နယူးကာဆယ်ရဲ့ရလဒ်က ဆိုးလွန်းတယ်။ အထူးသဖြင့် လေးပွဲမှာ ကိုးဂိုးပေးခဲ့ရတဲ့ခံစစ်က အတော်အားနည်းတယ်။ ဟားလ်ကလည်း သာမန်ခြေသာရှိတယ်။ ဒီတော့ ချင့်တွက်ရမှာက နယူးကာဆယ်ရဲ့အခြေအနေပဲ။ အထူးသဖြင့် ရလဒ်တွေ ဆိုးနေမှုကြားက ရုန်းထွက်လိုစိတ်နဲ့ အိမ်ကွင်းဖြစ်နေခြင်းတို့ကို သတိပြုရမယ်။

**ဆွမ်ဆီး - ဆောက်သမ်တန် ည ၈း၃၀ (၂၀-၉-၁၄)**

ချယ်လ်ဆီးကို ဂိုးပြတ်ရှုံးခဲ့တယ်ဆိုပေမယ့် ဆွမ်ဆီးခြေကို လျှော့တွက်လို့မရနိုင်သေးဘူး။ အဓိကကတော့ အဝေးကွင်းမှာ ဆောက်သမ်တန်ရဲ့ ခံစစ်ပိုင်းက မတည်ငြိမ်တတ်မှုပဲ။ ဒဲ့အပြင် ဆွမ်ဆီးက အိမ်ကွင်းကစားပုံကောင်းတယ်။ ပြီးတော့ တိုက်စစ်က ဂိုးသွင်းခြေရှိတယ်။ ဒီတော့ သရေကျသွားမလားဆိုတာ ချင့်ချိန်ဖို့လိုတယ်။

**ဝက်စ်ဟမ်း - လီဗာပူး ည ၁၁း၀၀ (၂၀-၉-၁၄)**

ဗီလာကို ရှုံးခဲ့ရမှုဟာ လီဗာပူးအတွက် တွန်းအားတစ်ခုဖြစ်လာနိုင်တယ်ဆိုပေမယ့် ချန်ပီယံလီဂ်ကြောင့် ပွဲပန်းလာနိုင်တာကို မေ့လို့မဖြစ်ဘူး။ အထူးသဖြင့် ဝက်စ်ဟမ်းက အမှတ်ဆုံးရှုံးမှုများနေလို့ အားစိုက်ကစားမှာလည်း သေချာသလို အိမ်ကွင်းလည်းဖြစ်တယ်။ လီဗာပူး အနိုင်ပြတ်သားပါ့မလား ချင့်ချိန်ရမယ်။

**လက်စတာ - မန်ယူ ည ၇း၀၀ (၂၀-၉-၁၄)**

မန်ယူရဲ့ အဓိကအားသာမှုက ဒီပွဲမတိုင်ခင်မှာလည်း ဥရောပပွဲမရှိဘူး။ ဒီပွဲအပြီးမှာလည်း ကက်ပီတယ်ဝမ်းဖလားကစားရဖို့မရှိဘူး။ ဒီတော့ အမှတ်ဆုံးရှုံးမှုများခဲ့တဲ့ ဒီပရီမီယာလီဂ်ကိုပဲ အာရုံစိုက်မှာသေချာတယ်။ ပြီးတော့ လက်ရှိ အသင်းလိုက်ကစားပုံကလည်းကောင်းလာတယ်။ အဲဒါနဲ့ချင့်ချိန်ရမယ်။

**စပါး - ဝက်စ်ဘရွန်း ည ၇း၀၀ (၂၀-၉-၁၄)**

ဝက်စ်ဘရွန်းရဲ့အဓိကပြဿနာက တိုက်စစ်ပဲ။ လေးပွဲမှာ နှစ်ဂိုးပဲရတယ်။ သုံးပွဲဆက် ဂိုးမရဘူး။ ဒီတော့ တွက်စရာရှိတာက စပါးဘက်မှာပဲရှိတယ်။ အဲဒီမှာသတိပြုရမှာက စပါးဟာ ယူရိုပါလိဂ်ရှိတယ်။ ဒီပွဲအပြီးမှာလည်း ကက်ပီတယ်ဝမ်းရှိတယ်။ စပါးအိမ်ကွင်းဖြစ်ပေမယ့် ဂိုးပြတ်၊ မပြတ် ချင့်ချိန်ရမယ်။

**အဲဗာတန် - ပဲလေ့စ် ည ၉း၃၀ (၂၀-၉-၁၄)**

ဒီပွဲအပြီး ဆွမ်ဆီးနဲ့ ကက်ပီတယ်ဝမ်းဖလား ရင်ဆိုင်ရမယ့် အဲဗာတန်ဟာ ဒီပွဲမတိုင်ခင်မှာလည်း ယူရိုပါလိဂ်ကစားခဲ့ရမယ်။ ဒါပေမယ့် ပဲလေ့စ်က နိုင်ပွဲမရှိသေးဘူး။ အဓိကပြဿနာက ခံစစ်ပိုင်းမတည်ငြိမ်မှုပဲ။ လေးပွဲမှာ ရှစ်ဂိုးပေးရတယ်။ ဒီတော့ အဲဗာတန်တိုက်စစ်အခွင့် အရေးရနိုင်တာနဲ့ ချင့်ချိန်ရမယ်။

**မန်စီးတီး - ချယ်လ်ဆီး ည ၉း၃၀ (၂၀-၉-၁၄)**

ချန်ပီယံလီဂ်ရှိတာချင်းတူပေမယ့် ပြိုင်ရမယ့်အသင်းချင်း မတူဘူး။ မန်စီးတီးကဘိုင်ယန်၊ ချယ်လ်ဆီးက ရှော်လ်ကေး။ ဒီတော့ အားထုတ်ခဲ့ရမှုမှာ မန်စီးတီးကပိုများနိုင်လာသလို ပွဲလည်းပိုပန်းနိုင်တယ်။ အဲဒါအပြင် လက်ရှိ အသင်းလိုက် တည်ငြိမ်မှုအားမှာလည်း ချယ်လ်ဆီးက သာတော့ မန်စီးတီးသရေလောက်ပဲရမလား။ အဲဒါနဲ့ တွက်ရမယ်။

ရှိုင်းမင်းမင်း

# ပွဲစဉ်ငါးပွဲမှာ ကစားသမား ၃၃ ဦးအထိ အသုံးပြုခဲ့သည့် မန်ယူနည်းပြ ဗန်ဟားလ်

နယ်သာလန်နိုင်ငံသား မန်ယူအသင်းနည်းပြ လူးဝစ်ဗန်ဟားလ်သည် မန်ယူအသင်းကို စတင်တာဝန်ယူချိန်မှစတင်ကာ ၎င်း၏လုပ်ထုံးလုပ်နည်းတစ်ခုဖြစ်သည့်ကစားသမားအလှည့်ကျအသုံးပြုတတ်သည့် မူဝါဒတစ်ခုကို လုပ်ဆောင်လာပြီဖြစ်သည်။

နည်းပြဗန်ဟားလ်သည် မန်ယူအသင်းအောင်မြင်မှုရရှိရေးအတွက် ရှေးရှုကာ ကမ္ဘာတစ်ဝန်းမှ ကစားသမားသစ်ခြောက်ဦးကို ယခုနှစ်နွေရာသီအပြောင်းအရွှေ့စျေးကွက်တွင် ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၅၀ အထိ သုံးစွဲခဲ့သည်။ သို့ရာတွင် ပေါင်သန်း ၁၅၀ သုံးစွဲထားပြီး ယခုနှစ် ဘောလုံးရာသီ၏ ပွဲစဉ်ငါးခုတွင် ကစားသမား ၃၃ ဦးအထိ ပွဲထွက်ကစားစေခဲ့သော်လည်း ကျူပီအာနှင့်ပွဲစဉ်တွင် မျက်နှာသစ်ကစားသမားအများစု၏ စွမ်းဆောင်ရည်နှင့်အတူ လေးဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်မှလွဲ၍ အားရကျေနပ်လောက်သည့် ခြေစွမ်းမျိုးမရှိခဲ့သေးပေ။

ဗန်ဟားလ်သည် MK ဒွန်းနှင့် ကစားခဲ့သည့် ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲနှင့် ပရီမီယာလီဂ်ပွဲစဉ်လေးခုအပါအဝင် ပွဲစဉ်ငါးခုသို့ မတူသော ကစားသမား ၃၃ ဦးအထိ အသုံးပြုခဲ့ရာတွင် ဂိုးသမားကိုမူ ဒီဂီယာတစ်ဦးတည်းသာ အသုံးပြုခဲ့သည်။ ကျန်ကစားသမား ၃၂ ဦးမှာ နောက်တန်းကစားသမား ကိုးဦး၊ တိုက်စစ်မှူးခြောက်ဦးနှင့် ကွင်းလယ်ကစားသမား ၁၇ ဦး အသုံးပြုထားခဲ့သည်။

ယင်းသို့ နည်းပြဗန်ဟားလ် အသုံးပြုခဲ့သည့် ကစားသမား ၃၃ ဦးမှာ ဂိုး-ဒီဂီယာ၊ နောက်တန်း-ဘလက်ကက်၊ စမောလင်း၊ ဖီးလ်ဂျီးစ်၊ မိုက်ကယ်ကိန်း၊ မားမစ်၊ ရီစီဂျိမ်းစ်၊ အီဗန်၊ ရိုဂျီး၊ရာဖေးလ်၊ ကွင်းလယ်-လင်းဂတ်၊ ဂျာ၀ရ္ယူဇာ၊ အက်ရ်ှလေယန်း၊ ဖလက်ချာ၊ ဟာရဲရား၊ ဖယ်လိုင်နီ၊ မာတာ၊ နာနီ(လက်ရှိစပို့တင်း လစ္စဘွန်းသို့ အငှားချထား)၊ ဗလင်စီယာ၊ ကလီဗာလေ(လက်ရှိအက်စ်တွန်ဗီလာသို့ အငှားချထား)၊ အန်ဒါဆန်၊ ဂျန်ကို၊ ပီရိန်ရာ၊ ကာဂါဝါ(လက်ရှိဒေ့ါမွန်)၊ နစ်ပိုဝဲလ်(လက်ရှိလီဆက်စတာသို့ အငှားချထား)၊ ဒီမာရီယာ၊ ဘလိုင်း၊ ရှေ့တန်း-ရွန်းနီ၊ ဗန်ပါစီ၊ ဒန်နီဝဲလ်ဘက်(လက်ရှိအာဆင်နယ်)၊ ဟာနန်ဒက်ဇ်(လက်ရှိရီးယဲလ်မက်ဒရစ်သို့ အငှားချထား)၊ ဂျိမ်းစ်ဝီလ်ဆင်၊ ဖယ်လ်ကာအို စသည်တို့ဖြစ်သည်။

မန်ယူအသင်းအနေဖြင့် ယင်းသို့ ကက်ပီတယ်ဝမ်းပွဲစဉ်တစ်ပွဲနှင့် ပရီမီယာလီဂ်ပွဲစဉ်လေးပွဲတွင် ကစားသမား အတော်များများအသုံးပြုထားခြင်းသည် အခြားသော ပရီမီယာလီဂ် အသင်းများထဲမှ ကစားသမားအများအပြား ပွဲထွက်ကစားစေခဲ့သည့် အသင်းများထက်ပင် ငါးဦးပိုနေသည်။

မန်ယူအသင်းနည်းပြ ဗန်ဟားလ်သည် အခြားသော ကစားသမား အလှည့်ကျအသုံးပြုတတ်သည့် ဟားစီးတီးနှင့် ကျူပီအာတို့ထက် ပွဲစဉ်ငါးခုတွင် ကစားသမားသုံးဦး ပိုသုံးထားပြီး ပရီမီယာလီဂ်တစ်ခုတည်း၌ ပင် ကစားသမား ၂၆ ဦးအထိ အသုံးပြုထားခဲ့သည်။ ဗန်ဟားလ်သည် လူငယ်ကစားသမားများကိုပါ မန်ယူအသင်း၏ ပထမအသင်းတွင် ပွဲထွက်ကစားစေသည့် အခွင့်အရေးကိုလည်း ပေးထားခဲ့သည်။

လက်ရှိအချိန်ထိ ဂိုးသမား ဒီဂီယာတစ်ဦးတည်း အသုံးပြုထားပြီး လူသိမများသေးသည့် လူငယ်ကစားသမားများဖြစ်သည့် ဗားမစ်၊ ဂျန်ကို နှင့် ရီစီဂျိမ်းစ်တို့ကိုပါ ပွဲထွက်ကစားခွင့်ပြုခဲ့သည်။ နောက်ခံလူလုခ်ရှောသည် မန်ယူအသင်း၏ပွဲဦးထွက်ပွဲစဉ်တွင် ဒဏ်ရာပြဿနာကြုံခဲ့၍ လည်းကောင်း၊ မိုက်ကယ်ကားရစ်သည် ရာသီတစ်လျှောက် ဒဏ်ရာပြဿနာကြုံခဲ့၍ လည်းကောင်း မန်ယူအသင်းအနေဖြင့် ယခုလာမည့် ပရီမီယာလီဂ်ပွဲစဉ်(၅) တွင် နောက်ခံလူနှစ်ဦး ထပ်မံသုံးစွဲရမည်ဖြစ်၍ ယခင်ကစားခဲ့သည့် ပွဲစဉ်များတွင် အသုံးပြုခဲ့သည့်မတူသော ကစားသမား ၃၃ ဦးအပါအဝင် ကစားသမား အသုံးပြုမှု ၃၅ ဦးအထိ ရှိလာနိုင်ပြီး ယင်းသို့ အသုံးပြုမည့် နည်းပြ ဗန်ဟားလ်၏ မန်ယူအသင်းအနေဖြင့် ၎င်းတို့မျှော်လင့်ထားသည့် ပရီမီယာလီဂ်ဖလားရယူနိုင်ရေး မျှော်လင့်ချက်ရောင်နီသန်းသည်အထိ စွမ်းဆောင်နိုင်ပါ့မလားဆိုတာ. . . . . ။

[နိုင်လင်းကြည်]

# ဂျက်ဝီလ်ရှိုင်းယား၏ ဒဏ်ရာအခြေအနေအပေါ် ဝင်းဂါးစိုးရိမ်နေ

အင်္ဂလန်ပရီမီယာလီဂ်ကလပ် အာဆင်နယ်အသင်း၏ နည်းပြဖြစ်သူ အာဆင်ဝင်းဂါးက အသင်း၏ အဓိကကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ဂျက်ဝီလ်ရှိုင်းယား ဒဏ်ရာရရှိသွားခဲ့ခြင်းအပေါ် စိုးရိမ်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဝီလ်ရှိုင်းယားမှာ ဒေ့ါမွန်အသင်းနှင့်ကစားခဲ့သည့် ချန်ပီယံလီဂ်အုပ်စုအဖွင့်ပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်းဖြစ်ပြီး အနည်းဆုံး ရက်သတ္တလေးပတ်ခန့် အနားယူရဖွယ်ရှိနေကြောင်း ဗြိတိန်သတင်းစာ Mirror က ဖော်ပြခဲ့သည်။

အာဆင်ဝင်းဂါးက "ကျွန်တော့် အနေနဲ့ ပုံမှန်အခြေအနေမျိုးသာဆိုရင် ဝီလ်ရှိုင်းယားဒဏ်ရာအတွက် စိုးရိမ်နေမှာမဟုတ်ပါဘူး၊ ဒါပေမယ့် သူ့ဟာ အရင်ကတည်းက ခြေချင်းဝတ်ဒဏ်ရာပြင်းပြင်းထန်ထန်ရရှိထားခဲ့ဖူးသူဖြစ်တာကြောင့် ကျွန်တော်တို့အတွက်တော့ အလွန်စိတ်ပျက်စရာကောင်းတဲ့ ထိုးနှက်ချက်တစ်ရပ်ပါပဲ" ဟု ပြောကြားခဲ့သည်။

ထို့ပြင် အာဆင်နယ်အသင်းမှာ ဝီလ်ရှိုင်းယား ဒဏ်ရာပြင်းထန်စွာ ရရှိသွားခဲ့ခြင်းကြောင့် အသင်းတွင် ဒဏ်ရာပြဿနာရှိနေသည့် ကစားသမားများ ပြားလာခဲ့ပြီး ပြီးခဲ့သည့် ရက်ပိုင်းက အဓိကနောက်ခံလူတစ်ဦးဖြစ်သည့် ဒီဘူချီမှာလည်း ဒဏ်ရာကြောင့် ကာလရှည်အနားယူရတော့မည်ဖြစ်သည်။

ကိုရဲ


အပတ်စဉ် စနေနေ့တိုင်း
JOB seekers
ရောင်းဝယ်ကုန်သွယ်ရေး၊ စီးပွားရေးနယ်ပယ်ပေါင်းစုံမှ ဝန်ထမ်းလုပ်ငန်းခွင်အခြေအနေများကို သိရှိချင်တယ်ဆိုရင်
ကျွေးမြီးကာကျွန်ယာ ကို ဖတ်ပေးကြပါလို့။
Hot Line : 01 2304678
www.myanmarjobseekers.com, www.facebook.com/myanmarjobseekers

ကံကောင်း
အိမ်၊ ခြံ၊ စမြေ
သိပ်ဝါ၊ ကျောက်တန်း၊ သန့်လျင်
မြေကွက်များ ရောင်းလို/ဝယ်လိုသည်။
PH-09-49300967
09-420185599

ကာစီကာ နည်းပြ
နည်းပြ / သရုပ်ပြ
ဖွင့်ဖြို
တိုက်(၁၂)၊လှည်းတန်းလမ်းမ၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း – ၀၉ – ၅၁၀ ၃၇၉၉၊ ၀၉ – ၄၂၀၀၃၂၁၀၃

The VOICE Weekly
Vol.10,No.36
ထွက်ပြီ
The Voice Weekly ပရိတ်သတ်များအတွက်
အထူးမေတ္တာလက်ဆောင်
ယနေ့ထုတ် The Voice Saturday သတင်းစာအခမဲ့ရယူပါ။
◆ အတိတ်ကံလား။ ဘဝပေးလား၊ အချောင်သမားလား ရန်ကုန်မြို့တော်ကတောင်းရမ်းသူများဘဝ မျက်နှာဖုံးဆောင်းပါး၊
◆ မြန်မာ့အပြောင်းအလဲ ဘာတွေအရေးကြီးတာလဲ ဗြိတိန်သံအမတ်ကြီးနှင့် သီးသန့်ဆွေးနွေးခန်း၊
◆ သမ္မတရဲ့ဥရောပခရီးစဉ်က မြန်မာတွေအတွက် ဘာတွေဆောင်ကြဉ်းလာမလဲ၊
◆ လက်ကလေးချိုး ခါးကလေးနဲ့ ပြီးချင်တယ်ဆိုတဲ့ ကိုမျိုးကိုကိုစန်းမှ မမျိုးကိုကိုစန်းအဖြစ် ပြောင်းလဲသူ၊
◆ နေမဝင်အင်ပါယာဟောင်းရဲ့အသည်းနှလုံးကို ထပ်မံချေမှုလေဦးမလား စကော့တလန်၊

ရောင်းသည်အသက်

တိုက်လှလှလေးလက်ဆောင်ဝယ်ပေးလိုသူများအတွက်
ရောင်းမည်(ညှိနှိုင်းဈေး)နေရာကောင်း
ဒဂုံတောင်၊ လှော်ကားလမ်းမကြီးအနီး၊ (၅၅)ရပ်ကွက်၊ နတ်မောက်လမ်း(ကတ္တရာလမ်း)မပေါ်၊ ပေ(၄၀×၆၀)မြေနှင့် မြေပေါ်ရှိ တစ်ထပ်တိုက်အသစ်၊ အုတ်တံတိုင်းခြံဝင်းအပါအဝင် တိုက်တစ်ခုလုံး(အတွင်းအပြင်)ကြွေပြားအပြည့်ခင်းထား၊ အဝိစိတွင်း(၂)တွင်း(ရေသန့်)၊ ကိုယ်ပိုင်မီတာ၊ ခြံဝင်းရှေ့ အပြင်ဘက်တွင် (မြေပို)၁၅×၄၀ပေပါ(ဆိုင်သီးခြားဖွင့်နိုင်) (ရောင်းသူ၏ဂရန်အမည်ပေါက်) အော်တိုကြိုးဖုန်းတစ်လုံး တပ်ဆင်ပြီး၊ အဝိစိ မော်တာ အသစ်တပ်ဆင်ထားပြီး၊ အိပ်ခန်း(၂)ခန်း၊ ထမင်းစားခန်း (၁)ခန်း၊ ညဉ့်ခန်းကျယ် (၁)ခန်းပါပြီး (လာကြည့်ရှုနဲ့ဝယ်ချင်သွားရမည်)
ဖုန်း-၀၉၂၅၉၂၇၇၈၇၅၊ ၀၉၂၅၄၄၄၄၄၁၁
၀၉၄၂၀၀၁၉၉၅၅၀၊ ၀၉၃၁၄၄၈၂၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
မော်တော်ယာဉ်များဝယ်ယူရန်အတွက် Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများအတွက် အောက်ဖော်ပြပါ မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Toyota Hilux D4D, Model 2004နှင့်အထက် | ၁ စီး |
| (ခ) | Suzuki Carry 2007 နှင့်အထက် | ၃၄ စီး |
| (ဂ) | Toyota Corolla Van, Model; 1999 နှင့်အထက် | ၁ စီး |
| (ဃ) | Light Truck (1Ton) Model; 2005 နှင့် အထက် | ၁ စီး |
| (င) | Motor Cycle 110 CC | ၃ စီး |

၂။ Open Tender တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၊ရုံးအမှတ်(၂၁)နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၀-၁၀-၂၀၁၄ရက်၊ ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၃။ မော်တော်ယာဉ်များနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ်-၀၆၇-၄၀၄၀၀၇ နှင့် ၀၆၇-၄၀၄၅၁၀၄သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

DAGON CITY 1
BY MARGA LANDMARK

Dagon City Makes Myanmar More Beautiful

DAGON CITY 1
SHOWROOM
NOW OPEN

Dagon City 1 showroom အား
ယခုဖွင့်လှစ်လိုက်ပါပြီ။

အဆင့်မြင့် Residential အိမ်ခန်းများကို ရယူပိုင်ဆိုင်ပြီး
Mercedes Benz ရရှိနိုင်မည့် အထူးအခွင့်အရေး

Exclusively at the Dagon City 1 Open Day :
9:00 a.m,
27th September, 2014

OWN A PIECE OF PRESTIGE AND
GET A CHANCE TO WIN A MERCEDES BENZ!

Also Featuring Dagon City 1 Brand Ambassador Eindra Kyaw Zin,
Beauty Queens, International Entertainment,
Lucky Draws and Many More Surprises!

Pre-Registration required!
Call +95 9 2544 28883 to reserve a seat.

WIN
MERCEDES BENZ
2014 C-CLASS
NEW MODEL

DEVELOPED BY
MARGA LANDMARK

DAGON CITY 1
GALLERY SHOWROOM ADDRESS:
U Htaung Bo Circle, No. 61, 63, Zoological Garden Road,
Dagon Township, Yangon.
WWW.DAGONCITY1.COM

# ရွှေချည်ထိုးပန်းချီကားလုပ်ငန်းတွင် ဆွဲဆောင်မှုနည်းသော ဆိုင်ခန်းများ ရောင်းအားကျဆင်း

**မန္တလေး၊ စက်တင်ဘာ ၁၉**

ရွှေချည်ထိုးပန်းချီကားလုပ်ငန်းတွင် မြန်မာနိုင်ငံ၏ ရိုးရာအလှ ရှခင်းများ၊ လှည်းယာဉ်၊ ဆင်၊ ဇာတ်နိပါတ်ကားများ၊ နန်းမြို့ရိုးကားများ၊ တရုတ်လိုင်း၊ အိန္ဒိယလိုင်းနှင့် အခြားရှုခင်းလိုင်းများမှာ အလုပ်ဖြစ်လေ့ရှိပြီး ရွှေချည်ထိုးပန်းချီကားများမှာ ဆိုင်ခန်းအခင်းအကျင်းပေါ် မူတည်၍ ရောင်းအား ကွာခြားသွားတတ်ကြောင်း သိရသည်။

မြန်မာ့ရိုးရာ လက်မှုလုပ်ငန်းဖြစ်သော ရွှေချည်ထိုးလုပ်ငန်းသည် အစဉ်အဆက်ပြုလုပ်ခဲ့သော မြန်မာ့ရိုးရာ အနုပညာလုပ်ငန်းပင်ဖြစ်ပြီး ရွှေချည်ထိုးလုပ်ငန်းကို အပ်ဖြင့်ထိုးချုပ်ရသော အလှအပြောက်လုပ်ငန်းဟုလည်း ခေါ်ကြသည်။

ရှေးခေတ်မြန်မာမျူးမတ်များနှင့် မိဖုရား စသည်တို့သည် ခြူးပန်းခြူးနွယ် ကနုတ်ပါသော အဆင်တန်ဆာများ၊ ပန်းပြောက်ပန်းနွယ် ဖောက်ထိုးထားသော လက်ကျပ်လက်စည်း၊ စည်းပုံမကိုင်၊ သရဖူ စသော အဆင်တန်ဆာများကို ဝတ်ဆင်ခဲ့ကြသည်။

လက်ရှိကာလတွင် ရွှေချည်ထိုးလုပ်ငန်းကို အလှုမဂ်လာပွဲများအတွက် မာတိကာတန်ဆာအဖြစ် ပြုလုပ်၍ အဌားလိုက်ခြင်းနှင့် ရွှေချည်ထိုးပန်းချီကားလုပ်ငန်းမှ ရွှေချည်ထိုး အမှတ်တရလက်ဆောင်ပစ္စည်းများကို ပြုလုပ်ရောင်းချကြသည်။

ရွှေချည်ထိုးပန်းချီကားလုပ်ငန်းသည် အနုပညာလက်ရာမြောက်ပြီး နိုင်ငံခြားဧည့်သည်များ၊ ဗုဒ္ဓဘာသာ ကိုးကွယ်နိုင်ကာ ရွှေချည်ထိုးပန်းချီကားကို ချိတ်ဆွဲရောင်းချသူများသည် ရှေးဟောင်းပစ္စည်းများဖြင့် တွဲဖက်ရောင်းချကြသည်။

ထိုဆိုင်များတွင် ရွှေချိန်ခွင်ကလေးများ၊ စုတ်တံ စုတ်ခွက်များနှင့် အခြားကြေးပစ္စည်းအမျိုးမျိုး ရောင်းချကြပြီး ဆိုင်အခင်းအကျင်းမလှသော ဆိုင်များမှာမူ ရောင်းအားကျဆင်းပြီး စိတ်ဝင်စားဖွယ်ကောင်းအောင် ခင်းကျင်းရောင်းချသည့်ဆိုင်များမှာ ရောင်းအားကောင်းကြောင်း သိရသည်။

ရွှေချည်ထိုး လက်မှုအနုပညာပစ္စည်းများကို နိုင်ငံတကာခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုပိုမိုစေရန် ဆိုင်အခင်းအကျင်းမှစကာ စိတ်ဝင်စားဖွယ်ရာ ပြုလုပ်ရန် လိုအပ်သည်။

ထိုသို့ အဆင့်မီစွာ ပြင်ဆင်ထားမှသာလျှင် မြန်မာ့လက်မှုအနုပညာပစ္စည်းကို တန်ဖိုးထားမှု ပိုမိုလာနိုင်ကြောင်း ရွှေချည်ထိုးပန်းချီကားရောင်းချသူ တစ်ဦးက ပြောသည်။ **တိမ်တမန်**

# ဂန့်ဂေါ်မြို့နယ်အတွင်းစိမ့်စမ်းရေသွယ်လုပ်ငန်း တိုးချဲ့နိုင်ရေး ဆောင်ရွက်

**ဂန့်ဂေါ၊ စက်တင်ဘာ ၁၉**

ဂန့်ဂေါမြို့နယ်အတွင်းရှိ ကျောကျေးရွာသည် ပုံတောင်နှင့် ပုံညာတောင်ကြားရှိ ကျေးရွာဖြစ်၍ မုံရွာ-ဂန့်ဂေါ-ဟားခါး ကားလမ်းပေါ်ရှိ ကျေးရွာဖြစ်ကာ ပုံတောင်ဒေသ လေးမိုင်အကွာအဝေးမှ သဘာဝစိမ့်စမ်းရေကို ၁၉၉၆ ခုနှစ်မှစ၍ သွယ်ယူရရှိနေသည့် ကျေးရွာဖြစ်ပြီး စတင်ဆောင်ရွက်ခဲ့စဉ်က လူနေအိမ်ခြေ ၃၀၀ အတွက် အများသုံးရေတိုင် ၃၁ တိုင်ဖြင့် ရေပေးဝေနိုင်ခဲ့သည်။

ထိုကျောကျေးရွာအား ပုံတောင်ဒေသ လေးမိုင်အကွာအဝေးမှ သဘာဝစိမ့်စမ်းရေကို ၁၉၉၆ ခုနှစ်မှစ၍ သွယ်ယူဆောင်ရွက်ထားမှုမှာ နှစ်ကာလ ကြာမြင့်ခဲ့ခြင်းကြောင့်လည်းကောင်း၊ လူဦးရေနှင့် လူနေအိမ်ခြေများ တိုးလာသဖြင့်လည်းကောင်း ရေပေးဝေရာတွင် လုံလောက်မှုမရှိတော့သဖြင့် ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်လွင်၊ အင်ယိတန်းအင်ဂျင်နီယာ(၂) ဦးအောင်မျိုးမောင်တို့နှင့် ကျောကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များသည် စက်တင်ဘာ ၁၆ ရက်က မူလဆောင်ရွက်ထားသည့် ရေသွယ်လုပ်ငန်းတွင် လိုအပ်သည်ကို ပြုပြင်နိုင်ရေးအပြင် တိုးချဲ့ရေသွယ်လုပ်ငန်းဆောင်ရွက်နိုင်ရေး ကွင်းဆင်းညှိနှိုင်းဆောင်ရွက်ကြကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ်အတွင်းရှိ ပုံတောင်တောင်တန်းနှင့် ပုံညာတောင်တန်းတို့သည် အမြင့်ပေ ၃၅၀၀ ကျော်မြင့်သည့် တောင်တန်းကြီးများဖြစ်ပြီး အဆိုပါတောင်တန်းကြီးများသည် တောတောင်ထူထပ်သည့်အလျောက် သစ်၊ ဝါးနှင့် သစ်တောထွက်သယံဇာတပစ္စည်းများ ရရှိသည်။

ထို့ပြင် သစ်တောသစ်ပင်ပေါများသဖြင့် သဘာဝစိမ့်စမ်းရေကိုလည်း ရရှိသည်။ အဆိုပါသဘာဝစိမ့်စမ်းရေကို စိုက်ပျိုးရေးလုပ်ငန်းအတွက်လည်းကောင်း၊ မိမိနေထိုင်ရာ ကျေးရွာများအထိ စိမ့်စမ်းရေသွယ်၍လည်းကောင်း တစ်ပိုင်တစ်နိုင် ဆောင်ရွက်ကြသည်များရှိကြောင်း သိရသည်။ **(၄၆၅)**

# ပဲခူးမြို့၌(၁၃၃) ကြိမ်မြောက် ရွှေကျင်နိုကာယ သံဃမဟာပဝါရဏာပြုပွဲ ကျင်းပပြုလုပ်မည်

**ပဲခူး၊ စက်တင်ဘာ ၁၉**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၈ ရက် မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့ ရွှေမော်ဓောဘုရားတောင်ဘက် သမိုင်းဝင် မဟာသီဝလိသိမ်တော်ကြီး၌ ပဲခူးမြို့နယ်ရှိ သုဓမ္မာနိကာယကျောင်းတိုက်ပေါင်း ၂၇၅ ကျောင်းမှ ပုရိမဝါဆိုကြသော ရဟန်းတော် ၂၈၀၃ ပါးတို့သည် သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ သြဝါဒဆရာတော်ကြီးများ၊ သက်တော်ရှည်ဆရာတော်ကြီးများ ဦးဆောင်၍ ဖိတ်ကြားမှုဖြင့် (၁၀၂၃) ကြိမ်မြောက် သံဃမဟာပဝါရဏာပြုတော်မူကြမည်ဖြစ်သည်။

ထို့အတူ ပဲခူးမြို့ ကလျာဏီရပ်ကွက်ရှိ သမိုင်းဝင် ကလျာဏီသိမ်တော်ကြီး၌ လည်း ရွှေကျင်နိကာယ၊ ဝိနယာရာမ၊ သာသနာ့မဏ္ဍိုင်၊ ဂိုဏ်းဂနိုင်ကြီး၊ ကလျာဏီ(ကိုးသိန်း)ဆရာတော်ကြီးများကြီးမှူး၍ ရွှေကျင်ဂိုဏ်းဝင် သံဃာတော်အပေါ်း ၇၀၀ တို့က (၁၃၃) ကြိမ်မြောက် သံဃမဟာပဝါရဏာပြုကြမည်ဖြစ်သည့် အပြင် ကျန်ရွှေကျင်ဂိုဏ်းဝင်မြို့နယ်များမှ ဆရာတော်ကြီးများနှင့် သံဃာတော်များက ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်၌ ပဝါရဏာပြုကြမည်ဖြစ်ကြောင်း သိရသည်။

သံဃပဝါရဏာပြုကြကုန်သော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့က ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဥာဏ်ဝင်းနှင့် ဇနီးဒေါ်မြင့်မြင့်စိုးအမျိုးပြုသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် ဇနီးဒေါ်တင်မော်အမျိုးပြုသော လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့ဝင်မိသားစုများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များက ဆွမ်းဆန်စိမ်း၊ စာရေးတံမဲ၊ နဝကမ္မအလှူဝတ္ထုပစ္စည်းစုံလင်စွာ စုပေါင်းလောင်းလှူကြမည်ဖြစ်၍ အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက သက်ဆိုင်ရာနေရာဒေသများရှိ အကျိုးတော်ဆောင်အဖွဲ့တို့ထံ ဆက်သွယ်၍ စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **တင်စိုး(ပဲခူး)**

# ပခုက္ကူမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ် (၅၀)ပြည့် အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**ပခုက္ကူ၊ စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ် သွေးလှူဒါန်းပွဲကို ပခုက္ကူခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီးလှဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ထွေးတို့ ဦးဆောင်၍ ပခုက္ကူမြို့၊ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်တွင် တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခြင်းကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ် သွေးလှူဒါန်းပွဲတွင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်လုံခြုံရေးတပ်ခွဲ၊ မြို့နယ်ရဲစခန်းများမှ အရာရှိအခြားအဆင့် တပ်ဖွဲ့ဝင် ၄၀ တို့က သွေးများ လှူဒါန်းကြသည်။

ထိုသို့သွေးလှူဒါန်းရာတွင် တပ်ဖွဲ့ဝင်တစ်ဦးစီအား ခရိုင်ရဲတပ်ဖွဲ့မှူးက ကြက်ဥ ၁၀ လုံး၊ ဌက်ပျောသီးဖီးကြမ်းတစ်ဖီးနှင့် သွေးလှူဘဏ်မှ Ferrovit ၁၀ လုံးပါ တစ်ကတ်စီတို့ကို အင်အားဖြည့်အစာအဖြစ် ပေးအပ်ခဲ့ကြသည်။ အဆိုပါ လှူဒါန်းကြသည့်သွေးများကို သွေးလှူဘဏ်ဓာတ်ခွဲဌာနမှ ဦးစီးအရာရှိ ဒေါ်သက်သက်ဝါက လက်ခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်(မန်းတက္ကသိုလ်)**

ကျေးဇူးတော်
ပိုးထည်၊ချည်ထည်နှင့် ပွဲထိုင်ဇာအမျိုးမျိုး
ရွှေပိုးနန်းတော်(၂)နှစ်ပြည့် ဝါကျွတ်အထူးPromotionတွင်
ပျော်ရွှင်စွာစျေးဝယ်ရင်း လက်ဆောင်များရယူပါ. . .
- (၆)မျိုး (၆)စုံ ၆၉၀၀၀ကျပ်
- သတို့သမီးအတွက်ဝယ်လျှင် သတို့သားအတွက်လက်ဆောင်
- ပိုး(၁)ထည်ဝယ် ပိုး(၁)ထည်လက်ဆောင်
- ကွန်ပျူတာပန်းထိုး(၁)ထည်ဝယ် ကွန်ပျူတာပန်းထိုး(၁)ထည် လက်ဆောင်
- ချိတ်(၁)ထည်ဝယ် ချိတ်(၁)ထည် လက်ဆောင်
- ပွဲထိုင်ဇာဝယ်လျှင် ချိတ်(၁)ထည် လက်ဆောင်
ဆိုင်(၁)- အမှတ်(၂၈၁-အော)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ပဟန်းမြို့နယ်။ ဖုန်း-၀၉-၃၆၂၂၃၃၇၄။
ဆိုင်(၂)- အမှတ်(၉၆)၊ဆ/ကရပ်ကွက်၊လေးထောင့်ကန်လမ်းမ၊ သယ်နီးကျွန်းမြို့နယ်။ဖုန်း-၀၁-၈၅၅၀၈၉၉၁။
ဆိုင်(၃)- အမှတ်(၁၁၅)၊ ရွှေတောင်တန်းလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်။ ဖုန်း- ၀၉-၄၂၁၁၀၅၅၆၃။
ဆိုင်(၄)- အမှတ်(၅+၆)၊ ၂၆လမ်း၊ ၆၄ - ၆၅ကြား၊ မန္တလေးမြို့။ ဖုန်း-၀၉-၃၆၂၂၃၃၇၄၂။
ဆိုင်(၅)- အမှတ်(၁၉၃)၊ ပ-ကွင်း၊ သပြေကုန်းစျေး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း- ၀၆၇-၄၃၂၈၉၉။
ဆိုင်(၆)- အမှတ်(၉၅-ခ)၊ လမ်းမတော်လမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့။ ဖုန်း-၀၉-၂၅၉၂၈၁၈၈၇။
ဆိုင်(၇)- သီရိပစ္စယာ(၄)ရပ်၊ အမှတ်(၄)ရပ်ကွက်၊ ညောင်ဦးမြို့။ ဖုန်း- ၀၉-၂၅၉၂၈၁၈၈၉။

ဆိုထာ One Set ရပြီ
THANT FAMILY TRADING CO., LTD မှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ မှ တင်ဒါခေါ်ယူသော ပုံစံအတိုင်း Solar 90W - 1 ချပ်၊ Controller 10A - 1 ခု၊ Battery 65Ah - 1 လုံး၊ Inverter 300W - 1 ခု၊ LED 3W မီးသီး - 2 လုံး၊ 2'(20W) AC မီးချောင်း - 1 စုံ၊ Solar Cable - 15 ပေ၊ မီးခလုတ် - 2 ခု တို့ကို တစ်စုံလျှင် ၁၅၀,၀၀၀/– ကျပ် ပတ်ဝန်းကျင်ဖြင့် အောက်ပါလိပ်စာအတိုင်း လိုသလောက် ဝယ်ယူနိုင်ပါသည်။
THANT FAMILY TRADING CO., LTD. အမှတ်(၁၈၉)၊ ဗိုလ်မင်းရောင်လမ်း၊ (၄၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း-၀၉-၅၁၉၇၃၃၁။
၀၉-၂၅၄၄၄၄၃၉၊ ၀၉-၃၀၁၉၈၉၄၆၊ ၀၉-၇၃၀၇၈၈၄၀

# အဝေးပြေးဝင်းအသစ်ဆောက်ရန် ပန္နက်တင်မင်္ဂလာကျင်းပ

**မြန်အောင်၊ စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၊ အမှတ် (၃)ရပ်ကွက်အတွင်းရှိ အဝေးပြေးကားဂိတ်ဝင်းနေရာမှ ရွာသစ်ကုန်းကျေးရွာအုပ်စု ပြည်တော်သာကျေးရွာ ဟသ်ာတ-မြန်အောင် အဝေးပြေးကားလမ်းဘေးတွင် ကားဝင်းအသစ်တည်ဆောက်ရန် စက်တင်ဘာ ၁၈ ရက် နံနက်က ပန္နက်တင် မင်္ဂလာအခမ်းအနားကျင်းပခဲ့သည်။ အခမ်းအနားတွင် ဆရာတော်သံဃာတော်များက အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်ပူဇော်ကြပြီး၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများက ပန္နက်များချထားပေးခဲ့ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ရွာသစ်ကုန်းကျေးရွာအုပ်စု ပြည်တော်သာကျေးရွာ ဟသ်ာတ-မြန်အောင် အဝေးပြေးဝင်းအသစ် တည်ဆောက်မည့်မြေနေရာ အကျယ်အဝန်းမှာ မြေဧက ၃ ဒသမ ၄၅ ရှိကြောင်း သိရသည်။

ယခုလက်ရှိ အသုံးပြုနေသော အဝေးပြေးကားဝင်းမှာ မြို့တွင်း၌ရှိနေပြီး ယာဉ်အသွားအလာများသည့်အတွက် အန္တရာယ်များသောကြောင့် ယခုကဲ့သို့ ပြောင်းရွှေ့ရန် စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။ **နေဝင်းဇော်(မြန်အောင်)**

# ပဲခူးမြို့အမှတ်(၂)နယ်မြေရဲစခန်းအပိုင်တွင် မှုခင်းဆိုင်ရာ အသိပညာပေးဟောပြော

**ပဲခူး၊ စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အမှတ်(၂)နယ်မြေရဲစခန်းအပိုင် ကျွန်းသာယာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် အမှတ်(၂) နယ်မြေ ရဲစခန်းမှူး ရဲအုပ်စိန်လွင် ၏ ဦးဆောင်မှုဖြင့် မှုခင်းအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ပဲခူးမြို့နယ်ဥပဒေအရာရှိ ဦးသန်းဦး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့မှ ရဲအုပ်လှဖုန်း၊ အမှတ်(၃)ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှ ဒု-ရဲအုပ်စန်းယုတို့က သက်ဆိုင်ရာအလိုက် မှုခင်းအသိပညာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဟောပြောခဲ့ရာ ကျွန်းသာယာရပ်ကွက်သူ၊ ရပ်ကွက်သား အင်အား ၁၂၀ တို့က စိတ်ပါဝင်စားစွာ ပြီးဆုံးသည်အထိ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကြယ်စင်သိန်း(ပဲခူး)**

ဖတ်စရာ

# အသည်းရောဂါကာကွယ်ပါ

**à a&TDkD&Dv**

အသည်းရောင်အသားဝါရောဂါအကြောင်း သိကောင်းစရာဟောပြောပွဲကို မင်္ဂလာတောင်ညွှန့်မြို့နယ် သိမ်ဖြူစျေးကားမှတ်တိုင်အနီးရှိ မြတ်မွန်ရတနာ ရောဂါရှာဖွေရေးအထူးကုဆေးခန်း ပထမထပ် အမှတ် (၃၅၇/၃၅၉) ၌ မွန်းလွဲ ၂ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ပရိသတ် ၃၀၀ ကျော် တက်ရောက်ကြသည်။ ၎င်းနေ့က ကျင်းပသော မြတ်မွန်ရတနာ အထူးကုဆေးရုံကြီးနှင့် ROCH MYANMAR Cc.,Ltd. တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်သော အသည်းရောင်အသားဝါရောဂါ အကြောင်း အသိပေးဟောပြောပွဲ အခမ်းအနားတွင် ဆရာဝန်ကြီးများ၊ သတင်းမီဒီယာများ၊ စာနယ်ဇင်းပညာရှင်ကြီးများ တက်ရောက်ကြသည်။

ဆရာကြီး ပါမောက္ခဒေါက်တာမျိုးဝင်း (မြတ်မွန်ရတနာအထူးကုဆေးခန်း)က အဖွင့်အမှာစကားပြောကြားပြီး အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးရောဂါအကြောင်း သိကောင်းစရာများကို အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာသံစစ်ကကာကွယ်ပုံ၊ ကူးစက်ပုံ၊ ကုသပုံ၊ ရောဂါလက္ခဏာများ အကြောင်း၊ ဒေါက်တာနှင်းဝတ်ရည် (ROCH MYANMAR Co.,Ltd)က အသည်းရောင်အသားဝါ စီပိုးကုသခြင်းနှင့် စီပိုးသေစေသော ပိုဂါစစ် (Pegasys) အကြောင်း၊ ဒေါက်တာထူးမြတ်အောင် (ROCH MYANMAR Co.,Ltd)က ဘီပိုး၊ စီပိုးနှင့် ကုသခြင်းအား ဘီပိုးသေဆေး ပိုဂါစစ် အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

အသည်းရောင်အသားဝါ ဘီပိုးသည် အသည်းများကို ဖျက်ဆီး၍ နာတာရှည်အသည်းရောင်ရောဂါကို ဆက်လက်ဖြစ်ပေါ်စေပြီး သူတစ်ပါးအားလည်း ကူးစက်နိုင်စေသည့် ဗိုင်းရပ်စ်ပိုးတစ်မျိုးဖြစ်သည်။ အသည်းရောင်အသားဝါ ဘီပိုးကူးစက်မှု အများဆုံးနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်သည်။ နိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်သည် အသည်းရောင်ဘီပိုး ကူးစက်ခံနေရသည်။ ထို့အပြင် အသည်းခြောက် အသည်းကင်ဆာရောဂါများ၏ ၆၄ ရာခိုင်နှုန်းမှာ နာတာရှည် အသည်းရောင်ဘီပိုး ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပေသည်။

**ရှောင်ရန် –**

၁။ အရက်နှင့် ဘီယာများ လုံးဝရှောင်ရန်၊

၂။ အချဉ်ဓာတ်များစွာပါရှိသော အသီးများနှင့် အချဉ်များလွန်ကဲစွာ စားသုံးခြင်း ရှောင်ကြဉ်ပါ၊

၃။ သံဓာတ်နှင့် သံဓာတ်ပါသော အားဆေးများ ဆရာဝန်ညွှန်ကြားမထားသည့်ဆေးဝါးများ၊

၄။ အသည်းအမြစ် ကလီစာများ၊

၅။ အဆီ၊ ဆီကြော်၊ ထောပတ်များ မစားသုံးသင့်ပါ၊

၆။ အလွယ်တကူ ဖျားနာတတ်သဖြင့် အအေးမခံသင့်ပါ၊

၇။ ပိုးသေဆေးထိုးနေပါက တစ်နေရာတည်းတွင် အမြဲမထိုးဘဲ နေရာပြောင်းထိုးပေးပါ။

**ဆောင်ရန် –**

၁။ ရေများများသောက်ပါ၊

၂။ အိပ်ရေးဝဝအိပ်ပါ။ ကောင်းမွန်စွာ အနားယူပါ၊

၃။ အာဟာရပြည့်ဝသော အစားအစာများကို စားသုံးပါ၊

၄။ တစ်ကြိမ်တည်းတွင် များစွာစားသောက်ခြင်းထက် အနည်းငယ် မကြာခဏစားသုံးခြင်းဖြင့် ပိုမိုသင့်လျော်ပါသည်၊

၅။ လမ်းလျှောက်ခြင်းကဲ့သို့သော အပေါ့စားလေ့ကျင့်ခန်းများ လုပ်ပေးပါ၊

၆။ သန့်ရှင်းသပ်ရပ်စွာ ဝတ်စားနေထိုင်၍ စိတ်ကြည်လင်စေရန် ဂရုစိုက်ပါ၊

၇။ ဆရာဝန်အကြံပေးသည့်အတိုင်း လိုက်နာပါ။

အသည်းရောင်အသားဝါ စီပိုးနှင့်ပတ်သက်၍ ရေးသားရလျှင် အသည်းရောင်အသားဝါ စီပိုးသည် အသည်းဆဲလ်များကို ဖျက်ဆီး၍ အသည်းခြောက် အသည်းကင်ဆာရောဂါများကို ဆက်လက်ဖြစ်ပေါ်စေပြီး သူတစ်ပါးအားလည်း ကူးစက်စေနိုင်သည်။ ဗိုင်းရပ်စ်ပိုးတစ်မျိုးဖြစ်သည့် ကမ္ဘာ့လူဦးရေ ၈၅ သုံးရာခိုင်နှုန်းမှာ အသည်းရောင်အသားဝါ စီပိုး ကူးစက်ခံနေရပြီး အရေအတွက်အားဖြင့် သန်း ၁၇၀ ခန့်ရှိပေသည်။ အရှေ့တောင်အာရှဒေသသည် အသည်းရောင်အသားဝါစီပိုး အဖြစ်အများဆုံး ဒေသများတွင် ပါဝင်နေပြီး လူဦးရေ ၃၅ သန်းခန့် ရောဂါပိုးကူးစက်ခံနေရသည်။

**အသည်းရောင်အသားဝါ စီပိုး ကူးစက်ပုံ**

၁။ ရောဂါပိုးရှိသောသူ ဆေးသွင်းမိခြင်း၊

၂။ ရောဂါပိုးရှိပြီး မသန့်ရှင်းသော ဆေးထိုးအပ်များ အသုံးပြုခြင်း၊

၃။ ရောဂါပိုးရှိသူနှင့် အကာကွယ်မဲ့ လိင်ဆက်ဆံခြင်း၊

၄။ ရောဂါရှိသူနှင့် သွားပွတ်တံ၊ မုတ်ဆိတ်ရိတ်တံ စသည်များကို မျှဝေသုံးစွဲခြင်း၊

၅။ ရောဂါပိုးရှိသော မိခင်မှ ကလေးသို့ ကူးစက်ခြင်း စသည်တို့မှ အဓိကကူးစက်တတ်ပါသည်။

**ရောဂါလက္ခဏာများ**

တစ်ဦးနှင့်တစ်ဦး ရောဂါလက္ခဏာပေါ်ပေါက်ပုံခြင်း မတူညီနိုင်ပါ။ အချို့တွင် ရောဂါပိုးကူးစက်ခံရပြီး ငါးရက်ခန့်အတွင်းတွင် ရောဂါဝေဒနာ ဆိုးရွားစွာ ခံစားရတတ်ပြီး အချို့တွင် ရောဂါကူးစက်ခံရပြီးနှစ် ၂၀ ကြာသည်အထိ ရောဂါလက္ခဏာမပြဘဲ လူကောင်းအတိုင်း ရှိနေတတ်ပါသည်။ အများအားဖြင့် -

၁။ အပူချိန်အနည်းအများဖြင့် မကြာခဏဖျားနာခြင်း၊

၂။ အလိုလို ပင်ပန်းနွမ်းနယ်တတ်ခြင်း၊

၃။ ကိုယ်လက်မအီမသာဖြစ်၍ ညောင်းညာကိုက်ခဲခြင်း၊

၄။ အစားအသောက်ပျက်ခြင်း၊

၅။ မကြာခဏ ဝမ်းပိုက်အောင့်ခြင်း၊ ညာဘက်နံရိုးအောက်မှ နာခြင်း၊ အောင့်ခြင်း၊

၆။ ရုတ်တရက် အသားဝါခြင်း၊ မျက်သားဝါခြင်းနှင့် ဆီးများပါ ဝါခြင်း အစရှိသည့် ရောဂါလက္ခဏာများ ခံစားရလေ့ရှိပါသည်။

# ယင်းမာပင်ခရိုင်ကနီမြို့တွင် စာစီစာကုံးနှင့် ကဗျာရေးပြိုင်ပွဲ ကျင်းပ

**ကနီ၊ စက်တင်ဘာ ၁၉**

အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးနှင့် ကဗျာရေးပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း ပညာရတနာခန်းမတွင် ကျင်းပခဲ့သည်။ စာစီစာကုံးပြိုင်ပွဲတွင် ထာဝရအားထား မြတ်ဆရာများခေါင်းစဉ်ဖြင့် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်များတွင် ကျောင်းသား၊ ကျောင်းသူ ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ကဗျာရေးပြိုင်ပွဲတွင် တပည့်ဆရာ ရေနှင့်ကြာခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် ခရိုင်၊ မြို့နယ်များရှိ အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား သင်ကြားမှု၊ သင်ယူမှုပိုင်းများအပြင် ကမ္ဘာ့နေ့ထူးနေ့မြတ်များတွင် စာစီစာကုံး၊ ကဗျာရေး၊ စကားရည်လုပ်ပွဲ၊ ကျပန်းစကားပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးလျက်ရှိသည်။ **သန်းဌေးအောင်(ကနီ)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ လျှင်သာယာမြို့နယ်၊ ကျန်စစ်မင်း တန်ဖိုးနည်းအိမ်ရာစီမံကိန်းနှင့် ထီးလိုင်ရှင်အိမ်ရာစီမံကိန်းတို့တွင် လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါရောင်းချမည့်နေ့ရက် - ၂၂-၉-၂၀၁၄ ရက်(တနလ်ာနေ့)
၃။ တင်ဒါပိတ်မည့်နေ့ရက် - ၈-၁၀-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)
၄။ တင်ဒါပိတ်မည့်အချိန် - ၁၃း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းဌာနခွဲ၊ ရုံးအမှတ်(၄၀)နေပြည်တော်။ ဖုန်း-၀၆၇-၄၀၇၅၂၇

တင်ဒါစီစစ်ရွေးချယ်ရေးကော်မတီ

## ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (က) | Exchange Radio Station Engines Spare Parts | 22-Items |
| (ခ) | CDMA 450 နှင့် Spare Parts | 2-Items |
| (၁) | CDMA 450 Radio Base Station (Complete Sets) | 5-Sets |
| (၂) | CDMA 450 Spare Parts | 1-Lot(50-Sets) |
| (ဂ) | Laptop Computer (Core i7 Processor cache up to 3.9 GHz) | 3-Sets |
| (ဃ) | 10KVA Engine Generator (220V) (Single Phase) | 12-Nos |

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၃-၁၀-၂၀၁၄ ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့်အချိန်ထက် ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန www.mict.gov.mm Website နှင့် အောက်ပါလိပ်စာတို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစီစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၀၂၃၁/၀၁-၃၈၄၃၂၂

## အိတ်ဖွင့်လေလံတင်ဒါခေါ်ယူခြင်း

၁။ အထူးကုဆေးရုံ(သာကေတ)ရှိ မော်ကျူရီအဆောင်ဟောင်းနှင့် ဖျက်သိမ်းပြီး အမျိုးသမီးနားနေဆောင်တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံတင်ဒါ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် စျေးနှုန်းတင်သွင်းလွှာပုံစံများကို ကြော-ငြာပါသည့်နေ့မစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါ သည်။

၃။ အသေးစိတ်သိလိုသည့် အချက်များကို အထူးကုဆေးရုံ(သာကေတ)၊ ရှုခင်းသာလမ်း၊ သာကေတအိုင်းထိပ်၊ ဖုန်း-၀၁-၄၅၀၇၉၁၀တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်လေလံတင်ဒါခေါ်ယူရေးအဖွဲ့

## NEW VISION ဖွင့်ပြီ
## ကိုရီးယား ဘာသာ သင်တန်း

ကိုရီးယားနိုင်ငံသို့ E.P.S စနစ်ဖြင့် အလုပ်သွားရောက်လုပ်ချင်သူများအတွက် (E.P.S - Topik) စာမေးပွဲဖြေဆိုရန် မေးခွန်းများကို အခြေခံမှစ၍ အထူးသီးသန့် စနစ်တကျ သင်ကြားပေးနေပါသည်။

ဒဂုံစင်တာရှေ့အမှတ်(၃၂)၊ပ-ထပ်၊ရတနာလမ်း၊မြေနီကုန်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၄၃၀၄၀၅၅၄၅၊ ၀၉ ၇၃၂၀၂၀၈၁

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှမော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V CALMY CORAL V.82 သင်္ဘောသည် ၂၂-၉-၂၀၁၄ ရက်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ် ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

# အခွန်ဆောင်ပြီးကြောင်းစာတန်းများကြောင့် ယာဉ်များရပ်နားရန် အခက်အခဲဖြစ်

**ရန်ကုန်၊ စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ရပ်နားရန် အခကြေးငွေ တစ်နာရီလျှင် ၂၀၀ ကျပ်နှုန်းဖြင့် နံနက် ၈ နာရီမှ ညနေ ၆ နာရီထိ ကောက်ခံမှုရှိသော ရန်ကုန်မြို့လယ် လမ်းဘေး ယာဉ်ရပ်နားရန်နေရာအချို့တွင် အခွန်ဆောင်ပြီးကြောင်း စာတန်းများချိတ်ဆွဲထားမှုကို ယခုလအတွင်း မြင်တွေ့လာရပြီး လမ်းဘေးတွင် ယာဉ်ရပ်နားခွင့်ပေးဆောင်ကာ ရပ်နားလိုသည့်ယာဉ်များအနေဖြင့် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ယာဉ်ပိုင်ရှင်အများစုက ပြောသည်။

ယာဉ်ကြောပိတ်ဆို့မှု ကြုံတွေ့နေရသော ရန်ကုန်မြို့တွင်း၌ လမ်းဘေးယာဉ်ရပ်နားရန် နေရာများ ပြုလုပ်ပေးပြီး ၂၀၁၄ ခုနှစ်၊ ဧပြီ ၁ ရက်မှစ၍ ဇုန်များခွဲခြားကာ ယာဉ်ရပ်နားရန် အခကြေးငွေမှာ တစ်နာရီလျှင် ၂၀၀ ကျပ်နှုန်းဖြင့် နေ့ပိုင်းစတင်ကောက်ခံလာခဲ့သည်။

ထိုသို့ကောက်ခံလာမှုမှာ ယာဉ်များရပ်နားရန် အဆင်ပြေလာကြောင်း၊ မည်သည့်နေရာတွင်မှ အခွန်ဆောင်ပြီးကြောင်းစာတန်းများ ချိတ်ဆွဲထားခြင်းများမရှိခဲ့သော်လည်း ယခုလပိုင်းမှစ၍ အဆိုပါစာတန်းများ အနော်ရထာလမ်းပေါ်တွင် မြင်တွေ့လာရသဖြင့် ယာဉ်ရပ်နားရာ၌ နေရာလပ်ရှိသော်လည်း ရပ်နားခွင့်မရှိခြင်းမျိုးဖြစ်နေကြောင်းသိရသည်။

ထိုသို့ဖြစ်ခြင်းအပေါ် သက်ဆိုင်ရာမှ ယာဉ်ရပ်နားခွင့်ကြေး ကောက်ခံခြင်းထက် ယာဉ်များ အလွယ်တကူရပ်နားနိုင်ရန် စီစဉ်ပေးခြင်းဖြစ်သော်လည်း ယခုအခါ အခွန်ဆောင်ပြီးကြောင်း စာတန်းများကြောင့် အခက်အခဲများ တွေ့ကြုံလာရခြင်း ဖြစ်သည်ဟု ရန်ကုန်မြို့တွင်းသွားလာနေရသော ယာဉ်ပိုင်ရှင်များက ဆိုသည်။

အဆိုပါစာတန်းပေါ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ယာဉ်ရပ်နားခပေးဆောင်ပြီးဖြစ်ကြောင်း လက်မှတ်ဟု ခေါင်းစဉ်တပ်ဖော်ပြထားသော်လည်း မြို့တော်စည်ပင်တံဆိပ်တုံးမပါဘဲ ယာဉ်ရပ်နားခကောက်ခံသည့် ဇုန်၏ကန်ထရိုက်နှင့် လမ်းတာဝန်ခံတို့၏လက်မှတ်သာ ဖော်ပြထားကြောင်း၊ ကောက်ခံသည့်လအတွက် ပေးသွင်းငွေကိုလည်း ဖော်ပြထားခြင်းမရှိကြောင်း၊ သို့ဖြစ်ရာ ယင်းကဲ့သို့သော စာတန်းများသည် တရားဝင်မှုမရှိကြောင်း အဆိုပါစာတန်းကို မြင်တွေ့ခဲ့ရသူတစ်ဦးက ပြောသည်။

သို့ဖြစ်သည့်အတွက် ယာဉ်ရပ်နားခွင့် ကောက်ခံသည့်နေရာများတွင် တရားဝင်လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေလိုကြောင်း၊ ငွေရရှိရေးအတွက် အများပြည်သူယာဉ်ရပ်နားရာတွင် လွယ်ကူမှုရှိရေးကို ဦးစားပေးလုပ်ဆောင်ပေးစေလိုကြောင်း ရန်ကုန်မြို့တွင်းနေထိုင်သူတစ်ဦးက ပြောသည်။

ယင်းကဲ့သို့ အခွန်ဆောင်ပြီးကြောင်းစာတန်းများ ရန်ကုန်မြို့လယ်တွင် ပိုမိုများပြားစွာ ချိတ်ဆွဲလာနိုင်သဖြင့် အထူးသဖြင့် ယာဉ်ကြောပိုမိုပိတ်ဆို့မှုများသော ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်ရှိ လမ်းမကြီးများဘေးတွင် ယာဉ်ရပ်နားလိုသော ယာဉ်ပိုင်ရှင်များအနေဖြင့် ယာဉ်ရပ်နားခွင့်ပေးဆောင်သော်လည်း ယာဉ်ရပ်နားခွင့်မရှိသည့်ဖြစ်စဉ်များ ပိုမိုများပြားလာနိုင်ကြောင်း ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

**မောင်စေအောင်**

# ကျုံပျော်မြို့နယ် ကျုံတနီးကျေးရွာတွင် လျှပ်စစ်မီးစတင်ရရှိပြီဖြစ်

**ကျုံပျော်၊ စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ကျုံတနီး ကျေးရွာတွင် စက်တင်ဘာလမှစ၍ မြန်မာ့လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းပြီးစီးပြီဖြစ်ကြောင်းသိရသည်။

အဆိုပါ လျှပ်စစ်ဓာတ်အားလိုင်းဖွင့်ပွဲကို တိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်း၊ မြို့နယ်လျှပ်စစ်မှူး ဦးသောင်းထိုက်စိုးတို့က တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးမှ တာဝန်ရှိသူ ဦးကျော်ဝင်းက "ဒီကျေးရွာမှာ လျှပ်စစ်မီးရရှိဖို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ဦးဆောင်မှုနဲ့ ကျွန်တော်တို့မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနဲ့ ကျေးရွာမီးလင်းရေးကော်မတီတို့ ပူးပေါင်းပြီး ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။

"ကျေးရွာအထိ ဓာတ်အားလိုင်းရောက်ဖို့ကို ရေကြည်၊ ဓနုဖြူ (33 KV) ဓာတ်အားလိုင်းနဲ့ အရှည်တစ်မိုင်လောက်အထိ သွားပြီးချိတ်ဆက်ရပါတယ်။ ရွာတွင်းမှာတော့ (400-V) ဓာတ်အားလိုင်းကို စုစုပေါင်း အရှည်နှစ်မိုင်လောက် ဓာတ်တိုင်တွေ စိုက်ထူဆောင်ရွက်ခဲ့ရပါတယ်။ အခုဆိုရင် ရွာထဲမှာ အိမ်သုံးမီတာ အလုံး ၃၀၀ နဲ့ လျှပ်စစ်မီး ရရှိသုံးစွဲနေပါပြီ"ဟု ၎င်းကပြောသည်။

အဆိုပါဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ကျုံတနီးကျေးရွာတွင် လျှပ်စစ်မီးရရှိရန်အတွက် ၂၀၁၄ ခုနှစ် မတ်လတွင် လုပ်ငန်းများစတင်ခဲ့ပြီး ယခုစက်တင်ဘာလတွင် စတင်အသုံးပြုနိုင်ပြီဖြစ်ကာ စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၁၀၀၀ ကျော် ကုန်ကျခဲ့သည်။ ယခုအခါ ကျေးရွာတွင်းရှိ အိမ်များနှင့် လမ်းများတွင် လျှပ်စစ်မီးရရှိပြီး လူမှုဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း သိရသည်။

**ကျုံပျော်(ပြန်/ဆက်)**

# ပဲခူးတွင် စိတ်ကြွဆေးပြား ၅၂၅ပြား အလေးချိန် ၅၂ဒသမ ၅ဂရမ်အားရှာဖွေတွေ့ရှိသိမ်းဆည်း

**ပဲခူး၊ စက်တင်ဘာ ၁၉**

မူးယစ်တပ်ဖွဲ့စု (၃၆)၊ ပဲခူးတိုင်းမူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၇ ရက်က ရန်ကုန်-မန္တလေးလမ်းနှင့် တပင်ရွှေထီးလမ်းထောင့်တွင် သတင်းအရ စောင့်ဆိုင်းနေစဉ် တောင်ငူလမ်းမကြီး အတိုင်း ရန်ကုန်ဘက်သို့ စူဇူကီးအနက်ရောင်ဆိုင်ကယ် မောင်းနှင်လာသူ အောင်မျိုးသူအား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်း၏ညာလက်အတွင်း ပလတ်စတစ်အိတ်အကြည်ဖြင့် ထုပ်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ငါးပြား (အလေးချိန် သုည ဒသမ ၅ ဂရမ်)၊ ဆမ်ဆောင်းဂလက်ဆီနုတ်တူး ဖုန်းတစ်လုံးကို ရှာဖွေတွေ့ရှိခဲ့သည်။

ဆက်လက်၍ အောင်မျိုးသူနေထိုင်ရာ အမှတ် ၂၃၃၊ ၃၃ လမ်း ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့ရှိ ၎င်း၏နေအိမ် အိပ်ခန်းဗီရိုအံဆွဲအတွင်းမှ အပြာရောင်ပလတ်စတစ်အိတ် နှစ်အိတ်အတွင်းမှ WYစာတန်းပါစိတ်ကြွရူးသွပ် ဆေးပြား ၄၀၁ ပြား အလေးချိန် ၄၀ ဒသမ ၁ ဂရမ်၊ ဟောလစ်ဖန်ပုလင်းအတွင်းမှ ၁၁၅ ပြား (၁၁ ဒသမ ၅ ဂရမ်)ကို ရှာဖွေတွေ့ရှိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် အောင်မျိုးသူ၏ နေအိမ်အပေါ်ထပ် ရေချိုးခန်းအတွင်းမှ DOMI စာတန်းပါ ဆပ်ပြာအိတ်ခွံအတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားလေးပြား စုစုပေါင်း WY စာတန်းပါ စိတ်ကြွဆေးပြား ၅၂၅ ပြား၊ စုစုပေါင်းအလေးချိန် ၅၂ ဒသမ ၅ ဂရမ်တို့ကို သက်သေများနှင့်အတူ ရှာဖွေတွေ့ရှိ သိမ်းဆည်းခဲ့သည်။

ထိုသို့ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ အောင်မျိုးသူ အသက် ၃၃ နှစ် ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့နေသူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**မိုးဝင်းသူ(ပဲခူး)**

# မြင်းခြံခရိုင်အတွင်းစိုက်ပျိုးရေ၊သောက်သုံးရေအတွက်ကျေးရွာနေတောင်သူများနှင့်တွေ့ဆုံ

**နွားထိုးကြီး၊ စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသများသို့ နိုင်ငံတော်အစိုးရမှ သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် မြေအောက်ရေတွင်းများတူးဖော်ပေးလျက်ရှိရာ မြင်းခြံခရိုင်အတွင်း ရေတွင်းပေါင်း ၅၂၈ တွင်း ကို ယခုဘဏ္ဍာနှစ်အတွင်း တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေအောက်ရေတွင်းများကို မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်တွင် တွင်း ၁၀၀ တူးဖော်သွားမည်ဖြစ်ပြီး ယခုအခါ တွင်း ၃၀ တူးဖော်ပြီးစီးသွားပြီဖြစ်သည်။

မန္တလေးတိုင်းဒေကြီး၊ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်သည် ခရိုင်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချိုလတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်တို့လိုက်ပါ၍ တူးဖော်ပြီးစီးသည့် မြေအောက်ရေတွင်းများကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာနေတောင်သူများနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါ အဖွဲ့မှ ယခုတူးဖော်ပေးသည့် ရေတွင်းများကို စနစ်တကျထိန်းသိမ်း၍ အကျိုးရှိရှိအသုံးပြုကြရန် စသည်ဖြင့်မှာကြားခဲ့ပြီး နွားထိုးကြီးမြို့နယ်အတွင်း တူးဖော်ရန်ကျန်ရှိသော ရေတွင်း ၇၀ ကို လည်း အမြန်ဆုံးတူးဖော်ပေးသွားမည်ဖြစ်ကြောင်း ကိုလည်း ပြောကြားခဲ့သည်။

**ဧော်မင်းနိုင်(မြင်းခြံ)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-C-၁၂၊ မြေကွက်အမှတ်-၆၈၊ မြေကွက်တည်နေရာ-၆၈၊ ဒုဝိလ်မျှားကြီးမြင့်စိန် [၉/မရက(နိုင်)၀၀၉၉၃၀၉]အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ကိုယ်တိုင်မှ နှစ်(၆၀) မြေဌားစာချုပ်(၇နှစ်) လျှောက်ထားလာရာ ပါမစ်မူရင်းတွင် မှီခိုသူစာရင်းတင်ပြနိုင်ခြင်းမရှိပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

**သွေးသည်အသက်**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ပုဇွန်တောင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၇-ဘ)၊ မြေကွက်အမှတ် (၉၉)၊ မြေကွက်တည်နေရာ အမှတ် (၁၄)၊ ရွှေဘုန်းပွင့်ဘုရားလမ်း (၇) ရပ်ကွက်၊ ပုဇွန်တောင်မြို့ နယ်၊ ဦးမိုးကျော်စွာ (၁၂/ဗတထ(နိုင်) ၀၀၉၃၇၆)၊ အမည်ပေါက် နှစ် (၉၀) ဝရန် မြေအား အမည်ပေါက် ဦးမိုးကျော်စွာ (၁၂/ဗတထ(နိုင်) ၀၀၉၃၇၆) ကိုယ်တိုင်က ဝရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ် ရေးမှူးထောက်ခံစာ၊ ရဲစခန်းထောက်ခံ ချက်၊ ဝရန်ပျောက်ဆုံးကြောင်း ကျွမ်းတျိန် လွှာတင်ပြ၍ ဝရန်မိတ္တူ လျှောက်ထားလာ ရာခိုင်လုံသော အထောက် အထားများတင် ပြ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒေါ်ပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/သဘော်ကျင်း)၊ မြေကွက်အမှတ်(၁၂)၊ မြေကွက်တည်နေရာအမှတ်(၁၂)၊ ရွာမလမ်း၊ သဘော်ကျင်းရပ်ကွက်၊ ဒေါ်ပုံမြို့နယ် ဦးမြင့်သိန်း [၁၂/ဒပန(နိုင်)၀၂၁၃၁၉] အမည်ပေါက် နှစ်(၆၀)ဝန်းမြေအား အမည်ပေါက် ဦးမြင့်သိန်း (ဖခင်)နှင့် ဒေါ်နှင်းမြ(မိခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးခင်မောင်မြင့် [၁၂/ဒပန(နိုင်)၀၂၁၃၇]က ကျမ်းကျိန်လွှာနှင့် သေဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တိုင်းကျန်းမာရေးဦးစီးဌာန၏ ပြန်ကြားစာများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကောမတီ

**အိန္ဒိယနိုင်ငံမှ**
**အထူးကုဆရာဝန်ကြီးလာရောက်မည်**

အိန္ဒိယနိုင်ငံ၊ ဆေးရုံကြီးမှ ကျောက်ကပ်ရောဂါနှင့် ကျောက်ကပ်အစားထိုးအထူးကုဆရာဝန်ကြီးသည် ရန်ကုန်မြို့သို့ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ(၂၇ရက်၊ ၂၈ရက်)များတွင် လာရောက်ရန် ရှိပါသဖြင့် Ph:09-73093659, 09-420045624, 09-421126452, 01-554662 များသို့ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

**ဗြေတွက်ဝယ်လိုသည်**
**ဒဂုံမြို့သစ်**
**အရှေ့ပိုင်း၊ တောင်ပိုင်း**
**ဆိပ်ကမ်း**
**09 255781353**
**09 250644566**
**09 254046497**

**ဂျပန်စာ**
**လေ့လာနေသူများအတွက်**
ဂျပန်စာ(4Skills) (၉၁၀၀/ကျပ်)၊ဂျပန်စကားပြော(၁၀၀၀၀/ကျပ်)၊ N5, N4, N3,N2 စာမေးပွဲတန်းခွဲသင်ကြားပြီး၊ JLPT စာအုပ်များ၊ မေးခွန်းဟောင်းများ၊ဂျပန်သိရှင်းစာအုပ်+သင်ရိုးဇယား၊ ဂျပန်စကားပြောစာအုပ်+အခွေများ၊ရောင်းသည်။
ဂျပန်စကားပြောအမြန်သင်ကြားသည်။
**EVER TOP**
ဘာသာစကားသင်တန်းကျောင်း
အမှတ်(၆၆/၆၈)၊ဒွယ်လာ အင်းစိန်လမ်း၊ကမာရွတ်
(စံမိုင်ပြိပ်မှတ်တိုင်၊ လှည်းတန်းအနီး)
Ph:098770096,0973040610

**HOW အဆင့်မြင့် ခရီးသွားလုပ်ငန်း**
- တောင်ကြီး၊ အင်းလေးဖောင်တော်ဦး၊ ပင်းတယ၊ ကလော၊ အောင်ပန်း ဟိုတယ်အိပ်၊ ဟိုတယ်/စားသောက်ဆိုင်စား၊ Scania Bus, အဆင့်မြင့်ကားတို့ဖြင့် အဆင့်မြင့်မြင့် သွားမယ်။ ၄ညအိပ်-၅ရက်ခရီး၊ စရိတ်ငြိမ်း-၁၂၅၀၀၀/-
(Sep-26 Oct-1,2,3,5,6,7,8,9,10,11,12) နေ့ရက်များတွင် ထွက်မည်။
Ph : 09-73027303 , 09-5114301, 09-5180337

**ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း**
**ထုချေစေရန် အကြောင်းကြားစာ**
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ဒလမြို့နယ်တရားမရုံးတော်၌**
**၂၀၁၄ခုနှစ်၊ တရားမကြီးမူအမှတ် ၄၄နှင့် ဆက်သွယ်သည့် ၂၀၁၄ခုနှစ်၊ တရားမဇာရီမူအမှတ်**

၁။ ဒေါ်အေးအေးလွင် ၂။ ဒေါ်မြန်ယ် ၁။ ဦးနိုင်ဝင်း ၂။ ဒေါ်အေးသန်း
ဒီကရီအနိုင်ရသူ နှင့် တရားရုံး
၁။ ဦးနိုင်ဝင်း၊ ၂။ ဒေါ်အေးသန်း/ခ၃၇၇၄၊ ဗိုလ်ဗထူးလမ်း၊ မော်စက်ရပ်ကွက်၊ ဒလမြို့နယ် သိစေရမည်။

၂၀၁၄ခုနှစ်၊ တရားမကြီးမူအမှတ်တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော် တွင် လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြခေါ်ဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၃၀ရက် (၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးနေဝင်း
မြို့နယ်တရားသူကြီး
ဒလမြို့နယ်တရားရုံး

# အင်းလေးဒေသ သက်တမ်း ၁၇၁ နှစ်ရှိ ငါးဖယ်ချောင်းကျောင်းတော်ကြီး

**အင်းလေး၊ စက်တင်ဘာ ၁၉**

မြန်မာပြည်အထင်ကရ အင်းလေးဒေသမှ တောင်နံရံများ ဝိုင်းရံလျက်ရှိသော အင်းလေးရေကန်ကြီးသည် အလျားမိုင် ၂၀၊ အနံ ၄ မိုင်ခန့်ကျယ်ဝန်းပြီး အံ့ဩဖွယ်ဖြစ်တည်နေသကဲ့သို့ ကမ္ဘာကုန်းတွင်းရေအိုင်ကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သည်။

အဆိုပါအင်းလေးကန်ကြီးအတွင်း၌ သက္ကရာဇ် ၄၇၄ ခုနှစ်၊ ပုဂံခေတ် အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ဖောင်တော်ဦးမြတ်စွာ ဘုရားရုပ်ရှင်တော်များမှာ ယခုအခါ သက်တမ်းအားဖြင့် ၉၀၂ နှစ် ရှိပြီဖြစ်ကြောင်း သိရပါသည်။

အင်းလေးဒေသတွင် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ်လေးဆူနှင့်အတူ ရှေးဟောင်း သမိုင်းဝင်အမွေအနှစ် သာသနိကအဆောက်အအုံများနှင့် ဘုရား၊ ပုထိုး၊ စေတီအမြောက်အများရှိသည်များအနက် ဖောင်တော်ဦးရုပ်ရှင်တော်မြတ်ကြီးနှင့် မနီးမဝေး ငါးဖယ်ချောင်းရွာဦးတွင် တည်ရှိသော ငါးဖယ်ချောင်းကျောင်းတော်ကြီးမှာ ယခုအခါ သက်တမ်းအားဖြင့် ၁၇၁ နှစ် ရှိပြီဖြစ်သည်။

အဆိုပါကျောင်းတော်ကြီးကို ညောင်ရွှေမြို့စော်ဘွားကြီး ဆာစောမောင် အမိန့်ခွင့်ပြုချက်ဖြင့် ကောဇာသက္ကရာဇ် ၁၂၀၅ ခုနှစ်တွင် ကျောင်းတိုင်ပေါင်း ၆၅၄ တိုင်ဖြင့် ဆောက်လုပ်ခဲ့ပြီး ရွှေချထားသည့်တိုင်ပေါင်း ၂၀၀ ပါဝင်သည်။ ကျောင်းတော်ကြီးတွင် အတက်အဆင်းပြုရန် လှေကားငါးစင်း တပ်ဆင်ထားသည်။ ကျောင်းတော်ကြီး၏ အရှေ့နှင့်အနောက်အကျယ်မှာ ပေ ၁၀၀၊ တောင်နှင့် မြောက်အကျယ်မှာ ပေ ၁၂၀ ဖြစ်သည်။

ကျောင်းတော်ကြီးကိုတည်ဆောက်ရာတွင် ဘုံသုံးဆင့်ရှိကျောင်းဆောင် ရှစ်စောင်၊ ဘုံတစ်ဆင့်ရှိကျောင်းဆောင် နှစ်ဆောင်၊ လသာဆောင်တစ်ဆောင် တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။

ကျောင်းတော်ကြီးအတွင်း၌ ဘုရားခံကျောင်းဆောင် ၂၇ ဆောင်၊ သွန်းဘုရားကြီး ခြောက်ဆူ၊ ကျောက်ဆင်းတု ၆၆ ဆူ၊ သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံယူခန်း သုံးဆူတို့ သီတင်းသုံးတော်မူလျက်ရှိပြီး အဆက်လုံးဝမပါသည့် ဘုရားဆောင်ပန်းပြားကြီးမှာ အရှည် ၉၉ ပေရှိသည်။

ဘုရားစံကျောင်းတော်ဆောင် ၂၇ ဆောင်ကို အံ့ဩဖွယ်ကောင်းသော ပန်းပုလက်ရာ၊ ကနုတ်ပန်းအထပ်ထပ်ဖြင့် နုနုရွရွ လှလှပပ ထုလုပ်ထားသည်မှာ မြန်မာပြည်တွင်တွေ့ရခဲသော လက်ရာများဖြစ်သည်။

မြန်မာ့ရိုးရာပန်း ၁၀ မျိုးဝင် ပန်းပုလက်ရာမှာ ဂုဏ်ယူဖွယ်ကောင်းလှပါသည်။ ကြီးကျယ်ခမ်းနားလှသော ကျောင်းတော်ကြီးနှင့်တကွ ဘုရားစံကျောင်းတော်ဆောင်များ၊ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအားလုံးကို မပျက်မယွင်းအောင် ဘိုးစဉ်ဘောင်ဆက် ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ကြသည့် ဗုဒ္ဓဘာသာဝင် အင်းသူအင်းသားများအားလုံးကို အထူးပင် ကျေးဇူးတင်မိပါသည်။

သို့ဖြစ်ပါ၍ အင်းလေးဒေသသို့ရောက်ကြသည့်အခါ အင်းလေးကန်ကြီး၏ သဘာဝအလှနှင့်အတူ အင်းလေးမှာသာတွေ့နိုင်သည့် အင်းသားရိုးရာခြေထောက်ဖြင့်လှော်သည့်လှေနှင့် မျောစိုက်ခင်းကြီးများ၊ အင်းလေးကန်ဘေးမဲ့တောအတွင်းမှ ငှက်မျိုးစိတ်ပေါင်း ၃၀၀ ကျော်၊ နို့တိုက်သတ္တဝါများ၊ လိပ်ပြာအမျိုးမျိုး၊ သစ်ခွအမျိုးမျိုးနှင့် လက်ရာမြောက်သည့် ငွေထည်ပစ္စည်းအမျိုးမျိုး၊ ရွှေထည်ပစ္စည်းအမျိုးမျိုး၊ အင်းသားရိုးရာ ရက်ကန်းစင်ထွက်ပစ္စည်းအမျိုးမျိုး၊ ပန်းပဲပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းသားရိုးရာအစားအစာများသည် အင်းလေးဒေသ၏ ထူးခြားမှုများ ဖြစ်ကြပါသည်။

ထိုထူးခြားမှုအစုံစုံ၊ တောတောင်ရှုခင်းများနှင့် သာယာလှပသည့် သဘာဝအလှတို့ကို လေ့လာခံစားရင်း ဖောင်တော်ဦးရုပ်ရှင်တော်မြတ်ကြီးနှင့် နှစ်မိုင်သာသာကွာဝေးသည့် ငါးဖယ်ချောင်းရွာဦးက ငါးဖယ်ချောင်း ကျောင်းတော်ကြီးသို့ အရောက်သွားကြဖို့ တိုက်တွန်းရေးသားလိုက်ရပါသည်။

**ဖေထွေး(ရေစကြို)**

# လယ်ယာသုံးစက်ကိရိယာကိုင်တွယ်မောင်းနှင်မှု(အခြေခံ) သင်တန်းဖွင့်

**တိုက်ကြီး၊ စက်တင်ဘာ ၁၉**

စက်မှုလယ်ယာ ဦးစီးဌာနက တောင်သူလယ်သမားများ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ အလျင်အမြန်ကူးပြောင်းလာစေနိုင်ရေးနှင့် မြေယာထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းခြင်း လုပ်ငန်းများတွင် အသုံးပြုနိုင်စေရန်အတွက် လယ်ယာသုံးစက်ကိရိယာများ ရောင်းချပေးခြင်း၊ လယ်ယာမြေများ ဖော်ထုတ်ပေးခြင်း၊ စက်မှုလယ်ယာကူးပြောင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ပေးခြင်းနှင့် လယ်ယာသုံးစက်ကိရိယာများ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက တိုက်ကြီးမြို့နယ် အမှတ် (၇၇) စက်မှုလယ်ယာဦးစီးဌာန အစည်းအဝေးခန်းမ၌ တောင်သူ လယ်သမားများ စက်ကိရိယာများကို လယ်ယာလုပ်ငန်းခွင်များ၌ မိမိတို့ကိုယ်တိုင် မောင်းနှင်ထိန်းသိမ်းနိုင် ရေးအတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်း အမှတ်စဉ် (၁/၂၀၁၄) ကို ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်း ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမင်းဆွေနှင့် ဝန်ထမ်းများ၊ သင်တန်းဆရာများ၊ ကျေးရွာအုပ်စု ၂၀ တို့မှ အုပ်ချုပ်ရေးမှူးနှင့် သင်တန်းသားများတက်ရောက်ကြသည်။

ခရိုင်ဦးစီးဌာနမှူး ဦးနိုင်မင်းသူက တောင်သူလယ်သမားများ လယ်ယာသုံး စက်ကိရိယာများကို အသုံးပြုလာကြခြင်းဖြင့် လုပ်ငန်းခွင် အချိန်ကုန်သက်သာခြင်း၊ သီးနှံ အရည်အသွေးကောင်းမွန်လာခြင်း၊ လယ်လုပ်သားရှားပါးမှုပြဿနာကိုကူညီဖြေရှင်းပေးနိုင်ခြင်း စသည့်ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်က သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများပေးအပ်ပြီး နံနက် ၁၀ နာရီတွင်သင်တန်းစတင်ပို့ချပါသည်။

အဆိုပါသင်တန်းသို့ ကျေးရွာအုပ်စု ၂၀ တို့မှ သင်တန်းသား ၆၅ ဦးတက်ရောက်ကြကြောင်းနှင့် သင်တန်းကာလမှာ စင်တင်ဘာ ၁၇ ရက်မှ ၂၆ ရက်အထိ ၁၀ ရက်ကြာမည်ဖြစ်ကြောင်း သိရသည်။ **သာညွန့်**

**၂၀၁၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ကျောင်းပေါင်းစုံ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်က မြဝတီမြို့နယ် အ.ထ.က.(၁) ကျောင်းခန်းမတွင် ကျင်းပပြုလုပ်ရာ အထက်တန်းနှင့် အလယ်တန်းအဆင့်များအတွက် 'ထာဝရအားထား မြတ်ဆရာများ' စာစီစာကုံးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာခေါင်းစဉ်မှာ 'တပည့်နှင့်ဆရာ ရေနှင့်ကြာ' ခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသား၊ ကျောင်းသူများယှဉ်ပြိုင်မှုကို အ.ထ.က(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရင်မြင့်နှင့် ကျောင်းအုပ်ကြီးများက ကြည့်ရှုအားပေးကြောင်း သိရသည်။** သတင်းနှင့် ဓာတ်ပုံ - ထွန်းထွန်းဦး(မြဝတီ)

Royal Gandamar
ပါလကင်းလွတ် သီတင်းကျွတ်ခရီးစဉ်များ
Travels & Tours
>အင်းလေး-တောင်ကြီး-ထန့်စမ်းဝှ(၅ရက်) Oct 7,10 Classic *၁၄၀၀၀၀
ကလော-ပင်းတယ VIP ၁၈၀၀၀၀
>ပုဂံ-ညောင်ဦး-ပုပါး-ပခုက္ကူ (၅ရက်) Oct 7 VIP ၁၇၀၀၀၀
>မော်လမြိုင်-ကျိုက်ဆံ-ဇင်းကျိုက်(နေ့ချင်းပြန်) Sep 27, Oct 4 ၃၅၀၀၀
>ပြည်-အကောက်တောင် (နေ့ချင်းပြန်) Oct 4,7,25 ၃၀၀၀၀
>ကျိုက်ထီးရိုး-ပဲခူး ရွှေမော်ဓော (နေ့ချင်းပြန်) Oct 7,25 ၄၀၀၀၀
Call:09 333 53275,09 250 892626,095127969
3*Hotel, Scania ကား, Meals, Guide စရိတ်ငြိမ်း
အမှတ် (၆၉) ၊ ဒုတိယ ၊ ကိုင်းတန်းလမ်း လမ်းမတော်မြို့နယ်၊

ကားခိုးလုံးငှားသည်
ဘုရားဖူးပဲသွားသွား.. အဟော်ခရီးပဲ
ထွက်ထွက်..CRANE
518474,095094914

ကိုညီညီအောင် ဦးဆောင် "မြန်မာ့အလှ" ... ပုဂံ
Oct 6 (စနေ တည်း ဦးမိုး)
▲ အင်းလေးတောင်တော်ဦးဘုရားရှေ့ တောင်ကြီး၊ ပင်းတယ
▲ ပုဂံ(ရွယ်တော်လေးဆူ)၊ ညောင်ဦး ပုပ္ပါး
▲ ထားဝယ်ရှင်ကိုးရွာ၊ မောင်းမကန်တမ်းခြေ၊ မော်လမြိုင်၊ တို့ကြမ်း၊ ဝက်ပဲ Oct 5
တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော် (ကြိုတင်လက်မှတ်ရောင်းပြီ)
+ ရတနာပုံလမ်းနှင့် ဗိုလ်သူရလမ်းထေါင့်၊ ကြည့်မြင်တိုင် 01-537416, 09-49156118
+ အမှတ်(၂၅၃-၂၅၅)၊ပန်းဆိုးတန်းလမ်း(အထက်) 09-450000574, 09-421029816

ကန့်ကွက်နိုင်ပါသည်။
ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေကွက်အမှတ်- ၁၁၉၊ မြေကွက်အမှတ်- ၂၊ စရိယာ- ၄၀ ပေ × ၆၀ ပေ ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ၁၁၉) ရပ်ကွက်၊ ထန်းတပင်လမ်း၊ အမှတ်- ၂ ဟုခေါ်တွင်သော ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးလဝင်း (SRM-၀၀၂၈၀၉) ၏အမည်ပေါက်သောမြေကွက်ဖြစ်ပြီး၊ ဦးလဝင်း ထံမှ အရောင်းအဝယ်ကတိစာချုပ်အဆက်အစပ်ဖြင့် အပြီးအပိုင်ဝယ်ယူထား၍ တစ်ဦးတည်း၊ တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးခင်မောင်အေး (၁၂/ရကန (နိုင်) ၀၃၃၇၂၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်ရောင်း ဖိုးဌေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ညွှန်ကြားချက်အရ
သင်ကြားရေး (LL.B., LL.M.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
အမှတ်- ၅၅၊ အခန်း- ၂၆၊ တတိယထပ်၊ မဟာဗဒ္ဓလပန်းခြေလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၂၊ ၀၉-၇၃၀-၃၅၀၀၁။

ဗဟို ၀မ်း သမ်ယ
ပညာဒါနအလှပြင်သင်တန်းကျောင်း(Since 2002)
၁။ မြန်မာပြည်တွင် ပထမဦးဆုံးဖွင့်လှစ်သည် ကုသိုလ်ဖြစ် ပညာဒါနသင်တန်းကျောင်း ဖြစ်ပါ သည်။ (ဆိုင်ခွဲလုံးဝမရှိပါ)။ အချိန်ကာလ (၂)လတိတိသင်ကြားပေးပါသည်။သင်ထောက်ကူ ပစ္စည်းများ ဝယ်စရာမလိုပါ။ သင်တန်းကျောင်းသီးသန့်ဖြစ်သောကြောင့် သင်တန်းသားများ၏ လိုအပ်ချက်များကို အချိန်ပြည့် ဖြည့်ဆည်းပေးနိုင်ပါသည်။
* ညွှန်ကြားချက်အရ Digital ကောက်နှင့်ကောက်နည်းမျိုးစုံ၊ ဖြောင့်ခြင်း၊ မျက်နှာ၊ ဆံပင် Spa-ကျစ်ဆံပိုး။ ပွဲတိုင်ဆံထုံးများ။ Body Art အခြားဘာသာရပ်များစွာ၊ ဘာသာစုံ၊ မိတ်ကပ်၊ ဆံထုံး။ လက်သည်းပန်းချီ လက်သည်းနှင့် ပတ်သက်သောပညာရပ်များအားလုံး။ 3D ၊ ဖောင်းကြွ၊ မျက်တောင်စိုက်ခြင်း။ တိုင်းရိုးရာအကြောပိုင်းဆိုင်ရာပညာရပ်နှင့် အဆီချခြင်း ၊ပညာဒါနဖြင့် (၁သိန်း)ကျပ်
* ဆိုင်ဖွင့်၊ အလုပ်လုပ်သူများနှင့် အဆောင်နေသူများစီစဉ်ပေးသည်။ အလုပ်ရှာပေးသည်။
**အထူးအစီအစဉ်သစ်**
ကျပန်နိုင်ငံတွင် ဗူလိုင်လက နောက်ဆုံးအပတ်ထွက်ရှိသော လက်သည်းဖီးလင်းခြင်းပညာရပ် (Lumi Deco Nail) ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးသင်ကြားနိုင်ပါသည်။
* ကျပန်ဆရာမကိုယ်တိုင် ပန်းအလှပညာရပ်များ၊ ပန်းစိုများ (၃)နှစ်ခံကြာရှည်ထိန်းသိမ်းခြင်းနှင့် ပန်းအလှပြင်ပညာရပ်များကို ကျပန်ဆရာမကိုယ်တိုင်သင်ကြားပေးပါမည်။
BONNY CARE (သင်တန်းကျောင်း)
အမှတ် (12/B)၊ မြေညီထပ်၊ အနော်ရထာအိမ်ရာဝင်း၊ လှည်းတန်းမှတ်တိုင်နောက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-5175088,09-421057760, 09-5039831

# ဆိုင်ကယ်ကယ်ရီများ နည်းပါးလာ၍ ဆိုက်ကားနင်းသူများ အဆင်ပြေလာ

**ရေတာရှည်၊ စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် ဒေသတစ်ဝိုက်တွင် ဆိုင်ကယ်ကယ်ရီများ ပေါများလာသဖြင့် အနှေးယာဉ်ဆိုက်ကားစီးနင်းသူ နည်းပါးသွားပြီး ဆိုင်ကယ်ကယ်ရီများကိုသာ စီးနင်းလာခြင်းကြောင့် အနှေးယာဉ်ဆိုက်ကားစီးနင်းသူ တစ်စတစ်စ နည်းပါးလာ၍ ဝင်ငွေမှာ သိသိသာသာ လျော့နည်းကျဆင်းလာကြောင်း အနှေးယာဉ်ဆိုက်ကား လုပ်ကိုင်သူများက ပြောသည်။

စက်တင်ဘာ ၁ ရက်မှစတင်၍ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်တွင် တရားမဝင် လိုင်စင်မဲ့ဆိုင်ကယ်များကို ဖမ်းဆီးစစ်ဆေးလျက်ရှိရာတွင် ဆိုင်ကယ် ကယ်ရီပြေးဆွဲသူများ သိသာစွာ လျော့နည်းသွားကြောင်း သိရသည်။

"ကျွန်တော်တို့ ဆိုက်ကားနင်းသူတွေ ငုတ်တုတ်မေ့နေတာကြာပြီ။ ဆိုင်ကယ်ကယ်ရီတွေများနေတော့ အလုပ်မဖြစ်တော့ဘူး၊ ဝင်ငွေလည်းနည်းသွားတယ်။ ခုကြတော့ ဆိုင်ကယ်တွေနည်းသွားတာတွေ့ရတယ်။ ယာဉ်လိုင်စင်မရှိတာနဲ့ ယာဉ်မောင်းလိုင်စင်မရှိတာနဲ့ဆိုတော့ လမ်းပေါ်သိပ်မတက်ရဲကြတော့ဘူး။ ဖမ်းဆီးရေးအဖွဲ့တွေကလည်း ဖမ်းဆီးစစ်ဆေးတာလည်းပါတယ်။ ရှင်းနေတာဘဲ အခုမှကျွန်တော်တို့အလှည့်ကိုပြန်ရောက်တာ" ဟု ဆိုက်ကားနင်းသည့် ဒေသခံတစ်ဦးက ပြောသည်။

ယခင်က စျေးဦးမပေါက်သည့်ရက်များပင် ကြုံခဲ့ရပြီး ယခု အနှေးယာဉ်ဆိုက်ကားနင်းသူများမှာ နေ့စဉ် ဝင်ငွေ ၃၀၀၀ ကျပ်နီးပါး ရရှိလာ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် ရဲတပ်ဖွဲ့များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တောင်ငူ၊ စက်တင်ဘာ ၁၉**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ ရွှေရတု အထိမ်းအမှတ်အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ် (၁၁) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက တောင်ငူမြို့ အခြေခံပညာအထက်တန်းကျောင်း လေးမိုင်ကျောင်းဝင်းအတွင်းရှိ အမှိုက်များနှင့် မြက်များကို စုပေါင်း၍ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဌာနချုပ်တပ်ခွဲမှူး ယာယီရဲမှူး မိုးကျော်ဟိန်းဦးဆောင်သော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများအပါအဝင် အင်အား ၁၀၀ သည် အခြေခံပညာအထက်တန်း ကျောင်းဝင်းအတွင်းရှိ သစ်ပင်ခုံချွန်ယယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ၊ မြက်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဆယ်ယူသန့်ရှင်းခြင်းများကို စုပေါင်းလုပ်ဆောင်ခဲ့ကြသည်။ **၁၂၉**

# စာအောင်သံယာများအား (၃၂)ကြိမ်မြောက် အောင်လက်မှတ်ဆက်ကပ်

**ချောက်၊ စက်တင်ဘာ ၁၉**

ဝိနာယာဓိကမာမက စာအောင်သံယာများအား (၃၂) ကြိမ်မြောက် အောင်လက်မှတ်ဆက်ကပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲက ချောက်မြို့နယ်၊ အမှတ်(၁၀)နယ်မြေ၊ အေးစေတီရပ်ရှိ မဟာဝိဇိတာရုံ ဆင်ဖြူကျွန်းကျောင်းတိုက် သဒ္ဓမ္မသီတဂူ အလယ်ကျောင်းဆောင်၌ ကျင်းပခဲ့သည်။

မြို့နယ် ဝိနာယာဓိကမာမက နာယကအဖွဲ့ဥက္ကဋ္ဌ မဟာလယ်တီကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကောဝိဒက ဩဝါဒစကားပြောကြား၍ မြို့နယ်သာသနာရေးဦးစီးဌာန လက်ထောက်သာသနာရေးဦးစီးမှူး ဦးမြင့်အောင်နှင့် စာမေးပွဲကျင်းပရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်တို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းလျှောက်ထားသည်။

ဝိနာယာဓိကမာမက စာမေးပွဲတွင် အောင်မြင်တော်မူကြသော စာအောင်သံယာတော် ၄၅ ပါးအား အောင်လက်မှတ်များအား ဆက်ကပ်လှူဒါန်းခဲ့သည်။ **ဝင်းမွေး(ပြန်/ဆက်)**

**မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၁၇ ရက် နံနက် ၇ နာရီခွဲက တိုင်းဒေသကြီးအစိုးရ အဖွဲ့ အစီအစဉ်ဖြင့် မျက်စိဝေဒနာရှင် ၅၇၈ ဦးအား စမ်းသပ်ကုသမှုပြုလုပ်ပေးခဲ့ရာ အသေးစားကုသမှုအနေဖြင့် ဝေဒနာရှင် လေးဦးအား နေ့ချင်းကုသပေးပြီး အကြီးစားခွဲစိတ်ကုသရန်ရှိသည့် ၃၄ဦး အား စက်တင်ဘာ ၂၄ ရက်တွင် မင်းဘူးမြို့ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာ အောင်ဆန်းဝင်းက မြို့နယ်အထိ ကိုယ်တိုင်လာရောက်ကွင်းဆင်း၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုအနေဖြင့် ခွဲစိတ်ကုသပေးသွားမည် ဖြစ်ကြောင်း သိရသည်။**

သတင်းနှင့် ဓာတ်ပုံ- ကိုမျိုး(ယောရော)

# ကလေးမြို့နယ် ရန်မျိုးအောင် ကျေးရွာတွင် ဆိုလာမီးများတပ်ဆင်

**ကလေး၊ စက်တင်ဘာ ၁၉**

ကလေးမြို့နယ်၊ စော်ဘွားရေရှင်အုပ်စု၊ ရန်မျိုးအောင်ကျေးရွာရှိ အိမ်ခြေ ၁၉၉ လုံးခွဲ ဆိုလာမီးများတပ်ဆင်ပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါရန်မျိုးအောင်ကျေးရွာရှိ အိမ်ခြေ ၁၉၉ လုံးအတွက် ဆိုလာမီးများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် တပ်ဆင်ထားခြင်းဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မျိုးက ပြောသည်။ ယင်းဆိုလာမီးတပ်ဆင်မှုအခြေအနေများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးသည် မြို့နယ်စီမံကိန်းဦးစီးဌာနမှူး ဦးသန်းခွန်နှင့် မြို့နယ်ဦးစီးမှူးတို့နှင့်အတူ စက်တင်ဘာ ၁၇ ရက်တွင်စစ်ဆေးခဲ့ကြောင်း သိရသည်။

ရန်မျိုးအောင်ကျေးရွာသည် မင်းကင်းမြို့နယ် ရွှေသမင်တောင်ကြောတစ်လျှောက်ရှိ လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲသော တောင်တွင်းချောင်ဒေသကျေးရွာများမှ ကျေးလက်နေပြည်သူအချို့တို့က ပြောင်းရွှေ့တည်ထောင်ခဲ့သော ကျေးရွာဖြစ်ကြောင်း သိရသည်။ **ကျွန်း**

# ကျောင်းသားများစာပေဖတ်ရှုနိုင်ရန် ရိုဒ်ခေါဒါရ်မြို့ အထက်တန်းကျောင်း၌စာအုပ်ပြပွဲပြုလုပ်

**ရိုဒ်ခေါဒါရ်၊ စက်တင်ဘာ ၁၉**

ကျောင်းသားလူငယ်များ စာပေဖတ်ရှုမှု အလေ့အထကောင်းရရှိရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေး ရည်ရွယ်ချက်ဖြင့် စာအုပ်ပြပွဲကို ရိုဒ်ခေါဒါရ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

ရှေ့ဦးစွာ ရိုဒ်ခေါဒါရ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာထောက်-၃ ဒေါ်နှာရ်ရင်းပါရိက စာဖတ်ခြင်းဖြင့်ရရှိသည့် အကျိုးကျေးဇူးအကြောင်းကို ပြောကြားပြီး၊ ကျောင်းသား၊ ကျောင်းသူ ၆၈ ဦးတို့က ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို လေ့လာဖတ်ရှုကြသည်။

"အခုလို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်ပြပွဲ၊ စာဖတ်ပိုင်း၊ ဟောပြောပွဲများ လာရောက်ဆောင်ရွက်ပေးမှုအပေါ် ကျောင်းသား၊ ကျောင်းသူများရဲ့ သင်ကြားရေးပိုင်းသာမက ဗဟုသုတရရှိရေးကိုပါ များစွာအထောက်အကူပြုပါတယ်။ အခုလိုမျိုး လာရောက်ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု အထက်တန်းပြဆရာမတစ်ဦးက ပြောသည်။

ရိုဒ်ခေါဒါရ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်ပြပွဲ ဆောင်ရွက်ခြင်းကို မြို့ပေါ်ရှိစာသင်ကျောင်းများတွင် လစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **ရဲနောင်(ကေမသုမ်)**

ကျုံးချိန်
မြန်မာနိုင်ငံစာစစ်အဖွဲ့ အခြေခံပညာအဋ္ဌမတန်းစာမေးပွဲ
၁၉၈၅ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိမေးခဲ့ဖူးသောမေးခွန်းဟောင်းများကို အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဖြေဆိုထားပါသည်။
ထပ်မံလေ့ကျင့်ရန် သင်္ချာမေးခွန်း(၃)စုံနှင့် အဖြေများကိုလည်း ထည့်သွင်းရေးသားထားပါသည်။
ပြည်ဝေကျော် စာပေ အမှတ်(၄၅၆)၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၁ - ၃၈၅၁၉၆၊ ၀၉ - ၇၃၀ ၂၅၉၂၉

အများသိစေရန်ကြေညာချက်
ရန်ကင်းမြို့နယ်၊ ဘောက်ထော်ရပ်၊ စျေးလမ်း၊ အိမ်အမှတ် ( ၄ ) နေ ဒေါ်မိုးစိန်၏လွှဲအပ်တာဝန်ပေးချက်အရ အဆိုပါနေအိမ်တည်ရှိရာ မြေကွက်သည် ဒေါ်မိုးစိန်၏ခင်ပွန်း ဦးအရှင်ဦးကျော်အမည်ဖြင့် (၁၇-၂-၉၇) ရက်စွဲဖြင့် မြေဌားစာချုပ်ကိုရရှိခဲ့ကြောင်း၊ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ဦးသူရမြင့်ကြွယ်၊ ဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်အေးသီတာဆွိတို့အပေါ် အရောင်းအဝယ်စာချုပ်ပယ်ဖျက်ပေးရန်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားမကြီးမှု အမှတ်-၃၇၁/၂၀၁၄ ဖြင့် တရားစွဲဆိုထားပါကြောင်း၊ တရားရုံးတော်၏ ဆုံးဖြတ်ချက်ကိုသာလျှင် သက်ဆိုင်သူအားလုံးလေးစားလိုက်နာရမည်ဖြစ်ပြီး တရားရုံးတော်မှတစ်စုံတစ်ရာမဆုံးဖြတ်မီ၊ ပြုလုပ်ဆောင်ရွက်ချက်မှန်သမျှ လုပ်ဆောင်သူ၏တာဝန်သာဖြစ်ကြောင်း ၊ ဒေါ်မိုးစိန်နှင့်မည်သို့မျှသက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။လွှဲအပ်ချက်အရ -
( ၁ ) ဦးအောင်ကျော်မိုး(၃၀၂၁) ( ၂ ) ဒေါ်ဝင်းဝင်းသောင်း(၀၃၂၂)
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ
အမှတ်(၈၀၆/ဂ)၊ ရန်ပြေ ( ၃ ) လမ်း။ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်။
ဖုန်း-၀၉ ၅၃၃၀၁၂၃၊ ၀၉ ၄၃၁၀၁၀၁၆

အများသိစေရန်ကြေညာခြင်း
ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီး(၂)လမ်း၊ ခြံအမှတ် (၂၇)ရှိ အခန်း(၂၅)၊ ခုတိယထပ်၊ (၃)လွှာ၊ ဘယ်ဘက်ထောင့်ခန်း၊ ဧရိယာ(အလျား၁၂ပေ ၆လက်မ× အနံပေ၅၀)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏ မိတ်ဆွေဒေါ်စန်းစန်းလွင် ၂၀/မလမ(နိုင်)၀၀၁၀၉၈၂မှ ဒေါ်အေးမူ၁၂/ဒဂန(နိုင်) ၀၀၃၀၆၅ဆုံမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်သဖြင့် ကန့်ကွက် လိုသူများသည် ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ၊ အထောက်အထား များနှင့် တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်တော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ညွှန်ကြားချက်အရ
ဒေါ်စန်းစန်းဝင်း(တရားလွှတ်တော်ရှေ့နေ) (စဉ်- ၂၁၇၂)
B.A,LAW(LLB) (Advocate),D.B.L,D.M.L,D.I.L,D.A.Psy.
WIPO,DL(101),(201),(317)Switzerland(Geneva)
အမှတ်(၂၀၉/ယ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၅၆၁၂၂၃၊ ၅၇၈၅၅၀၊ ၀၉-၈၆၁၆၇၆၅

ဦးရမ်ပြင်း၊ ဒေါ်ခင်စန်းနွယ်တို့သိရှိစေရန် အသိပေးကြေညာချက်
ကျွန်ုပ်အားအရေးအခွင့်တာဝန်ပေးလွှဲအပ်သူ ဦးခင်ဇော(ဘ)ဦးလှ၁၂/အစန(နိုင်) ၀၂၆၈၀အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းရိပ်သာလမ်း၊ အမှတ်-၁၃၃/ကနေသူ၏ ညွှန်ကြားချက်အရ ဦးရမ်ြင် (CF-016369)၊ ဒေါ်ခင်စန်းနွယ်(K/RGN-021345)တို့ သိရှိစေရန် အသိပေးကြေညာလိုက်ပါသည်။
လူကြီးမင်း ဦးရမ်ြင်နှင့်ဒေါ်ခင်စန်းနွယ်တို့သည် ကျွန်ုပ်အား တာဝန်ပေးလွှဲအပ်သူ ဦးခင်ဇော်၏ ဖခင် ဦးလှအား ၂၈-၂-၁၉၈၂ ရက်စွဲပါ အိမ်မြေအရောင်းအဝယ်စာချုပ်အရ အင်းစိန်မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၇/အော၊ မြေကွက်အမှတ်-၁၂ နံ့သာကုန်းရပ်ကွက်ရှိ ဧရိယာ(၀. ၁၃၀) ကေခန့်ရှိ အိမ်ရှေ့ဖျက်နှာစာ ၆စေပေ၊ အိမ်အနောက်ဘက်ဖျက်နှာစာ ၆၃ပေ၊ အရှေ့ဘက်အလျား ၉၃ပေ၊ အနောက်ဘက် အလျားက၉ပေရှိ မြေကွက်နှင့် မြေပေါ်ရှိ ပစ္စည်းများကို ရောင်းချခဲ့ သော်လည်း ပဋိညာဉ်အတိုင်း မဆောင်မရွက်ပျက်ကွက်လျှက်ရှိပါသဖြင့် ၂၉-၉-၂၀၁၄ရက် နောက်ဆုံးထား၍ ကိုယ်တိုင်လာရောက် ဆောင်ရွက်ကြရန်နှင့် မဆောင်မရွက်ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း ညွှန်ကြားချက်အရ အကြောင်းကြား သိစေလိုက်ပါသည်။ ညွှန်ကြားချက်အရ
ဦးမြတ်လှဦး(စဉ်-၁၈၀၇)
M.A(Business Law)
B.A,R.L,H.G.P,D.B.L,D.M.L,D.A.Psy,D.A.E,D.O.S
ဦးခင်ဇော်၏တရားလွှတ်တော်ရှေ့နေ
MYAT & ASSOCIATE LAW FIRM
အမှတ်-၅၆၅/၅၆၇အော-၁၊ M.A.C. Tower ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၇၂၄၉၊ ၀၁-၆၄၂၉၀၈

# ကျိုက်ထိုမြို့တွင် မိုးကောင်းသောက် လယ်စပါးမျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးခြင်း ပြုပွဲပြုလုပ်

**ကျိုက်ထို၊ စက်တင်ဘာ ၁၉**

မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကော့ထင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၂၅ လက်ပြစိုက်ကွင်းတောင်သူဦးသိန်းနိုင်၏ လယ် ၁၅ ဒသမ ၀၀ ဧကတွင် စက်တင်ဘာ ၁၈ ရက် နံနက် ၈ နာရီက ဒေသနှင့်ကိုက်ညီသည့် မိုးကောင်းသောက်လယ်စပါးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် မျိုးသန့်စပါး ဧရိယာ၌ စုပေါင်းဓာတ်မြေသြဇာကြေပက်ပွဲနှင့် မျိုးကွဲနုတ်ပယ်ခြင်း ကွင်းပြပွဲပြုလုပ်ရာ မြို့နယ်အဆင့်ကော်မတီလေးရပ်နှင့် ကျေးရွာအုပ်စု ကိုးအုပ်စုမှ တောင်သူများ တက်ရောက်ကြသည်။

အဆိုပါကွင်းပြပွဲတွင် သထုံခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်ခိုင်က ဒေသနှင့်ကိုက်ညီသည့် မိုးကောင်းသောက်လယ်စပါး စမ်းသပ်ကွက်ရှိ အထွက်နှုန်းကောင်းမွန်သောမျိုးကို ဆက်လက်ပွားများ၍ တောင်သူများအား ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က မျိုးသန့်စိုက်ပျိုးထားသော အရည်အသွေးကောင်း ပေါ်ဆန်းရင်မျိုးသန့်စပါးမျိုးမှာ ဒေသနှင့်ကိုက်ညီပြီး စျေးကွက်ရှိစပါးဖြစ်၍ တောင်သူများအနေဖြင့် ဆက်လက်ပွားများစိုက်ပျိုးသင့်ကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှိုင်ဝဏ္ဏက စိုက်ပျိုးထားသော စပါးများကို တောင်သူများအနေဖြင့် သိပ္ပံနည်းကျ GAP စနစ် ၁၄ ချက်အတိုင်း လိုက်နာကြရန်နှင့် မျိုးကွဲနုတ်ပယ်ခြင်း နည်းပညာအကြောင်းဆွေးနွေးပြီး ကွင်းပြပွဲကိုပြသခဲ့သည်။

ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးအတွက်သည့် မီးထောင်ချောက်ထွန်းညှိ ကာကွယ်နှိမ်နင်းမှု ပြုလုပ်သွားမည်ဖြစ်သည်။ **ကျိုက်ထို(ပြန်/ဆက်)**

# ရှေမြင်တင်တောင်တော်မြတ်တွင် ဓာတ်လေ့ကားတပ်ဆင်ရေးအလှူငွေလှူဒါန်း

**ရမည်းသင်း၊ စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၏အရှေ့ဘက်ခုနစ်မိုင်ခန့်အကွာတွင်တည်ရှိသော ရေးဟောင်း သမိုင်းဝင်ရှေမြင်တင်တောင်တော်မြတ်ဘုရားတွင် ဓာတ်လေ့ကားတပ်ဆင်နိုင်ရေးအတွက် တောင်တော်မြတ်အကျိုးဆောင်အဖွဲ့သည် မြို့နယ်ညြဝါဒါစရိယဆရာတော်ကြီးများ၏ လမ်းညွှန်မှုကိုခံယူကာ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ရှေမြင်တင်တောင်တော်မြတ်တွင် ဓာတ်လေ့ကားတပ်ဆင်နိုင်ရေးအတွက် အနယ်နယ်အရပ်ရပ်မှ အလှူရှင်အသီးသီးတို့က အလှူငွေထည့်ဝင်လှူဒါန်းကြရာ ဦးသန်းစိုး-ဒေါ်တင်တင်အေး (ဝင့်ဝါအထည်ဆိုင်၊ မဂ်လာဈေး၊ ရန်ကုန်)မှ အလှူငွေကျပ် ငါးသိန်း၊ ဒေါ်မေအေးမိသားစု(ပြင်ဦးလွင်)မှ ကျပ်တစ်သိန်း၊ ဦးသောင်းခင်မိသားစု(ကမ္ဘောဇာဏ်၊ ရန်ကုန်)မှ ကျပ်တစ်သိန်း၊ ဦးအောင်သိန်း-ဒေါ်တင်အောင် (ရှမ်းစုရပ်၊ စံပြသိမ်ကုန်း)မှ ကျပ်သုံးသိန်း၊ ဦးဝင်းနိုင်အောင်-ဒေါ်တင်တင်လှ (နတ်ပန်းချီအထည်ဆိုင်၊ ရန်ကုန်မြို့)မှ ကျပ်ငါးသောင်း၊ ဒေါ်ကြည် သားသမီး မြေးတစ်စုကောင်းမှု (တောင်ငူမြို့)မှ ကျပ်ငါးသောင်း၊ ဒေါ်နှင်းနုအောင်မျိုး (မြန်မာ့ရှေ့ဆောင်ဘဏ်၊ ရမည်းသင်း)မှ ကျပ်ငါးသောင်း၊ ဒေါ်ခင်ကြည်၊ ဒေါ်မမကြီး (ညောင်ရွှေဟော်ကုန်း၊ ခြသေ့လမ်း၊ တောင်ကြီးမြို့)မှ ကျပ်သုံးသောင်းတို့ကို အသီးသီးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ ရမည်းသင်းမြို့ ရှေမြင်တင်တောင်တော်မြတ်သည် ကမ္ဘာကျော်သာသနာပြုရသေ့ကြီး ဦးခန္တီ စတင်သာသနာပြုခဲ့သော တောင်တော်ဟုသိရပြီး နှစ်စဉ် တပေါင်းလတွင် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး နိုင်ငံတော်ဂေဇက်ဝင် တောင်တော်မြတ်ဘုရားဖြစ်သည်။

သို့ဖြစ်ပါ၍ ရှေမြင်တင်တောင်တော်မြတ်ဘုရားတွင် ဓာတ်လေ့ကားတပ်ဆင်နိုင်ရေးအတွက် သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် ဦးသန်းညွှန့် (ဥက္ကဋ္ဌ) ၀၉ ၄၀၂၇၁၆ ၇၅၉၊ ၀၉ ၂၅၆၂၈၈၈၂၄၊ ဦးအောင်တင့် (အတွင်းရေးမှူး) ၀၉ ၂၁၇၃၂၃၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **လှိုင်သန်းတင့်(ရမည်းသင်း)**

# နဂါးလှေတော် စီးနင်းလှော်ခတ်မည့် လှေတော်သားများ လှော်ခတ်နည်းသင်ကြား

**တနသ်သာရီ၊ စက်တင်ဘာ ၁၉**

တနသ်သာရီတိုင်းဒေသကြီး၊ တနသ်သာရီမြို့နယ်၏ ရှေးဟောင်းရိုးရာအမွေအနှစ်တစ်ခုဖြစ်သည့် နဂါးလှေရိုးရာကို အစဉ်ထိန်းသိမ်းမြှင့်တင်ရန်ရည်ရွယ်လျက် တနသ်သာရီမြို့၊ ချောင်းကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာဒီပ၏ ညြဝါဒအရ ထွင်းလုပ်ပြီးသည့် နဂါးလှေတော်အသစ်တစ်စင်းကို စီးနင်းလှော်ခတ်ကြမည့် လှေတော်သား ၄၂ ဦးတို့အား ရိုးရာမပျက် ဧစာရစ်ကျူးရင်း နဂါးလှေလှော်ခတ်နည်း ကျွမ်းကျင်မှုရှိစေရန် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ နဂါးလှေတော်အသစ် တစ်စင်းကို စီးနင်းလှော်ခတ်ကြမည့် မဂ်လာဦးပေါက်တစ်ဦး၊ မဂ်လာလည်ရွှဲလေးဦး၊ လျှာတက်ကိုင် (ပဲ့နင်း)တစ်ဦး၊ ပဲ့နင်းအကူ(ပဲ့မာန်စွယ်) လေးဦး၊ ရိုးရာတီးဝိုင်း (ခွဲ၊ ဗုံ၊ မောင်း၊ လင်းကွင်း) လေးဦးနှင့် လှေတော်သားများအပါအဝင် ပေါင်း ၄၂ ဦးတို့အား ရိုးရာမပျက် ဧစာရစ်ကျူးရင်း နဂါးလှေလှော်ခတ်နည်း ကျွမ်းကျင်မှုရှိစေရန်နှင့် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့ နဂါးလှေသာဘင်ပွဲ၌ ပါဝင်လှော်ခတ်နိုင်ရန်အတွက် နဂါးလှေဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်နှင့်အဖွဲ့ဝင်များက စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းမှစ၍ ချောင်းကြီးကျောင်းတိုက် ဆွမ်းစားဆောင်၌ ရိုးရာမပျက် ဧစာရစ်ကျူးရင်း သဏ္ဌာန်လုပ် သရုပ်တူအသွင်ဖြင့် လှော်တက်များကိုယ်စီကိုင်လျက် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ လေ့ကျင့်လှော်ခတ်နည်းများမှာ နဂါးလှေလှော်ခတ်နည်း၊ အတက်ကောက်နည်း၊ အတက်ထိုးနည်း၊ အတက်မြောက်နည်း၊ ခန္ဓာကိုယ်ယိမ်းနည်းနှင့် လေထွက်နည်း၊ လှေကွေ့နည်းများကို စနစ်တကျသင်ကြားပေးလျက်ရှိရာ အရပ်သုံးရပ်မှ လူငယ်လှေတော်သားများကလည်း အားမာန်အပြည့်ဖြင့် လေ့ကျင့်လျက်ရှိသည်။

ယင်းလှေတော်သားများကို မြို့ပေါ်ရှိ ချောင်းကြီးအရပ်၊ ချောင်းငယ်အရပ်နှင့် မြို့ဦးအရပ် သုံးရပ်တို့မှ အရပ်ဝင်ကာလသားများနှင့် ကျန်းမာသန်စွမ်းလူငယ်များကိုပူးပေါင်းပြီး မြို့မနဂါးလှေအဖွဲ့အဖြစ် အချိန်မရွေး နဂါးလှေလှော်ရန် အသင့်ရှိနေရန် ကျွမ်းကျင်သည်အထိ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ကြောင်း၊ အရပ်သုံးရပ်ညီညွတ်မှ လူငယ်များပါညီညွတ်မှုရှိမည်။ နဂါးလှေလှော်ခတ်ရာတွင် အဓိကအရေးအကြီးဆုံးအချက်သည် ညီညွတ်သည်းခံမှုဖြစ်ကြောင်း နဂါးလှေအဖွဲ့ဝင်တစ်ဦး၏ ပြောပြချက်အရသိရသည်။

ၛင်းနဂါးလှေတော်အား ရှာဖွေရန် အလွန်ခက်ခဲ၍ ရှားပါးလှသည့် စကားစပ္ပာယ်သစ်အမျိုးအစား ၆၉ ပေ အရှည်တစ်ဖြောင့်တည်းရှိသော သစ်လုံးကြီးအနက် အသားတင် ၆၃ ပေ ရှည်၍ မာန်အပြည့်ပါ နဂါးဦးခေါင်းခြောက်ပေနှင့် နဂါးအမြီးပိုင်းခြောက်ပေ အပါအဝင် စုစုပေါင်း ၇၅ ပေရှည်သည်။

အကျယ်လေးပေ၊ ဝမ်းစောက်နှစ်ပေနှင့် လေနံထု(သုံးလက်မ)ဖြင့် ရိုးရာမပျက်ထွင်းလုပ်ထားခြင်းဖြစ်သဖြင့် အလွန်ထူးဆန်းရှားပါးလှသည့် နဂါးလှေတော်အသစ်တစ်စင်းဖြစ်သည်။

ၛင်းနဂါးလှေတော်ကို စက်တင်ဘာ ၉ ရက်နံနက် ၉ နာရီတွင် ရေချစမ်းသပ်လှော်ခတ်ကြပြီး စက်တင်ဘာ ၁၁ ရက်တွင် ၂၃ မိုင်ခန့်ကွာဝေးသော လယ်သစ်အနောက်ရွာမှ တနသ်သာရီမြို့သို့ မြို့ပေါ်ရှိ အရပ်သုံးရပ်တို့၏ ရပ်မိရပ်ဖများ၊ အရပ်လူကြီးများ၊ နဂါးလှေတော်အဖွဲ့ဝင်များ စုပေါင်းသယ်ယူခဲ့ကြပြီး တနသ်သာရီမြို့၊ ချောင်းကြီးမြစ်နှင့် ချောင်းငယ်မြစ်နှစ်သွယ်အတွင်း လှည့်လည်၍ ရှေးဟောင်းနဝထပ်(နဂါးကပ်)စေတီနှင့် ဝက်ပါစေတီတော်တို့အား ပူဇော်ကန်တော့ခဲ့သည်။

တနသ်သာရီမြို့၌ နဂါးလှေသာဘင်လှော်ခတ်ပွဲကို နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့တိုင်း တနသ်သာရီမြစ်အတွင်း စည်ကားသိုက်မြိုက်စွာ လှော်ခတ်ကျင်းပသွားမည်ဖြစ်ပြီး ယခုအခါ ချောင်းကြီးရပ်ကွက် စက်မှုဇုန်ရေဆိပ်အနီးတွင် ယာယီထိန်းသိမ်းထားရှိရာပြည်သူများ လာရောက်ကြည့်ရှုလေ့လာလျက် ရှိပေသည်။ **ထိန်ဝင်း (ပြန်/ဆက်)**

ဒီ ဝိုးရောသီအထူးအစီအစဉ်
ဒဏ္ဍာရီ
အထူးဆိပ်ပြောင့်ဆိုင်
ဆိပ်လုံးဝမကျတ်ဝေရ
■ ဆိပ်ပြောင့် (30000/-Ks) တန် Discount (15000/-Ks)
■ ဗယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့် စင်းအိတုန်ဝေရမည်။ ၂-နှစ်အာမခံ
Ph:09-73048685,09-32244499
ကာလာ၊ ပေါင်း၊ ပုလဲ၊ ညှပ်မေတ္တာလက်ဆောင်
ရွှေတိုဂုဏ်ဘုရားလမ်း(ဆောက်လုပ်ရေးမှတ်တိုင်အနီး)ခဂုပန်းခြံအတွင်း၊ဒဂုံမြို့နယ်ရန်ကုန်မြို့။

အမြန်ဆက်သွယ်ပါ
သာကေတ(၁)ရပ်ကွက်၊ အနော်မာအနောက်(၆)လမ်းနေ မောင်သက်ကိုကိုအောင်(ခ)ဟာရွှန် အဖေနှင့်အမေ စိတ်ပူနေကြတယ်။ အမြန်ဆက်သွယ်ပါ။
ဖေဖေနှင့်မေမေ
ဖေဖေ-ဦးဘာဘူလေး
[၁၂/သကတ(နိုင်)၁၁၇၆၃၆]

ဗဟိုလမ်းမပေါ်ရှိ
ကွန်ဒိုတိုက်ခန်း
ရောင်းရန်ရှိသည်။
Ph:09-5133542,
09-5502728

အမြန်ရောင်းမည်
၁။ သယ်နိုးကျွန်းမြို့နယ်၊ ကြီးပွားရေးအိမ်ရာ၊ ပထမထပ်၊ 1100Sqft
၂။ သန်လျင်၊ အောင်ချမ်းသာ အဆင့်မြင့်လုံးချင်းအိမ်ရာ
Ph:09-2028222, 09-5502728

TRUST စက်ချုပ်သင်တန်း
အမှတ်စဉ် (၃၀)
အမျိုးသမီး၀တ်အင်္ကျီသီးသန့်(၁၅)ရက်၊လှပသေသပ်သော စကတ် သီးသန့် (၁၀)ရက်၊ သင်တန်းများကို၊အလွယ်ကူဆုံးနည်းဖြင့်၊ သင်တန်းသားတစ်ဦးလျှင် ဆပ်ချုပ်စက်၊ညှပ်ခုံ၊ ပီးပူ၊ ဓါးစက် တစ်လုံး၊ စီ ဖြင့်၊ သင်တန်းနည်းပြကိုယ်တိုင် သင်ကြားပေးပါသည်။
❖ စာတွေ့၊လက်တွေ့ပေါင်းစပ်ပြီး၊ ပီတီစ ဖြင့်သာသင်ကြားပေးခြင်း
❖ စက်ချုပ်သင်တန်းသီးသန့်ဖြစ်ပြီး၊ သင်တန်းကာလ အတိအကျ သတ်မှတ်ထားခြင်း၊
❖ စာတွေ့နှင့် ဆိုင်အတွေ့အကြုံများပေါင်းစပ်ထားသောသင်ကြားနည်းဖြစ်ခြင်း၊
❖ သင်တန်းသား ကိုယ်တိုင်၊ တိုင်းထွာပုံဆွဲ၊ ညှပ်၊ချုပ်၊ အဆင့်ဆင့်နေစ်တကျသင်ကြားပေးခြင်း၊
❖ သင်တန်းသားတစ်ဦး၊ချင်း၏ လိုအပ်ချက်ပေါ်မူတည်ပြီး၊နားလည်သည်အထိသင်ကြားပေးခြင်း၊
❖ သင်တန်း၊ဆရာကိုယ်တိုင် သင်ကြားပြီး၊ဆွေးနွေးပေးမြန်းနိုင်ခြင်း၊
❖ သင်တန်း၊ကာလပြီး၊ဆုံးပြီးနောက်၊(၅)ရက်အထိ၊ မိမိသိလိုသောပုံဆန်းများထပ်မံသင်ကြားပေးခြင်း၊ တို့ဖြင့်သတ်မှတ်သင်တန်းကာလအတွင်း တတ်မြောက်ရန်တာဝန်ယူပါသည်။
(စက်တင်ဘာ ၂၃)ရက်နေ့သင်တန်းစမည်။ စနေ၊တနင်္ဂနွေ တန်းခွဲရှိသည်။
***လူဦးရေ ကန့်သတ်ထားပါသည်***
အမှတ် ၄၅ ဗဟိုလမ်းနှင့် သင်ဝင်လမ်းထောင့်(ဗဟိုအမျိုးသမီးဆေးရုံ၇.၇)၊ အလုံမြို့နယ်
ဖုန်း - ၀၁-၂၂၆၁၁၃၊ ၀၉-၈၆၂၄၆၇

MYANMAR GEMMOLOGICAL INSTITUTE
Learning For Life
MGI
ရွေးကွက်အေးချိန်မှာ ပညာရှာပါ ...
ရွေးကွက်ကောင်းတဲ့အခါ စီးမှာရှာပါ ...
"ကျောက်စိမ်းပညာလုပ်ငန်းခွင်သင်တန်း"
သင်ကြားမည့်လက်တွေ့ဘာသာရပ်များ
■ ကျောက်စိမ်းလုပ်ကွက်ရွေးချယ်နည်း
■ ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း ဝယ်/ရောင်းနည်း
■ ကျောက်စိမ်း အရိုင်းတုံး(ခဲ) ဝယ်/ရောင်း/အမျိုးအစား ခွဲခြားနည်း
■ ကျောက်စိမ်း လွှာချပ် ၊ လက်ကောက် ၊ ပန်းပု ဝယ်/ရောင်းနည်း
■ ကျောက်စိမ်း အမှင့် ၊ မှင့်ကောက်များ ဝယ်/ရောင်းနည်း
■ ကျောက်စိမ်းဖြတ်သားများ ဝယ်/ရောင်းနည်း
■ ဖားကန့်/မန္တလေး/ရွှေလီကျောက်စိမ်းမိုင်းများတွင် ဝယ်/ရောင်းနည်း
စသည့် ဘာသာရပ်များကို ကျောက်စိမ်းပညာရှင်ကိုယ်တိုင်စာတွေ့/လက်တွေ့ ပို့ချမည်။
( ၂၉.၉.၂၀၁၄ မှ ၅.၁၀.၂၀၁၄ ) ညနေ (၄း၀၀) မှ (၇း၀၀) နာရီထိ
အမှတ် (၁၃၃)၊ ဒုတိယထပ်၊ လမ်း -၃၀ (အလယ်) ၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၂၅၄၈၉၉၊ ၀၉-၇၃၀ ၅၀ ၃၇၀
အမှတ်(၁၇၅)၊ ၂၆ဘီလမ်း၊ ၈၀-ဝဘလမ်းကြား၊ မန္တလေး။ ၀၉၉ ၁၀၀၁ဝ၁ဝ

# တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ အင်ဂျင်နီယာသင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့**တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဘူးသူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၅-၉-၂၀၁၄** ရက်နေ့မှ စတင်၍ **၂၉-၁၁-၂၀၁၄** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လည် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့**တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၈-၁၂-၂၀၁၄ မှ ၂၉-၁၂-၂၀၁၄** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၈၅၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၈၆၀၀၀/-** ၊ တတိယနှစ် **ကျပ် ၈၇၀၀၀/-** ရရှိမည်။ ထို့အပြင် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး **ကျပ် ၃၀၀၀၀/-** အား ခံစားခွင့်ပြုသည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း။** အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်။** ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက်တပ်မတော်တွင် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်ရမည်။

## (၄)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်းနှင့် မေတ္တာပို့သအလျူဒါနပြုပေးခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်ခင်ခင်ကြီး (၈၅)နှစ်

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ဝန်ထမ်းကောင်းဆု၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်မြို့**

**(၈-၉-၂၀၁၀)-(၈-၉-၂၀၁၄)**

ဇနီး/ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ခင်ကြီးသည် AUSTRALIA နိုင်ငံ SYDNEY မြို့တွင် ကွယ်လွန်ခဲ့သည်မှာ ၈-၉-၂၀၁၄ ရက်တွင် (၄)နှစ်ပြည့်မြောက်ပြီးဖြစ်သော်လည်း မိသားစုအားလုံးမှာ နေ့စဉ်သတိရလွမ်းဆွတ်လျက်ပါ။ ဇနီး/ မိခင်ကြီးအား ရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်လျူဒါန်းခဲ့သော ဒါန၊ သီလ၊ ဘာဝနာနှင့် ဝိပဿနာကုသိုလ်အစုစုကို စဉ်ဆက်မပြတ် လျူဒါန်းအမျှပေးဝေလျက်ရှိပါသည်။

မုံရွာမြို့နယ်၊ မုံရွေးရှိ ဆွေမျိုးအကြီးအကဲ၊ ရွှေတိုက်ဝန်မင်း တည်ထားကိုးကွယ်သည့် ရွှေကျောင်းကြီးကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တဦးသူရိယနှင့် ရတနာမာန်အောင်ကျောင်းတိုက်ဆရာတော် ဦးဥာဏ္ကောဘာသတို့အား နဝကမ္မဝတ္ထုဇွေများ ကပ်လျူခြင်း၊ ၈-၉-၂၀၁၄ ရက်တွင် (ရန်ကုန်မြို့၊ ဒဂုံအရှေ့ပိုင်း) တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်ပဓာနနာယကဆရာတော် တိပိဋကမဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယမိန္ဒာဘိဝံသနှင့် သံယာတော်များအား အရှင်ဏ်ဆွမ်းကပ်လှူခြင်း၊ ရွှေတိုင်းစေတီတော်မြတ်ကြီးနှင့် ကုန်းတော်တစ်ခုလုံး၊ ညလုံးပေါက် လျှပ်စစ်မီးပူဇော်ခြင်း၊ ရန်ကုန်မြို့ရှိ ဇီဝတဒါနသံဃာ့ဆေးရုံကြီးနှင့် ဘိုးဘွားရိပ်သာတို့တွင် ထာဝရဘက်စုံဌေးသောပင်များလျူဒါန်းခြင်း၊ ၁၀-၈-၂၀၁၄ ရက်တွင် ဘိုးဘွားဆိုင်သည့် ဘုရားပွဲတော်နှင့် ၁၈-၈-၂၀၁၄ ရက်တွင် ရွှေတိုက်ဝန်မင်း တည်ထားကိုးကွယ်သည့် စည်းခုံကြီးဘုရားပွဲတော်အတွက်လည်း လျှပ္ပယ်ပစ္စည်းများလျူဒါန်းခြင်း၊ ကုသိုလ်ကောင်းမှုအစုစုကို ရေစက်သွန်းချအမျှပေးဝေပါတယ်။

ဇနီး/မိခင်ကြီး သက်ရှိထင်ရှားရှိစဉ်ကတည်းက လျူဒါန်းထားခဲ့တဲ့ သာသနာကောင်းကျိုး၊ တပည့်သားမြေးများအပေါ် တတ်စွမ်းသ၍ စောင့်ရှောက်ခဲ့သော ပရဟိတကုသိုလ်များနှင့် ယခုလျူဒါန်းခဲ့သည့် ကောင်းမှုကုသိုလ်အစုစုတို့ကို မိခင်ကြီး၏မိသားများဖြစ်ကြသည့် ဘဘဘိုးရုံ(မြို့အုပ်/ကျောင်းအုပ်ကြီး)၊ မေမေကြီးဒေါ်သိန်းစံ၊ ဘဘဘိုးရုံ၏ညီနောင်များ ဖြစ်ကြသည့် ဦးဘကျား(ကထိက-ရန်ကုန်တက္ကသိုလ်)၊ ဦးဆင(လွတ်တော်အမတ်-ညောင်ဦး)၊ ဦးဂျီ(ဧရာဝတီရုံး)၊ ဦးတက်ထွန်း(Lando.B.A Honours)၊ ဦးတက်ခေါင်(ယစ်မျိုးဝန်ထောက်)၊ စည်သူဦးဘိုးတင့်(ICS-စစ်ကိုင်းတိုင်းမင်းကြီး)၊ ဦးညိုမြ-အိုးဝေ(MA-Chicago-USA) (ICS)တို့အားလည်း လျူဒါန်းခဲ့သည့် ကောင်းမှုကုသိုလ်အစုစုတို့ကို အမျှပေးဝေပါသည်။ မြင့်မြတ်အေးချမ်းသော ဘုံဘဝမှ ကြားနိုင်၊ မြင်နိုင်၊ သိနိုင်ပြီး ဝမ်းမြောက်ရွှင်လန်းစွာဖြင့် သာဓုအနုမောဒနာခေါ်ဆို၍ အဆင့်ဆင့်မြင့်သည့်ဘုံဘဝသို့ တက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အမျှဝေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**SYDNEY မြို့နေ ခင်ပွန်းဦးစိန်မောင်နှင့်သားသမီးများ**

**ကိုဝင်းမောင်မောင်၊ ကိုစောမင်းမောင်၊ ကိုရန်မျိုးအောင်**

**ကိုမြတ်သူစိန်မောင်၊ မခင်ချမ်းမြစိန်နှင့်**

**ဒေါ်ခင်သန်းသန်းအေး(နေပြည်တော်)**

**ဦးခင်မောင်ဌေး-ဒေါ်ခင်မြမြစိန်(ခေတ္တ SYDNEY)**

## လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး၊ ဒါယိကာမကြီး**

## ဦးအောင်သန်း-ဒေါ်သိန်းနု

**သဘာဝမဲနယ်**

တုန္ဒိုင်းမရသော အနန္တကျေးဇူးရှင် ဖခင်ကြီးနှင့်မိခင်ကြီး မိသားစုနှင့် ခွဲခွာသွားသည်မှာ နှစ်ပေါင်းကြာရှည်ခဲ့ပါပြီ။ ကြာလည်းမမေ့ တမြည့်မြည့်နှင့် သတိရတမ်းတ လွမ်းဆွတ်ဆဲပါ။ ဖခင်ကြီးနှင့် မိခင်ကြီးတို့အား ရည်မှန်း၍ နှစ်စဉ်လျူဒါန်းရသော ကောင်းမှုကုသိုလ်တို့ကြောင့် ရောက်ရာဘုံဘဝမှသာခုခေါ်ဆိုနိုင်ပါစေ. . . .

**သားသမီးမြေးမြစ်တစ်စု**

## ဝမ်းနည်းကြေကွဲခြင်း

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ(ဗဟို) ဒုဥက္ကဋ္ဌ(၂)နိုင်ချမ်းတွဲ့(ခ)နိုင်တိ၏ ဇနီးဖြစ်သူ မိစိန်လင်း(ခ)မလင်း(ရေးမြို့နယ်၊ နီးနူကျေးရွာ)သည် ၁၇-၉-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် ရေးမြို့၊ သီရိခေမာရပ်ကွက်နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကျိုက်မရောမြို့နယ်**

**မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ**

## ဝမ်းနည်းကြေကွဲခြင်း

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ(ဗဟို) ဒုဥက္ကဋ္ဌ(၂)နိုင်ချမ်းတွဲ့(ခ)နိုင်တိ၏ ဇနီးဖြစ်သူ မိစိန်လင်း(ခ)မလင်း(ရေးမြို့နယ်၊ နီးနူကျေးရွာ)သည် ၁၇-၉-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် ရေးမြို့၊ သီရိခေမာရပ်ကွက်နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ(ဗဟို)**

**(AMDP)**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးသောင်းရွှေ(ခ)ဦးပါကြီး

**အသက်(၅၃)နှစ်**

မမေသက်မွန်၏ချစ်လှစွာသောဖခင် ဦးသောင်းရွှေ(ခ)ဦးပါကြီးသည် ၁၅-၉-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**M.D နှင့်ဝန်ထမ်းမိသားစုများ၊ ဆန်းလွင်ထရေးဒင်းကုမ္ပဏီလီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းရီ(မုဒုံ)

**အသက်(၈၀)**

အန်ကယ်(ဗိုလ်မှူးကြီးအောင်သိန်း-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးရန်နိုင်ထွန်း-ဒေါ်စန္ဒာအောင်၊ ဦးဇေယျာအောင်-ဒေါ်သူဇာဝေ၊ မစ္စတာဟီဒီယိုဆာကာအိ-ဒေါ်မေအောင်တို့၏မိခင်၊ အန်တီဆရာကြီးဒေါ်သန်းရီသည် ၈-၉-၂၀၁၄ ရက်(တနလင်္ဂနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်တပည့်များ - ဦးကျော်သိန်း**

**ဦးခင်မောင်ဇင်-ဒေါက်တာစိုးမိုးမိုး**

**(မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်)**

**ဦးစည်သူ-ဒေါက်တာမေမြတ်သူ(ပုသိမ်တက္ကသိုလ်)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်းမ၊ မြေကွက်အမှတ်(၁၉၈/၁၉၉)၊ အိမ်အမှတ် (၁၇/၁၉/၂၁)အနက်မှ (၁၉H-2)၊ စလွှာအခန်းကို မျက်နှာမူလျှင် (ဝ)ဟုခေါ်တွင်သော ၎င်းတို့က်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန္ဒာဝင်း[၁၂/ဗတထ(နိုင်)၀၀၄၇၉၀]ထံမှ ကျွန်ုပ်မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်လေးလေးထိုက် LL.B,D.B.L,D.I.L**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၀၇)၊ KM2&Partners Law Firm**

**၅၁၄/၅၁၈၊ (အေ-၃လွှာ)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၄၃၁၃၃၃၉၉**

**ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ခေကျာက်ခြောင်း(အခရှေ့)ရပ်ကွက်၊ မြို့သစ်(၁)လမ်း အမှတ်(၂၁/ခေါင်းရင်း)ခြံနှင့်အိမ်အခရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၄ စီ° )၊ လူနေရပ်ကွက်အမှတ်( S-၆၈ ) မြေကွက်အမှတ်( ၂၉ ) ဧရိယာ(၂၅'×၅၀')ရှိသော(၁)ဦးတင်ဦး(၂)ဦးစိုးလွင် (၃)ဒေါ်ဌေးဌေးလွင်အမည်ပေါက်နေသည့်နှစ်(၆၀)ဂရန်မြေကွက်အနက်မှ မြေကွက်၏(ခေါင်းရင်းဘက်ခြမ်း)ထက်ဝက်တိတိအကျယ်( ၁၂½'×၅၀' )နှင့် မြေပေါ်ရှိ အိမ်အမှတ်(၂၁/ခေါင်းရင်း) မြို့သစ်(၁)လမ်း၊ ကျောက်မြောင်း(အရှေ့)ရပ်ကွက် တာမွေမြို့နယ်ဟုခေါ်သောနေအိမ်ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူကာလက်ရှိထားပိုင်ဆိုင်ပါသည်ဟုဝန်ခံကတိပြုသူ-ဦးမြသိန်း(၁၂/တမန(နိုင်)၀၆၈၅၃၃)ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အထိပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်း တိကျမှန်ကန်လုံလောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ

**ဦးသန့်ခင် ( LL-B )**
**အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)**
**Ph-09-731 70516**

**ခေါ်ဟန်ခန့်ခိုင် ( LL-B )**
**အထက်တန်းရှေ့နေ(စဉ်-၂၃၅၄)**
**Ph-09-4200 73685**

အမှတ်( ၅၀ )၊ ပထမထပ်၊ အခန်း( D-2 ) ၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။

**အမည်ပြောင်း**

ဟသ်ဘတမြို့၊ ခြင်ဘို့ကျေးရွာအုပ်စု၊ ကျွန်းဦးကျေးရွာနေ ဦးမြင့်ဦး၏သမီး မအေးအေးမာအား မအေးအေးငြိမ်း ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မအေးအေးငြိမ်း**

**အမည်ပြောင်း**

ဦးခင်မောင်လွင်၏သမီး မြင့်မြတ်ပညာကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းတွင် ပညာသင်ကြားနေသော မစောယုနန္ဒာအား မနေခြည်နွေးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မနေခြည်နွေး**

## အများသိစေရန်ကြေညာချက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မိမိတို့၏အဆောက်အအုံကို ဆောက်လုပ်ခွင့်/ပြင်ဆင်ခွင့်ရရှိရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန်အကြောင်းရှိပါက ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးကြည်ဝင်း | ၁၂/သဃက(နိုင်)<br>၀၁၉၆၀၅ | (၃၃/က)၊ သမာဓိ(၄)လမ်း၊ ဆ/က-ရပ်ကွက်၊သဃန်းကျွန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၂ | ဒေါ်တင်တင်အေး | ၇/ဖမန(နိုင်)<br>၀၈၁၁၂၂ | (၉၆)၊ ရွှေသစ္စာလမ်း၊ ၁၃-ရပ်ကွက်၊ ရန်ကင်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၃ | ဦးကျော်မင်းထွန်း | ၁၂/ရကန(နိုင်)<br>၀၇၀၀၉၈ | (၂၁၃)၊ သစ္စာလမ်းသွယ်၊ ၁၃-ရပ်ကွက်၊ ရန်ကင်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၄ | ဒေါ်ရီရီခင် | ၁၂/လသယ(နိုင်)<br>၀၃၇၅၄၂ | (၃၅၅/က)၊ စံပယ်လမ်း၊ ၁၁-ရပ်ကွက်၊ လှိုင်သာယာ | ၂-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၅ | ဒေါ်ခင်သန်း | ၈/နမန(နိုင်)<br>၀၆၆၃၃၈ | (၇၂၅/ခ)၊ မင်းဘူးလမ်း၊ ၉-ရပ်ကွက်၊ လှိုင်သာယာ | ၂-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၆ | ဒေါ်ငွေ | ၁၉/မနမ(နိုင်)<br>၀၄၂၀၉၈ | (၁၂)၊ သမာဓိ(၁)လမ်း၊ ဆ/ကရပ်ကွက်၊ သဃန်းကျွန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၇ | ဒေါ်ခင်မေထွေး | ၁၄/လပတ(နိုင်)<br>၀၀၂၃၃၉ | (၉၃၂/က)၊ မာန်ပြေ(၄)လမ်းအရှေ့၊ ၂/တောင်ရပ်ကွက်၊ သာကေတ | ၂½-ထပ် Steel<br>ဆောက်လုပ်ရန် |
| ၈ | ဒေါ်စန်းအေး+၁ | ၁၂/ဗဟန(နိုင်)<br>၀၁၈၈၂၀ | (၄-က+၅)၊ မာလာလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၉ | ဒေါ်အမာကြည် | ၁၂/အစန(နိုင်)<br>၁၃ဖ၅၃၈ | (၁၄၄)၊ သီရိမင်္ဂလာလမ်းသွယ်(ဖ)လမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန် | ၂-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၁၀ | ဦးလှထွန်း | ၁၂/ဥကတ(နိုင်)<br>၁၄၅၁၁၄၄ | (၄၈၉)၊ တကောင်း(၅)လမ်း၊ ၅-ရပ်ကွက်၊တောင်ဥက္ကလာပ | ၂-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၁၁ | ဦးတင်မြင့် | ၁၂/သဃက(နိုင်)<br>၁၄ဖ၂၈၂ | (၅)၊ အေးမေတ္တာလမ်း၊ ၈-ရပ်ကွက်၊ သဃန်းကျွန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၁၂ | ဦးမြင့်ဝင်းအောင် | ၁၂/အစန(နိုင်)<br>၁၃ဖ၁၉ဖ | (၉၇/A)၊ ကုံကော်မြိုင်လမ်း၊ ၈-ရပ်ကွက်၊ ရန်ကင်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၁၃ | ဦးဆန်းဝင်း | ၁၂/မရက(နိုင်)<br>၀၅၄၈၅၅ | (၁၅ဖ/A)၊ ဗိုလ်ချုပ်လမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၁၄ | ဦးဆန်းဝင်း | ၁၂/မရက(နိုင်)<br>၀၅၄၈၅၅ | (၁၅ဖ/B)၊ ဗိုလ်ချုပ်လမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၁၅ | ဦးမိုးကျော်ဦး | ၁၄/၀ခမ(နိုင်)<br>၀၇၂၄၀၄ | (၅၁၉/က+ခ၊ ၅၂၀/က)၊ အင်း၀(ဖ)လမ်း၊ ဖ-ရပ်ကွက်၊ တောင်ဥက္ကလာပ | ၂½-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၁၆ | ဒေါ်ရီရီ | ၁၂/ကမတ(နိုင်)<br>၀၄၇၀၀၈ | (၈)၊ ဗိုလ်ဥတ္တမလမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင် | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်ကြေညာချက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မိမိတို့၏အဆောက်အအုံကို ဆောက်လုပ်ခွင့်/ပြင်ဆင်ခွင့်ရရှိရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန်အကြောင်းရှိပါက ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးငွေးနိုင် | ၁၂/သဃက(နိုင်)<br>၁၁၁၉၁ဖ | (၃၄၇)၊ ဇာဝေယာလမ်း၊ ၈/က-ရပ်ကွက်၊ သဃန်းကျွန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၂ | ဦးလှမြင့် | ၁၂/ကတတ(နိုင်)<br>၀၂၅၄၀၅ | (၁၁)၊ ဗိုလ်ချိုလမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်း | ၂-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၃ | ဦးမျိုးဇော် | ၁၂/သဃက(နိုင်)<br>၁၄ဖ၆၂၁ | (ဖ၅၂)၊ ကြိုးစက်လမ်းသွယ်၊ ဆ/က-ရပ်ကွက်၊ သဃန်းကျွန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၄ | ဦးတင်သိန်း | ၁၂/သဃက(နိုင်)<br>၁၂၀၃၅၃ | (ဖ၅၄)၊ ကြိုးစက်လမ်းသွယ်၊ ဆ/က-ရပ်ကွက်၊ သဃန်းကျွန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၅ | ဦးဝင်းငွေ | ၁၂/သဃက(နိုင်)<br>၁၇ဖ၄၀၁ | (ဖ၅၃)၊ ကြိုးစက်လမ်းသွယ်၊ ဆ/က-ရပ်ကွက်၊ သဃန်းကျွန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၆ | ဦးသန်းဦး | ၁၂/သကတ(နိုင်)<br>၀၆၂ဖ၂၉ | (၂၈/က)၊ သမာဓိ(၂)လမ်း၊ ဆ/က-ရပ်ကွက်၊ သဃန်းကျွန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၇ | ဦးအောင်ဆန်းဦး | ၁၂/သကတ(နိုင်)<br>၁၂၄၇၂၈ | (၁၈/ခ)၊ ကဲလေးစုလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၈ | ဦးတင်ဝင်း | ၁၂/မဂတ(နိုင်)<br>၀၅ဖ၇၉၅ | (၂၀)၊ အောက်ဗဟိုလမ်းမကြီး၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၉ | ဒေါ်စန်းဦး | ၁၂/မရက(နိုင်)<br>၀၂၁၇၅၀ | (၅ဖ၆)၊ ဦးထွန်းရှိန်လမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၁၀ | ဦးစံဝင်းမောင် | ၉/ညဥန(နိုင်)<br>၀၅၅၅၈၂ | (၃၂/၃၃)၊ ၁-လမ်း၊ ၁-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၁၁ | ဒေါ်ရင်ကြည် | ၁၂/မရက(နိုင်)<br>၀၈၄၁၀၇ | (၁၈/က)၊ ကဲလေးစုလမ်းသွယ်၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၁၂ | ဦးဟန်စိန် | ၁၂/မရက(နိုင်)<br>၀၂၇၇၉၄ | (၄)၊ ဗေယျသုခလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၁၃ | ဦးတင်အောင်ထွန်း | ၁၂/မရက(နိုင်)<br>၀၁၅၀၈၇ | (၄၇)၊ ၁-လမ်း၊ ၁-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၁၄ | ဦးဝင်းမြင့် + ၁ | ၁၂/မရက(နိုင်)<br>၀၇ဖ၁ဖ၄ | (၂၅)၊ ကဲသာဗေယျကျောင်းလမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၁၅ | ဦးမောင်မောင် | ၁၂/မရက(နိုင်)<br>၀ဖ၁၁၂၃ | (ဖ၁)၊ ယုဇနလမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |
| ၁ဖ | ဒေါ်မြသွယ် | ၁၂/မရက(နိုင်)<br>၀၂၅၈၀၀ | (၁၀၈/က)၊ အနောက်အောင်မေတ္တာ(၄)လမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက်<br>ဆောက်လုပ်ရန် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာ

### ဗိုလ်ကြီးကျော်ကျော်စန်း(ငြိမ်း) (၆၃)နှစ်
**တကက/စရ (စဉ်-၆၆)၊ ကကပုံ(ကာကွယ်ရေးဝန်းကြီးဌာန)**
**ဒဏ်ဖြေ့သစ်(မြောက်ပိုင်း) (၄၆)ရပ်တွက်လုံးဆိုင်ရာ**
**စေတနာနာရေးကူညီမှုအသင်း တွဲဖက်အတွင်းရေးမှူး**

မန္တလေးမြို့၊ အောင်မြေသာဇံရပ်နေ (ဦးဘသစ်-ဒေါ်ညွန့်)တို့၏သား၊ ဒေါ်အမာ၊ ဒေါ်တင်တင်ဝင်းတို့၏ မောင်၊ ဒေါ်ခင်စန်းလှ၊ ဒေါ်တင်တင်ထွေးတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ဒဏ်ဖြေ့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်တွက်၊ မိုးမခလမ်း၊ အမှတ် (၃၄၈/ခ)နေ ကိုလှမောင်မောင်မြင့်(ခေတ္တ-ကိုရီးယား)-မစုစုလွင်(မြန်မာ့သစ်လုပ်နန်း)၊ ကိုဇော်မင်းနိုင် (BRAC, Myanmar)-မသူသူလွင် (Program-mer)၊ ကိုကောင်းလတ်(ခေတ္တ-ကိုရီးယား)တို့၏ ဖခင်၊ ဒေါ်လွင်လွင်အောင်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၉-၂၀၁၄ (သောကြာနေ့) နံနက် ၆း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေအဘေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဦးထိန်ဝင်း(ခ)ဟယ်ရီစိန်
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း(လွှစွယ်လမ်း)၊ အမှတ်(၂၀၆)၊ ပထမထပ်(ဝဲ)နေ ဦးဟိုစိန်-ဒေါ်ကျင်ကော်တို့၏သား၊ (ဒေါ်စမ်းစမ်း)၊ (ဦးမောင်ခင်)-ဒေါ်လွင်လွင်ခိုင်၊ ဦးစိန်-ဒေါ်တင်မာလေး (ရွှေယမင်းရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)တို့၏သို၊ ဒေါ်နီနီမော်( EXCELLENT ရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)၏အစ်ကို၊ ဝူ/ဘူမ ခုနစ်ယောက်တို့၏ ဦးလေးသည် ၁၇-၉-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃းခဝနာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်ဟအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
**Dr. စိုင်းကျော်စိန် M.B,B.S(Mdy)**
**အသက်(၆၇)နှစ်**

အလွန်စိတ်သဘောထားကောင်းမွန်သော သူငယ်ချင်း ဒေါက်တာစိုင်းကျော်စိန်သည် ၁၀-၉-၂၀၁၄ရက်တွင် ဆာကူရာဆေးရုံ၌ ခရစ်တော်၌ဘုန်းတော်ဝင်စားသွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ (၁၉၆၆-၁၉၇၃)**
**ဆေးတက္ကသိုလ်၊ မန္တလေး**

### ဦးအေးနိုင်(ခ)ဦးအေးမင်း
**အရာခံဗိုလ်(စာရေး)-ငြိမ်း**
**အသက် (၈၃)နှစ်**

မြင်းခြံမြို့နေ (ဦးဘအေး-ဒေါ်စု)တို့၏သား၊ [ဒေါ်မြင့်မြင့်ကြည်(ခ) ဒေါ်သန်းသန်းထိုက်]၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ဒဏ်ဖြေ့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်တွက်၊ ဖိုးမခလမ်း၊ အမှတ် (၃၃၈)ခ)နေ ဒုအရာခံ ဗိုလ် စိန်သန်း(ငြိမ်း)-ဒေါ်အေးအေးကျော့ (လယ်/မြ-ငြိမ်း)၊ အမက-၁၁၊ လခွဲ၊ ရန်ကင်းမြို့နယ်)၊ ဒေါ်စုစုဝေ၊ တပ်ကြပ်ကြီးဇော်ဇော် (ထပရ-၂၂၂)-ဒေါ်မြင့်မြင့်ကြည်၊ (တပ်ကြပ်ကြီး ထွန်းမြင့်နိုင်)-ဒေါ်မာမာဝေတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး ဦးအေးနိုင်(ခ)ဦးအေးမင်းသည် ၁၈-၉-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၁၄ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

### ဦးမိုးမြင့်သူ(ပုံရွာ)အသက်(၇၀)
**ဌာနခွဲမှူး၊ M.P.P.E (ငြိမ်း)**

ပုံရွာမြို့နေ (ဦးဘသူ-ဒေါ်မြကြွေ)တို့၏သားငယ်၊ ပုသိမ်မြို့နေ (ဦးချစ်မြင့်-ဒေါ်အေးချစ်)တို့၏ သားသမက်၊ မန္တလေးမြို့၊ တံပွတိ ချိုပါရပ်ကွက်နေ ဒေါ်ခင်ဌေးရီ(ခ)ဒေါ်ဘောဘီ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအောင်စည်သူ (M.P.P.E)-ဒေါ်မြင့်မြင့်ရီ၊ (ဦးဖြိုးစည်သူ)-ဒေါ်အိအိခိုင်၊ (ဦးရဲစည်သူ)-ဒေါ်တင်တင်ဝင်း၊ ဒေါ်ဇာခြည်မိုးမိုးမြင့် (ရေအားလျှပ်စစ်၊ ရဲရွာ)တို့၏ ဖခင်၊ မောင်ပိုင်မိုးခန့်၊ မောင်ရဲဝင်းနိုင်တို့၏ အဘိုး ဦးမိုးမြင့်သူသည် ၁၈-၉-၂၀၁၄ (ကြာသပတေးနေ့) ည ၁၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၁၄(စနေနေ့) မွန်းလွဲ ၁နာရီတွင် တောင်အင်းမြောက် အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်ကျောင်း၊ဒါယိကာမကြီး
**ဒေါ်တင်တင်အေး**
**အသက်(၆၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ်(၂၈)နေ (ဦးကျင်ဖြိုင်-ဒေါ်ကျင်ခိုင်)တို့၏သမီး၊ (ဦးအောင်လှ-ဒေါ်တင်)တို့၏ သမီးခွေးမ၊ (ဦးခင်မောင်ရီ)-ဒေါ်စန်းစန်းမြင့်တို့၏ ညီမ၊ ဦးဘုန်းမြင့်-ဒေါ်တင်တင်ထွေးတို့၏ အစ်မ၊ ဦးအောင်ကျော်ဇော်၏ ချစ်လှစွာသောဇနီး၊ မစန္ဒာဝင်း၊ မောင်သက်ထူး အောင်တို့၏ မိခင်၊ မောင်သူရဇော်၏ အဒေါ်သည် ၁၈-၉-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၆း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၄ (စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန်၊ တံတိုင်းနှင့် မြဂုဏ်ရောင်အဂ္ဂမဟာသာသနာ့ဝိဟာန်တော်ကြီး၏ ဒါယိကာကြီး
### ဦးခင်မောင်သန်း(မြဂုဏ်ရောင်အထည်ဆိုင်ပိုင်ရှင်)
**အသက်(၆၅)နှစ်**

မန္တလေးမြို့၊ (၇၃)လမ်း၊ (၂၉×၃၀)လမ်းကြားနေ [ဦးမြမောင်-ဒေါ်တင်တင် (မြဂုဏ်ရောင်အထည်ထိုက်)]တို့၏သား၊သမက်၊ မိုးကုတ်မြို့၊ မြို့မရပ်နေ ဦးညိ-ဒေါ်ငယ်) (ရွှေမန်းအောင်ပါစေ)တို့၏သားသမက်၊ မိုးကုတ်မြို့၊ မြို့မရပ်နေ ဦးခင်မောင်ကြည်-ဒေါ်ချစ်ချစ်၊ မန္တလေးမြို့နေ ဦးအေးကို-ဒေါ်နုနုတို့၏မောင်၊ ဦးခင်မောင်ဆွေ-ဒေါ်မြိုးမိုး၊ ဦးခင်မောင်ဝေ-ဒေါ်မြိုးစန္ဒာတို့၏အစ်ကို၊ မတင်ချမ်းမြင့်(ခ) မအမိမ်း၊ ဒေါက်တာကောင်းပြည့်လျှံ၊ မမြဂုဏ်ရည်သန့်တို့၏ဖခင်၊ မောင်လင်းခန့်အောင်၊ မမြကြယ်စင်ဂုဏ်တို့၏အဘိုး၊ သုမမွယ်ဂီ ဒေါ်ခင်ရွှေဦး(ခ) ဒေါ်ထွေးထွေး၏ခင်ပွန်းသည် ၁၈-၉-၂၀၁၄(ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၄ (စနေနေ့) နံနက် ၁၁ နာရီတွင် (၇၃)လမ်း၊ (၂၉×၃၀) လမ်းကြား၊ အမှတ်(၁၂၄) နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်ဟ အပေါင်းအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
**ဒေါ်ကြည်ကြည်စိန် (၈၅)နှစ်**

ရန်ကုန်မြို့၊ (၃၀/၁၂)၊ မြတ်သီရိလမ်း၊ V.I.P ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေ (ဦးမောင်ဘ-ဒေါ်သာတင့်)တို့၏ သမီးကြီး၊ (ဦးရွှေသာအောင်-ဒေါ်ကြင်ဇဝ်ဖြူ)တို့၏ သမီးခွေးမ၊ [ဦးစံရွှေအောင် (အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်-ငြိမ်း)၏ဇနီး၊ (ဦးကျော်)-ဒေါ်မြမြ၊ ဦးကျော်မြသိန်း-ဒေါ်စန်းစန်းမြင့်၊ ဦးစံကျော်မောင်-ဒေါ်ခင်ခင်တို့၏အစ်မကြီး၊ ဦးအောင်ကြည်ဝင်း (အလုပ်ရုံခွဲမှူး-စက်မှု-၁၊ ငြိမ်း)-ဒေါ်နုနုဝေ(မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်-ငြိမ်း) ဦးအောင်ကျော်မြင့်(ညွှန်ကြားရေးမှူး၊ ဟိုတယ်/ခရီးငြိမ်း)တို့၏ ကျေးဇူးရှင်မွေးသမိခင်သည် ၁၈-၉-၂၀၁၄(ကြာသပတေးနေ့) ညနေ ၆း၀၅နာရီတွင် ဝိတိရိုရပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၄(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
**ဒေါ်ရင်(ပြည်) (၉၆)နှစ်**

ပြည်မြို့၊ ရွှေရုပ်ကွက်၊ လမ်းရှည်လမ်း၊ အမှတ်(၃၇၃)နေ (ဦးမောင်စိန်)၏ဇနီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်နေ ဦးသိန်းဝင်း-ဒေါ်ညွှန့်ကြည်၊ ပြည်မြို့၊ လမ်းမတော်လမ်းနေ ဦးကျော်မြင့်-ဒေါ်အေးအေးနွယ်(သမြတေးသံသွင်း)၊ ပြည်မြို့၊ လမ်းရှည်လမ်းနေ ဦးစန်းမောင်-ဒေါ်အုန်းနွဲ့(စင်ကာပူအားကစားဝတ်စုံချုပ်လုပ်နန်း)ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်နေ ဦးစန်းအောင်-ဒေါ်သင်းသင်းချို (မြန်မာ့နဝရတ်မျက်မှန်) ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာကွန်ပ်ဒေါ်နေ ဦးခင်မောင်ထွေး-ဒေါ်မြခင်(မြန်မာ့နဝရတ်မျက်မှန်)၊ အိမ်လုံးမွှေးနှင်ရွှေဝါ၊ ခေါက်ဆွဲကြာဆံလုပ်ငန်း)၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ကွက်သစ်ရပ်ကွက်နေ ဦးခင်မောင်ဌေး-ဒေါ်တင်တင်ဦး (မြန်မာ့နဝရတ်မျက်မှန်နှင့် နဝရတ်ဦးရှင်းမျက်မှန်)တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၇ယောက်၊ မြစ်လေးယောက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ရန်သည် ၁၈-၉-၂၀၁၄(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၉-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ ပြည်မြို့ အေးပြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက် ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် အမှတ်(၃၇၃)၊ လမ်းရှည်လမ်း၊ ရွှေရုပ်ကွက်၊ ပြည်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဦးဝင်းအောင် (၉၁)နှစ်
**လက်ထောက်စာရင်းအင်းမှူး၊ ဗဟိုစာရင်းအင်းရုံး(ငြိမ်း)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၇) ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် (၂၅)၊ အခန်း(၂၄)နေ (ဦးသင်းဖေ-ဒေါ်အေးရင်)တို့၏သား၊ (ဒေါ်နင်းရီ)၏ခင်ပွန်း၊ (ဦးကျော်သိမ်း-ဒေါ်စန်းရင်)၊ (ဒေါ်ထွန်းတင်)တို့၏မောင်၊ (ဦးမြင့်သိန်း- ဒေါ်မြင့်မြင့်သွယ်)တို့၏အစ်ကို၊ ဦးဇော်ဝင်းအောင်-ဒေါ်နီလာသွင်(USA)၊ ဦးကျော်ဝင်းအောင် (C/O St-John Co.)- ဒေါ်ဇင်မာခိုင်၊ ဦးသော်တာအောင်(တကက-ငြိမ်း)၊ (ဦးလွှမ်းမိုယ်းအောင်)၊ ဦးဇံဝင်းမောင်- မသင်းသင်းအေး(USA)တို့၏ဖခင်၊ ဦးထွန်းမျိုးဟန်-ဒေါ်တင်မာဘိမ်း(USA)၊ ဦးမြဝင်း-ဒေါ်ကြင်ကြင်ငြိမ်း(USA)၊ ဒေါ်ကျင်ကျင်သိန်း၊ ဦးပြည်ညိမ်း-ဒေါ်ခင်မေဆွေ(USA)၊ (ဦးအောင်ကျော်သိန်း)တို့၏ ဦးငယ်၊ မြေး ၁၇ယောက်တို့၏အဘိုး ဦးဝင်းအောင်သည် ၁၈-၉-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၆းခဝနာရီတွင် အလွှာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း ဒေါ်တင်ညွှန့်(ခ)ရဟီမာဘီ (၇၉)နှစ် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၇၇)၊ ဒုတိယထပ်(ဝဲ)နေ ဦးအောင်သိန်း-ဒေါ်ခင်ကြည်)တို့၏ သမီးကြီး၊ ဒေါ်တင်အေး၊ (ဦးအေးမောင်)-ဒေါ်သန်းအေး၊ ဒေါ်တင်တင်-ဦးဒွေး၊ ဟာဂျီ ဒေါက်တာခင်မောင်လွင်-ဒေါ်လှလှဝင်း၊ ဒေါက်တာမော်မော်အောင်-ဦးအန်းတင် (ဒေါ်အေမီအောင်သိန်း)တို့၏ အစ်မကြီး၊ ကိုကျော်လွင်ဦး-မမေသင်းစိုး၊ ဟာဂျီကိုသက်ဝေ လွင်-မအိဇာဇာဇော်၊ ကိုအောင်မိုးလွင်-မသင်းသင်းအိ၊ မခင်သန္ဓာဝင်း၊ မောင်မြတ်သူရတို့၏အဒေါ်၊ ယွန်းအိသက်ဝေ၊ မောင်ဝေယံမိုး၊ မောင်ဇွဲဝေယံတို့၏ အဘွား ဒေါ်တင်ညွှန့်သည် ၁၉-၉-၂၀၁၄ (သောကြာနေ့) နံနက် ၆း၃၀နာရီတွင် အလွှာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ရေဝေး မွန်းလင်ဥယျာဉ် ကဘာရစ်စတန်၌ ဇဝိုရိဆွလာသံအပြီး ဒါဖွာနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်ဟ မများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန်၊ တံတိုင်းနှင့် မြဂုဏ်ရောင်အဂ္ဂမဟာသာသနာ့ဝိဟာန်တော်ကြီး၏ ဒါယိကာကြီး
### ဦးခင်မောင်သန်း(မြဂုဏ်ရောင်အထည်ဆိုင်ပိုင်ရှင်)
**အသက်(၆၅)နှစ်**

မန္တလေးမြို့၊ (၇၃)လမ်း၊ (၂၉×၃၀)လမ်းကြားနေ [ဦးမြမောင်-ဒေါ်တင်တင် (မြဂုဏ်ရောင်အထည်ထိုက်)]တို့၏သား၊သမက်၊ မိုးကုတ်မြို့၊ မြို့မရပ်နေ ဦးညိ-ဒေါ်ငယ်) (ရွှေမန်းအောင်ပါစေ)တို့၏သားသမက်၊ မိုးကုတ်မြို့၊ မြို့မရပ်နေ ဦးခင်မောင်ကြည်-ဒေါ်ချစ်ချစ်၊ မန္တလေးမြို့နေ ဦးအေးကို-ဒေါ်နုနုတို့၏မောင်၊ ဦးခင်မောင်ဆွေ-ဒေါ်မြိုးမိုး၊ ဦးခင်မောင်ဝေ-ဒေါ်မြိုးစန္ဒာတို့၏အစ်ကို၊ မတင်ချမ်းမြင့်(ခ) မအမိမ်း၊ ဒေါက်တာကောင်းပြည့်လျှံ၊ မမြဂုဏ်ရည်သန့်တို့၏ဖခင်၊ မောင်လင်းခန့်အောင်၊ မမြကြယ်စင်ဂုဏ်တို့၏အဘိုး၊ သုမမွယ်ဂီ ဒေါ်ခင်ရွှေဦး(ခ) ဒေါ်ထွေးထွေး၏ခင်ပွန်းသည် ၁၈-၉-၂၀၁၄(ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၄ (စနေနေ့) နံနက် ၁၁ နာရီတွင် (၇၃)လမ်း၊ (၂၉×၃၀) လမ်းကြား၊ အမှတ်(၁၂၄) နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်ဟ အပေါင်းအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
**ဒေါ်ကြည်ကြည်စိန် (၈၅)နှစ်**

ရန်ကုန်မြို့၊ (၃၀/၁၂)၊ မြတ်သီရိလမ်း၊ V.I.P ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေ (ဦးမောင်ဘ-ဒေါ်သာတင့်)တို့၏ သမီးကြီး၊ (ဦးရွှေသာအောင်-ဒေါ်ကြင်ဇဝ်ဖြူ)တို့၏ သမီးခွေးမ၊ [ဦးစံရွှေအောင် (အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်-ငြိမ်း)၏ဇနီး၊ (ဦးကျော်)-ဒေါ်မြမြ၊ ဦးကျော်မြသိန်း-ဒေါ်စန်းစန်းမြင့်၊ ဦးစံကျော်မောင်-ဒေါ်ခင်ခင်တို့၏အစ်မကြီး၊ ဦးအောင်ကြည်ဝင်း (အလုပ်ရုံခွဲမှူး-စက်မှု-၁၊ ငြိမ်း)-ဒေါ်နုနုဝေ(မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်-ငြိမ်း) ဦးအောင်ကျော်မြင့်(ညွှန်ကြားရေးမှူး၊ ဟိုတယ်/ခရီးငြိမ်း)တို့၏ ကျေးဇူးရှင်မွေးသမိခင်သည် ၁၈-၉-၂၀၁၄(ကြာသပတေးနေ့) ညနေ ၆း၀၅နာရီတွင် ဝိတိရိုရပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၄(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### အလွှာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
### ဒေါ်တင်ညွှန့်(ခ)ရဟီမာဘီ (၇၉)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၇၇)၊ ဒုတိယထပ်(ဝဲ)နေ်းနေ (ဦးအောင်သိန်း-ဒေါ်ခင်ကြည်)တို့၏ သမီးကြီး၊ ဒေါ်တင်အေး၊ (ဦးအေးမောင်)-ဒေါ်သန်းအေး၊ ဒေါ်တင်တင်-ဦးဒွေး၊ ဟာဂျီ ဒေါက်တာခင်မောင်လွင်-ဒေါ်လှလှဝင်း၊ ဒေါက်တာမော်မော်အောင်-ဦးအန်းတင် (ဒေါ်အေမီအောင်သိန်း)တို့၏ အစ်မကြီး၊ ကိုကျော်လွင်ဦး-မမေသင်းစိုး၊ ဟာဂျီကိုသက်ဝေ လွင်-မအိဇာဇာဇော်၊ ကိုအောင်မိုးလွင်-မသင်းသင်းအိ၊ မခင်သန္ဓာဝင်း၊ မောင်မြတ်သူရတို့၏အဒေါ်၊ ယွန်းအိသက်ဝေ၊ မောင်ဝေယံမိုး၊ မောင်ဇွဲဝေယံတို့၏ အဘွား ဒေါ်တင်ညွှန့်သည် ၁၉-၉-၂၀၁၄ (သောကြာနေ့) နံနက် ၆း၃၀နာရီတွင် အလွှာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ရေဝေး မွန်းလင်ဥယျာဉ် ကဘာရစ်စတန်၌ ဇဝိုရိဆွလာသံအပြီး ဒါဖွာနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်ဟ မများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဗိုလ်ကြီးဟန်ထွန်းမြင့်
**(ကြည်း-၃၆၇၉၃)**
**အသက်(၃၉)နှစ်**
**ဗသက(၁၀၆)**

ပုသိမ်မြို့၊ အမှတ်(၆၇)၊ နှစ်ကျိပ်ရှစ်ဆူဘုရားလမ်းနေ ဦးသောင်းထွန်း-(ဒေါ်ကျင်သီ)တို့၏သား၊ ဟိုင်းကြီးကျွန်းမြို့နေ (ဦးသန်းရွှေ)-ဒေါ်သိန်းတို့၏ သားသမက်၊ အုတ်တွင်းနေ ဒေါ်ခင်စောသန်း၏ခင်ပွန်း၊ မောင်အောင်ပိုင်ထွန်း၊ မထက်သဥ္ဓာသန်းတို့၏ဖခင်၊ ဒေါ်ချိုမာထွန်း၊ ဒုအရာခံဗိုလ်သက်ဇင်ဦး(နေ-တ-ခ)-ဒေါ်ပိုပိုထွန်း(ထ-ဂ)၊ ဦးဝင်းမြင့်ဇော်(မြို့နယ်အုပ်ချုပ်ရေးမှူး/လျှပ်စစ်)-ဒေါ်ဖြူဖြူထွန်း၊ ဗဇာမျိုးအောင်(ပညရ-၄)-ဒေါ်လှလှဝင်းတို့၏မောင်၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးလေးသည် ၁၉-၉-၂၀၁၄ ရက် နံနက် ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀၆)၌ ငြိမ်းအေးဇရပ်မှ မဂ်လာဒုံစစ်သချီးသို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး
### ဦးခင်ကြည်(ဗန်မော်) (၈၃)နှစ်
**ကျောင်းဆရာမ(ငြိမ်း)**
**အထက(၁)၊ ဗန်းမော်**

(ဦးဂွတ်-ဒေါ်မယ်ခင်)တို့၏သမီးကြီး၊ ဦးစံဌေး၊ နော်ချယ်ရီ(သူနာပြုဆရာမကြီး-ငြိမ်း)၊ စောစဝင်း(အထက-၁မရမ်းကုန်း)၊ နော်အေးအေး(အထက-၂မရမ်းကုန်း)၊ ဦးအောင်ကြီးတို့၏ မိခင်သည် ၁၈-၉-၂၀၁၄ရက် ညနေ ၄း၄၂ နာရီတွင် ခဝဲမြ(၁)လမ်း၊ အမှတ်(၅၉၈)၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၉-၂၀၁၄ (စနေနေ့) နံနက် ၁၀နာရီတွင် သပိုင်းကရင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုဝယ္ယာဉ်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
### ဒေါ်ခင်ကြည်(ဗန်မော်) (၈၃)နှစ်
**ကျောင်းဆရာမ(ငြိမ်း)**
**အထက(၁)၊ ဗန်းမော်**

(ဦးဂွတ်-ဒေါ်မယ်ခင်)တို့၏သမီးကြီး၊ ဦးစံဌေး၊ နော်ချယ်ရီ(သူနာပြုဆရာမကြီး-ငြိမ်း)၊ စောစဝင်း(အထက-၁မရမ်းကုန်း)၊ နော်အေးအေး(အထက-၂မရမ်းကုန်း)၊ ဦးအောင်ကြီးတို့၏ မိခင်သည် ၁၈-၉-၂၀၁၄ရက် ညနေ ၄း၄၂ နာရီတွင် ခဝဲမြ(၁)လမ်း၊ အမှတ်(၅၉၈)၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၉-၂၀၁၄ (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအဘေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဒေါ်ရီရီအေး(ခ)မော်လီတင်
**အသက် (၇၃)နှစ်**
**(ထားဝယ်/မွန်)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း အမှတ်(၁၁၆)နေ ဦးစံမြင့် (နိုင်ငံခြားဝန်ကြီးဌာန-ငြိမ်း)၏ ဇနီး၊ Oliver Ligot (ခ)ဦးသီဟ-ဒေါ်အေးအေးသန်းမြင့်၊ [ဦးကျော်ကျော်မြင့် (နိုင်ငံခြားရေးဝန်ကြီးဌာန)]-ဒေါ်ခင်အေးအေးမြိုင်၊ ဦးကိုကိုမြင့် [Pelatron Inc (Myanmar)]၊ ဦးမောင်မောင်မြင့် (ဧည့်လမ်းညွှန်)-ဒေါ်နှင်းနှင့်အေး(Yuzana Plaza, Office)တို့၏ ကျေးဇူးရှင် မိခင်ကြီး၊ Maykala Ligot၊ မောင်ဟိန်းသန့်ထူး (ILBC Secondary-II)၊ မနှင်းယမုန်ဖူး၊ မရှင်းသီရီမွန်တို့၏အဘွားသည် ၁၈-၉-၂၀၁၄ရက် ည ၈းဌ၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၄ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နှ၂

# စစ်ဘက်နယ်ဘက် အရာရှိကြီးများ မွေးထုတ်ပေးရန် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

အနာဂတ်နိုင်ငံတော်နှင့် တပ်မတော်အတွက် ကာကွယ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးဟူသည့် အမြင် (၄)မြင်နှင့် ပြည့်စုံသည့် စစ်ဘက်နယ်ဘက်အရာရှိကြီးများ မွေးထုတ်ပေးရန် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံအတွက် ကာကွယ်ရေးသည် လွန်စွာအရေးကြီးကြောင်း၊ တစ်ချိန်က ကိုလိုနီဖြစ်ခဲ့ရသည့် မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် အဓိကကျကြောင်း၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့**

# ပျောက်ဆုံးနေသော တောင်တက်သမားနှစ်ဦးကို ရှာဖွေရန် ထိုင်း၊ တရုတ်၊ အမေရိကန်၊ နီပေါ လေးနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန် စက်တင်ဘာ ၁၉**

အရှေ့တောင်အာရှနှင့် မြန်မာနိုင်ငံ၏ အမြင့်မားဆုံးတောင်ဖြစ်သော ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းမြို့နယ်ရှိ ခါကာဘိုရာဇီ ရေခဲတောင်ထိပ်သို့ ဩဂုတ် ၃၁ ရက်ညနေ ၄ နာရီမိနစ် ၂၀ က တက္ကသိုလ်ခြေလျင်တောင်တက်အသင်းသဘာဝခေါ်သံဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံသား တောင်တက်အဖွဲ့ဝင် ကိုအောင်မြင့်မြတ်နှင့် ကိုဝေယံမင်းသူတို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့ပြီး အဆင်းခရီးတွင် ဆက်သွယ်ရေးကိရိယာ ဘက်ထရီအားကုန်သွားသဖြင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကာ ပျောက်ဆုံးနေသည်မှာ ရက်(၂၀)နီးပါးခန့် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ၎င်းတို့နှစ်ဦးကို ရှာဖွေရန် ပူတာအိုအခြေစိုက် စစ်ဗျူဟာမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး၊ မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်နှင့်ထူးဖောင်ဒေးရှင်းနာယက ဦးတေဇကိုယ်တိုင် ဦးဆောင်၍ တာဝန်ရှိသူများ၊ အဖွဲ့ဝင်များ၊ တက္ကသိုလ်ခြေလျင်နှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့**

*ပျောက်ဆုံးနေသော တောင်တက်သမား ကိုဝေယံမင်းသူ ၀မ္မယာ (ဒုတိယ)နှင့် ကိုအောင်မြင့်မြတ် (စတုတ္ထ)တို့အား လမ်းပြအဖွဲ့ဝင်များနှင့်အတူ စတင်တက်ရောက်သည့်နေ့က ခါကာဘိုရာဇီတောင်ခြေ အခြေစိုက်စခန်းတွင် တွေ့ရစဉ်။*

## ယနေ့ မာတိကာ


**သဘာဝဘေးအန္တရာယ် ပြင်ဆင်ကာကွယ်**

*စာမျက်နှာ ၁*

**အကြမ်းဖက်ဝါဒသည် နိုင်ငံတော်၏ ရန်သူဖြစ်သည်။**

*စာမျက်နှာ ၆ - ၇*

**သမိုင်းအထောက်အထား ရှေပေလွှာ**

*စာမျက်နှာ ၉*

**ပရီမီယာလီဂ် ရင်ခုန်သံ - ၅**

*စာမျက်နှာ ၁၃*


## ဘဏ်လားပင်လယ်အော် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၉**

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘဏ်လားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘဏ်လားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘဏ်လားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘဏ်လားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။

# ဒုတိယပိုင်း သွင်းဂိုးများဖြင့် Southern အသင်း အနိုင်ရ

*သတင်းနှင့်ဓာတ်ပုံ - ရွှိုင်းထက်ဇော်*

**ရန်ကုန် စက်တင်ဘာ ၁၉**

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၂၁) ပထမနေ့အဖြစ် Southern အသင်းနှင့် မနောမြေအသင်းတို့သည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ**(ယာပုံ)** Southern အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**Southern - နှစ်ဂိုး**

(စိုးကျော်သူနှင့် ကျော်ဇင်ဝင်း)

**မနောမြေ - တစ်ဂိုး**

(အက်စလေ-ပင်နယ်တီ)

